# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ သောကြာနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၆၅]


**ဝီရိယနှင့် ဆန္ဒအကျိုး**

**ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

**ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။**

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။

(မူလဋီ၊ ၃၊ ၁၆၉။)

# နိုင်ငံတကာအကူအညီနှင့်ချေးငွေများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်သည့် ဘဏ္ဍာငွေ အရင်းအမြစ်များအဖြစ် တိုးပွားလာခဲ့ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၃

**နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲမှုဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ယာပုံ)

အစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယ စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရသည် ၂၀၁၁ ခုနှစ် စတင်တာဝန်ယူခဲ့သည့်အချိန်မှစ၍ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန်နှင့် ပြည်သူတစ်ရပ်လုံး ရရှိခံစားနိုင်မည့် ပြည်သူလူထုအခြေပြု ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင် (Framework on Economic and Social Reform-FESR)ကို ရေးဆွဲခဲ့ကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲမှု၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး

*စာမျက်နှာ ၈ ကော်လံ ၁* ✳



**ငွေကြေးပစ္စည်းနှင့် နည်းပညာအကူအညီအထောက်အပံ့များ၊ ချေးငွေများကို စနစ်တကျရယူဆောင်ရွက်ခဲ့ကြရာတွင် မိမိတို့၏ အစိုးရသက်တမ်းကာလအတွင်း ပြီးစီးခဲ့သည့်လုပ်ငန်းများ ရှိသကဲ့သို့ နောင်ကာလများတွင် ဆက်လက်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကျန်ရှိနေသေးသည်ကို တွေ့ရှိရ။**

## မြန်မာနိုင်ငံခရီးသွားဖွံ့ဖြိုးမှု အထောက်အကူဖြစ်စေမည့် ပထမဆုံး အွန်လိုင်းဟိုတယ် ဘိုကင်ဝက်ဘ်ဆိုက် စတင်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ၏ ခရီးသွားဝန်ဆောင်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ပထမဆုံးအွန်လိုင်း ဟိုတယ်ဘိုကင်ဝက်ဘ်ဆိုက်ကို ပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင်ပြေစေရန် ယခုလမှစတင်၍ ဝန်ဆောင်မှုပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

ယခုမြန်မာနိုင်ငံတွင် ပထမဆုံး အကောင်အထည်ဖော်မည့် အွန်လိုင်းဟိုတယ် ဘိုကင်ဝက်ဘ်ဆိုက်နာမည်မှာ Jovago.Com သာဖြစ်ပြီး ၎င်းသည်လက်ရှိတွင် အာဖရိကနိုင်ငံပေါင်း ၄၀ ကျော်နှင့် အာရှဒေသ၏ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် လုပ်ငန်းအကောင်အထည်ဖော်ဝန်ဆောင်မှုပေးလျက်ရှိပြီး ယခုမြန်မာနိုင်ငံတွင်မူ အာရှတိုက်၏ တတိယမြောက်ဝက်ဘ်ဆိုက်ကို စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

## ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရစနစ်နဲ့သွားတဲ့ နောက်ပိုင်းကာလကစပြီးတော့ ပြည်ပချေးငွေများအားလုံးသည် လွှတ်တော်ရဲ့ အတည်ပြုချက်ရရှိပြီးမှ ချေးနိုင်တာဖြစ်ပါတယ်

ဦးမောင်မောင်ဝင်း (အမြဲတမ်းအတွင်းဝန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန)

စာမျက်နှာ-၁၁




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## ပို့ကုန်နှင့် ကုန်ဈေးနှုန်း

ပြည်တွင်း ကုန်ဈေးနှုန်းတည်ငြိမ်ရေးသည် ပြည်ပပို့ကုန်များအပေါ်တွင်လည်း တည်မှီလျက်ရှိပါသည်။ ယခုအခါ တံခါးဖွင့်စီးပွားရေးအရ ပို့ကုန်များတင်ပို့မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပဝင်ငွေတိုးတက်ရရှိရေး၊ ပို့ကုန်ပစ္စည်းအမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးသည် အဓိကအရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပို့ကုန်မြင့်မားပါမှ သွင်းကုန်အပေါ် ကုန်ကျစရိတ်များကာမိစေမည် ဖြစ်ပါသည်။ ပို့ကုန်နှင့်သွင်းကုန်သည် မျှတနေရမည်ဖြစ်ပါသည်။

သို့ရာတွင် ပို့ကုန်များတင်ပို့ရာ၌ ပြည်တွင်းစားသုံးသူဈေးကွက်နှင့်ချိတ်ဆက်နေ၍ ချင့်ချိန်တွက်ဆလုပ်ကိုင်ရသည့်သဘောရှိပါသည်။ ပို့ကုန်များ အဆမတန်များပြားသွားလျှင် ပြည်တွင်းစားသုံးသူဈေးကွက်အတွင်း ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ တစ်ဖန် ပြည်တွင်းကုန်ဈေးနှုန်းကြီးမြင့်မှု တစ်ခုတည်းကိုသာကြည့်နေလျှင် ပို့ကုန်ကျဆင်း၍ ပြည်ပဝင်ငွေရရှိမှု လျော့နည်းနိုင်ပါသည်။ "ရှည်လည်းလျှောက်သာ ပျားလည်းစွဲသာ" ဆိုသည့်စကားအတိုင်း ပြည်တွင်းကုန်ဈေးနှုန်းလည်း တည်ငြိမ်အောင် လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ ပို့ကုန်လည်း မြင့်မားအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပို့ကုန်နှင့် ပြည်တွင်းကုန်ဈေးနှုန်းသည် အပြန်အလှန်ထိန်းညှိဆောင်ရွက်ရမည့်သဘောရှိပါသည်။

ထို့ကြောင့်လည်း ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ အစည်းအဝေးများကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ယခု ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ (၂၄)ကြိမ် ပြုလုပ်ခဲ့ပြီး ဆုံးဖြတ်ချက်နှင့်ဖော်ထုတ်ချက်ပေါင်း အခု ၃၆၀ ချမှတ်နိုင်ခဲ့ကာ ကုန်သွယ်မှုပမာဏတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေး၊ ကုန်စည်ထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးတို့ကို အလေးထား ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရပါသည်။ ဤသို့အစည်းအဝေးများက ချမှတ်ထုတ်ပြန်ချက်များသည် ပို့ကုန်နှင့်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ယခုနှစ် မိုးရာသီကာလအတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များ၏ အကျိုးဆက်အဖြစ် စပါးနှင့်ကြက်သွန်နီအပါအဝင် လယ်ယာထွက်ကုန်များ ကျဆင်းခဲ့ပြီး ပြည်ပပို့ကုန်တင်ပို့မှုသာမက ပြည်တွင်းကုန်ဈေးနှုန်းကိုပါ ရိုက်ခတ်စေခဲ့ပါသည်။ သို့သော်လည်း မကြာမီကာလအတွင်း မိုးစပါးနှင့် ဆောင်းကြက်သွန်များအပါအဝင် ပဲအမျိုးမျိုးနှင့် ဆောင်းသီးနှံများ လှိုင်လှိုင်ပေါ်တော့မည်ဖြစ်၍ ကုန်ဈေးနှုန်းကြီးမြင့်မှုအကျပ်အတည်းမှ လွတ်မြောက်တော့မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် ပြည်တွင်းပို့ကုန်တင်ပို့သူ စီးပွားရေးလုပ်ငန်းရှင်များကလည်း မိမိတို့၏ အကျိုးစီးပွားတစ်ခုတည်းကိုသာမကြည့်ဘဲ ပြည်တွင်းကုန်ဈေးနှုန်းကို မျက်ခြည်မပြတ်အကဲခတ်၍ ပို့ကုန်တင်ပို့ရေးလုပ်ငန်းကို ဆောင်ရွက်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့် ကုန်ကျရန်လျာထားသည့်အတွက် ကလေးတစ်ဦးကို ခုနစ်ဒေါ်လာခန့် ကုန်ကျခံသွားမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၃**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းကို အာဆီယံနိုင်ငံများ၏ အဆင့်အတန်းနှင့် နိုင်ငံတကာအဆင့်အတန်းမီအောင် တိုးတက်မြင့်မားလာစေရေး၊ နိုင်ငံတော်၏ ဦးစားပေးကျန်းမာရေး ပြဿနာများကိုဖြေရှင်းနိုင်ရေး၊ မြို့ပြနှင့် ကျေးလက်ဒေသ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်လျော့နည်းစေရေး၊ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ ပြည့်မီရေး၊ ပြည်သူ့ဗဟိုပြုကျန်းမာရေးဝန်ဆောင်မှုစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေး စသည့်မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနတွင် ကျင်းပသော "ပုံမှန်ကာကွယ် ဆေးထိုးအစီအစဉ်တွင် ပိုလီယိုကာကွယ်ဆေး ထိုးဆေးအသစ် ထည့်သွင်းထိုးနှံခြင်း အထိမ်းအမှတ်အခမ်းအနား" တွင် ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကျန်းမာရေးအသုံးစရိတ်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ယခင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ကထက် ၈ ဒသမ ၇ ဆခန့် ပိုမိုသုံးစွဲနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် ၂၀၁၅ ခုနှစ် မေလမှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးငယ်များအား ကူးစက်ရောဂါပိုးကိုးမျိုးမှ ကင်းဝေးစေရေးအတွက် ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးပေးလျက်ရှိပါကြောင်း။

ပိုလီယိုကာကွယ်ဆေးမပေါ်မီက ကလေးအားလုံးလိုလို ပိုလီယိုရောဂါကူးစက်ခံရပြီး ကလေး ၂၀၀ တွင် တစ်ဦးမှာ အကြောသေရောဂါဖြစ်ပွားခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်တွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံမှာ ပိုလီယိုအရိုင်းပိုးကူးစက်ဖြစ်ပွားခဲ့ရာမှ ကလေးပေါင်း တစ်သိန်းသုံးသောင်းငါးထောင်ခန့်သည် အကြောသေပြီး မသန်စွမ်းသည့်ဘဝသို့ ရောက်ရှိခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် မေလတွင် ကျင်းပသော ကမ္ဘာ့ကျန်းမာရေးညီလာခံမှ ပိုလီယိုလုံးဝပပျောက်ရေးလုပ်ငန်း မဟာဗျူဟာစီမံကိန်း ၂၀၁၃ မှ ၂၀၁၈ Polio Eradication End Game Strategic Plan ၂၀၁၃-၂၀၁၈ ကို နည်းဗျူဟာလေးခုချမှတ်၍ ရေးဆွဲခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၁၅ခုနှစ်အတွင်း ပိုလီယိုအရိုင်းပိုးတွေ့ရှိသည့် နိုင်ငံနှစ်နိုင်ငံသာကျန်ရှိပြီး ဖြစ်ပွားသူ ၃၆ ဦးတွေ့ရှိသည်အထိ အောင်မြင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပိုလီယိုရောဂါကို ၂၀၁၈ ခုနှစ်တွင် တစ်ကမ္ဘာလုံးပပျောက်စေရန် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့် ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကို ပိုလီယိုရောဂါအရိုင်းပိုး လုံးဝကင်းစင်သည့်နိုင်ငံဖြစ်ကြောင်း ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုကြေညာမှုကို ရရှိခဲ့ပါကြောင်း၊ ထိုအခြေအနေကို ဆက်လက်ထိန်းသိမ်းသည့်အနေဖြင့် နည်းဗျူဟာများအနက် ပိုလီယိုရောဂါပိုး အမျိုးအစား သုံးမျိုးစလုံးပါဝင်သော Trivalent OPV (tOPV) ကို သုံးစွဲလျက်ရှိရာမှ ပိုလီယိုရောဂါပိုး အမျိုးအစား နှစ်မျိုးပါဝင်သော Bivalent OPV(bOPV) ကို ၂၀၁၆ ခုနှစ် ဧပြီလကုန်တွင် ပြောင်းလဲသုံးစွဲခြင်းနှင့် မပြောင်းလဲမီ ငါးလအလိုတွင် ပိုလီယိုရောဂါပိုး အမျိုးအစားသုံးမျိုးစလုံး ပါဝင်သော ပိုလီယိုကာကွယ်ဆေး ထိုးဆေး (Inactivated Polio Vaccine-IPV) ကို ထပ်မံထည့်သွင်းထိုးနှံခြင်း လုပ်ငန်းများ ပါဝင်ပါကြောင်း။

မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါကာကွယ်ဆေးထိုးဆေး (IPV)စတင်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်ရာတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ ပိုလီယိုကာကွယ်ဆေး ဒုတိယအကြိမ်ရရှိရန် လာရောက်သည့် အသက်လေးလအရွယ်ကလေးများအားစတင်၍ နောက်လများတွင် လစဉ်ဆက်လက်ထိုးနှံသွားမည် ဖြစ်ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ နိုင်ငံတော်အစိုးရ၏ ထည့်ဝင်ငွေနှင့် GAVI Vaccine Alliance တို့၏ ပံ့ပိုးငွေတို့ဖြင့် ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ကာကွယ်ဆေးအသစ်များ ပိုမိုထည့်သွင်းထိုးနှံနိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ်လ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်တွင် ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးအသစ် (Pneumococcal Conjugate Vaccine-PCV 10)ကို ထပ်မံထည့်သွင်းထိုးနှံသွားမည်ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်အစိုးရက ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကုန်ကျရန် လျာထားသည့်ငွေကြေးသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ သန်းခန့်ရှိသည့်အတွက် ကလေးတစ်ဦးအတွက် ခုနစ်ဒေါ်လာခန့် ကုန်ကျခံသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများက ပိုလီယိုကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေတို့အား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်သည့် ပြခန်းငယ်ကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ UNICEF၊ WHO နှင့် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၅ ကျပ် | ၇၂၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၈၀ ကျပ် | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၈၀ ကျပ် | ၇၃၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄·၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆·၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃·၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉·၄၅ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၄င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) | ဦးရဲနိုင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၃) | ဗိုလ်မှူးချုပ်ကိုကိုနိုင်<br>စစ်သံမှူး<br>စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ<br>မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံး<br>ကာကွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၄) | ဒေါက်တာသန်းထွဋ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး<br>ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၅) | ဦးဝင်းနောင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန |

# ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ပူးပေါင်း၍ အင်းဝဘဏ်လီမိတက်က အဓိကကူညီထောက်ပံ့သော ၂၀၁၅ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက် ပြိုင်ပွဲနောက်ဆုံးပွဲစဉ်(နေပြည်တော်)၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဂေါက်ကလပ်၌ ကျင်းပသည်။



အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါက်သီးရိုက် အားကစားသမားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား စတင်ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တီခုံအမှတ်(၁)၌ Smoke Ball နှင့် Colour Ball ကို ရိုက်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများက Colour Ball ကို ရိုက်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ယင်းနောက် ပါဝင်ယှဉ်ပြိုင် ကစားကြမည့် အားကစားသမားများက သတ်မှတ်တီခုံအသီးသီးတွင် ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် Professional အဆင့် ၂၉ ဦး၊ အပျော်တမ်းအဆင့် အမျိုးသား ၉၈ ဦး၊ အပျော်တမ်း အဆင့် အမျိုးသမီး ၂၁ ဦး စုစုပေါင်း အားကစားသမား ၁၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပထမနေ့ ၁၈ ကျင်းအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ သိန်းဇော်မြင့် (KM Golf Centre) က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက် လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၆၅ ချက်ဖြင့် ပထမ၊ ဇော်ဇော်လတ် (HAN Golf Academy) က သတ်မှတ်ရိုက်ချက်ထက် သုံးချက် လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၆၉ ချက်ဖြင့် ဒုတိယ၊ မျိုးဝင်းအောင် (PRGR)က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၇၀ ဖြင့် တတိယနေရာတွင်ရှိကြပြီး ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် ဟိန်းစည်သူက သတ်မှတ်ရိုက်ချက်ထက် လေးချက် လျှော့ရိုက်ကာ စုစုပေါင်း ရိုက်ချက် ၆၈ ချက်ဖြင့် ပထမ၊ စည်သူရဲရင့်က စုစုပေါင်းရိုက်ချက် ၇၂ ချက်ဖြင့် ဒုတိယနှင့် မောင်မောင်ဦးက စုစုပေါင်းရိုက်ချက် ၇၃ ချက်ဖြင့် တတိယအသီးသီးရရှိထားသည်။

၂၀၁၅ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို ဧရာဝတီဘဏ်က လည်းကောင်း၊ ဒုတိယပွဲစဉ်ကို မြဝတီဘဏ်က လည်းကောင်း၊ တတိယပွဲစဉ်ကို IBTC Foundation က လည်းကောင်း၊ စတုတ္ထပွဲစဉ်ကို KBZ ဘဏ်က လည်းကောင်း၊ ပဉ္စမပွဲစဉ်ကို CB ဘဏ်က လည်းကောင်း၊ ဆဋ္ဌမပွဲစဉ်ကို မြန်မာ့ရွှေဆောင်ဘဏ်က လည်းကောင်း၊ သတ္တမပွဲစဉ်ကို Phyo Si Thu Trading Co., Ltd က လည်းကောင်း၊ အဋ္ဌမပွဲစဉ်ကို ရွှေမန်းတောင် Group က လည်းကောင်း အဓိကကူညီပေးခဲ့ပြီး ယခုနောက်ဆုံးပွဲစဉ် အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အင်းဝဘဏ်လီမိတက်က အဓိက ကူညီခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



● ရှေ့ဖုံးမှ

ကမ္ဘာတစ်ဝန်းလုံးအနေဖြင့်မူ ယခု Jovago Myanmar ဝက်ဘ်ဆိုက်သည် ၁၇ ခုမြောက်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Jovago.com ဝက်ဘ်ဆိုက်သည် နိုင်ငံတစ်ဝန်းရှိ ဟိုတယ်အမျိုးအစား အမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုးကို ရွေးချယ်ပြီး ဘိုကင်ကြိုတင်လုပ်နိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံရောက် ပြည်ပခရီးသွားများအနေဖြင့် ဝက်ဘ်ဆိုက်ကို စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး မြန်မာဘာသာအနေဖြင့်မူ နောက်တစ်ပတ်ကြာမှ စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာတော့ ကျွန်တော်တို့ရဲ့ Jovago Myanmar ဝက်ဘ်ဆိုက်အနေနဲ့ မြန်မာနိုင်ငံအနှံ့က ဟိုတယ် ၂၅၀ နဲ့ တွဲဖက်လုပ်ကိုင်နေပါပြီ။ တစ်နှစ်အတွင်း ဟိုတယ်ပေါင်း ၁၅၀၀ ကို ဝက်ဘ်ဆိုက်မှာ ထည့်သွင်းနိုင်ဖို့ ကြိုးစားသွားမှာပါ။ ဒီဝက်ဘ်ဆိုက်အနေနဲ့က မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍမှာ အဓိကကျတဲ့ အခန်းကဏ္ဍကနေပါဝင်ပြီးတော့ ပြည်တွင်းခရီးသွား ဒေသအသစ်တွေကို မြှင့်တင်ကာ အဲဒီနေရာတွေကို လွယ်လွယ်ကူကူသွားနိုင်ဖို့ အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးသွားမှာပါ" ဟု Jovago.com မှ ပြည်သူ့ဆက်ဆံရေးဒါရိုက်တာ Mr. Abdesslam Benzitouni က ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ Orchid ဟိုတယ်၌ ကျင်းပသည့် မီဒီယာရှင်းလင်းပွဲ၌ ပြောကြားသည်။

လတ်တလောတွင် Jovago.com ဝက်ဘ်ဆိုက်သည် ပြည်ပခရီးသွားဧည့်သည်များ အဝင်အထွက်များသည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ အင်းလေး၊ ပုဂံမြို့တို့ရှိ ဟိုတယ်အလုံး ၇၀ တို့ဖြင့် ချိတ်ဆက်ထားပြီး မကြာမီတွင် မော်လမြိုင်၊ ငွေဆောင်၊ ချောင်းသာ၊ ငပလီ၊ မြစ်ကြီးနားစသည့် နိုင်ငံတစ်ဝန်းရှိ ဟိုတယ်ပေါင်းများစွာနှင့် ချိတ်ဆက် အကောင်အထည်ဖော်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဝက်ဘ်ဆိုက်အနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ၂၄ နာရီအတွင်း မည်သည့်အချိန်တွင်မဆို ချိတ်ဆက်နိုင်ပြီး အချိန်အနည်းငယ်အတွင်း ခိုင်မာသည့် ပြန်လည်အကြောင်းပြန်မှုများကို လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ဝက်ဘ်ဆိုက်နှင့်ပတ်သက်၍ Tourist Guide တစ်ဦးဖြစ်သူ ကိုမောင်မောင်က "ဒီလိုဝက်ဘ်ဆိုက်မျိုးက အခြားဥရောပနိုင်ငံတွေမှာတော့ ရှိနေတာကြာပါပြီ။ ကျွန်တော်တို့ဆီမှာလည်း အခုလို နိုင်ငံခြားသားခရီးသွားတွေ တစ်နေ့ထက်တစ်နေ့များလာသလို ဟိုတယ်အခက်အခဲကလည်း အခုအချိန်ထိ အထိုက်အလျောက်ရှိနေတာပါပဲ။ အခုလို ခရီးသွားဝန်ဆောင်မှုကို တစ်ဖက်တစ်လမ်းက ကူညီပေးနိုင်တဲ့ဝက်ဘ်ဆိုက်တွေ များများရှိလာရင် ပိုပြီးတော့ အဆင်ပြေမှာပါ။ အခုဆိုရင် ဆက်သွယ်မှုအော်ပရေတာတွေကလည်း တစ်ခုနဲ့တစ်ခု အပြိုင်ဆိုတော့ အဆင်ပြေမယ်လို့မြင်ပါတယ်။ ဒါမှလည်း ပြည်တွင်း၊ ပြည်ပခရီးသွားတွေအတွက် ဟိုတယ်အခက်အခဲဖြေလျှော့ပေးနိုင်ရာရောက်မှာပါ" ဟု ပြောသည်။

## ပညာရေးဝန်ကြီးဌာန တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သင်တန်းဖွင့်ရက်များ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးသို့ ဘွဲ့ကြိုတန်းတက်ရောက်ခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာတက္ကသိုလ်များ၏ ကြော်ငြာသင်ပုန်းများတွင် ကြေညာထားပြီး ကျောင်းသား ကျောင်းသူများထံသို့လည်း စာဖြင့် အကြောင်းကြားထားပြီးဖြစ်သည်။ ပထမနှစ်သင်တန်း၊ ပထမနှစ်ဝက်ပညာသင်ကာလအသီးသီးသို့ တက်ရောက်ကြမည့် ဘွဲ့ကြိုသင်တန်းသား သင်တန်းသူများအတွက် ကျောင်းစတင်ဖွင့်လှစ်မည့်ရက်မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)ရှိ ဖုန်း ၀၁-၅၀၃၁၄၇၊ ၀၁-၅၀၂၂၅၈ တို့ထံသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ဗြိတိန်က ဆီးရီးယားရှိ အိုင်အက်စ်များကို ဝေဟင်မှ စတင်တိုက်ခိုက်ပြီ

**လန်ဒန် ဒီဇင်ဘာ ၃**

ဗြိတိသျှပါလီမန်က ဆီးရီးယားရှိ အိုင်အက်စ် စစ်သွေးကြွများကို ပစ်မှတ်ထား၍ လေကြောင်းမှ တိုက်ခိုက်ရန် မဲခွဲဆုံးဖြတ်ခဲ့ပြီး နာရီပိုင်းအကြာ ဗြိတိသျှဗုံးကြဲလေယာဉ်များက ဆီးရီးယားကို ကြာသပတေးနေ့မှ စတင်ကာ လေကြောင်းမှ တိုက်ခိုက်ပြီဖြစ်ကြောင်း သက်ဆိုင်ရာသတင်းဌာနများတွင် ဖော်ပြထားသည်။

ဆိုက်ပရပ်စ်ရှိ အာရ်အေအက်ဖ် အာရ်ခရို တီရီလေတပ်အခြေစိုက်စခန်းမှ ဗုံးကြဲလေယာဉ်များ ပျံတက်ခဲ့ပြီး ဆီးရီးယားပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း၊ ဗုံးကြဲလေယာဉ်များသည် အဆိုပါ အခြေစိုက်စခန်းသို့ ပြန်ဆင်းခဲ့ကြောင်း ယင်းသတင်းဌာနများက ဆက်လက်ပြောကြားသည်။

"ဒီတိုက်ခိုက်မှုက ဆီးရီးယားနိုင်ငံအပေါ်မှ တိုက်ခိုက်ခဲ့တာပါ"ဟု အဆိုပါသတင်းရပ်ကွက်မှ အမည်မဖော်လိုသူတစ်ဦးက ပြောသည်။ ဗြိတိသျှ ဗုံးကြဲလေယာဉ်များသည် လေကြောင်းပစ်မှတ်များ အပါအဝင် အမျိုးသား လုံခြုံရေးနေရာများကို တိုက်ခိုက်ခဲ့ကြောင်း ၎င်းသတင်းဌာနများက ထပ်လောင်းပြောကြားသည်။



အဆိုပါ ဆိုက်ပရပ်စ် လေတပ်အခြေစိုက်စခန်းမှ ဂျက်လေယာဉ်လေးစင်း၊ နှစ်စင်းစီ တစ်နာရီခြား၍ ပျံတက်သွားသည်ကို တွေ့ရကြောင်း ရိုက်တာ သတင်းထောက်တစ်ဦးက ပြောသည်။ **(ရိုက်တာ)**

# ဗန်ကောက်ဗုံးခွဲမှုနှင့် ဆက်နွှယ်သူများ ပြည်ပနိုင်ငံများ၌ ဖမ်းမိထားဟုဆို

**ဗန်ကောက် ဒီဇင်ဘာ ၃**

လူပေါင်း ၂၀ သေဆုံးခဲ့ရသည့် ဗန်ကောက်ဘုရားကျောင်း ဗုံးခွဲတိုက်ခိုက်မှုနှင့် ဆက်နွှယ်သောသူများကို ထိုင်းအစိုးရ၏ မေတ္တာရပ်ခံချက်အရ ပြည်ပတွင်ဖမ်းမိထားကြောင်း ထိုင်းရဲတပ်ဖွဲ့က ကြာသပတေးနေ့တွင် ပြောသည်။

ဩဂုတ်လအတွင်းက လူပေါင်း ၁၂၀ ဒဏ်ရာရခဲ့သည့် အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ထိုင်းနိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးဖြစ်ပြီး အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုနှင့် ဆက်နွှယ်သူ ၁၇ ဦးအား ဖမ်းဝရမ်းထုတ်ထားကြောင်း၊ အများစုမှာ ပြည်ပသို့ထွက်ပြေးကြကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံသားနဲ့ ပြည်ပနိုင်ငံသားတွေအပါအဝင် ဖမ်းဝရမ်းထုတ်ထားသူတွေကို ဖမ်းမိထားပြီ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံကို လွှဲပြောင်းပေးဖို့ ရှေ့နေချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွေက ပူးပေါင်းလုပ်ဆောင်နေကြပါတယ်"ဟု အမျိုးသားရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ၊ ဒုတိယရဲမှူးချုပ် ဆရီဗာရာရန်ဆစ်ဘရန်မာနာကူးလ်က သတင်းထောက်များအား ပြောသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ထိလွယ်ရှလွယ်တဲ့ကိစ္စလည်းဖြစ်၊ သံတမန်ဆက်ဆံရေးကိုလည်း ထိခိုက်နိုင်တဲ့အတွက် သတင်းအချက်အလက်တွေကို လိုတာထက်ပိုပြီး ပြောနိုင်မှာမဟုတ်ပါဘူး"ဟုလည်း ၎င်းက ပြောသည်။

**(ရိုက်တာ)**

# အင်ဒိုနီးရှားမြေပြိုမှု သုံးဦးသေဆုံး၊ ကျန် ၁၅ ဦးပျောက်ဆုံးနေ

**ဂျကာတာ ဒီဇင်ဘာ ၃**

အင်ဒိုနီးရှားနိုင်ငံအရှေ့ဘက် ဆူမတြားကျွန်းပေါ်ရှိ ဘဲန်ကူလူပြည်နယ်၌ ဒီဇင်ဘာ ၃ ရက်က မြေပြိုမှုများ ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ကယ်ဆယ်ရေးလုပ်သားများက လူသေအလောင်းသုံးလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ရွှံ့ဗွက်များနှင့်ကျောက်တုံးကျောက်ခဲများအောက်၌ ပိတ်မိသွားသည့် အခြားလူ ၁၅ ဦးကိုလည်း ဆက်လက်ရှာဖွေလျက်ရှိကြောင်း အမျိုးသားသဘာဝဘေးဒဏ် စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆက်မပြတ်ရွာသွန်းသောမိုးကြောင့် မြောက်ဘဲန်ကူလူခရိုင်ရှိ ကာရန်ဆူလူကျေးရွာ၌ ဂျကာတာ စံတော်ချိန် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က မြေပြိုမှုများဖြစ်ပွားခဲ့ရာ အဆိုပါဒေသရှိ လယ်သမား ၁၈ ဦးတို့နေထိုင်ရာ တဲအိမ်များကို ထိခိုက်သွားခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဆူတိုပို ပါဝိုးနူဂရိုဟိုက ဆိုသည်။

မြေပြိုမှုကြောင့် ငါးမီတာခန့်မြင့်သည့် ရွှံ့ဗွက်များ၊ ကျောက်တုံးကျောက်ခဲများနှင့် သစ်ပင်များအောက်၌ တဲအိမ်များနစ်မြုပ်နေကြောင်း၊ ကယ်ဆယ်ရေးလုပ်သားများသည် လူသေအလောင်းသုံးလောင်းကိုသာ ယခုအထိ ရှာဖွေတွေ့ရှိခဲ့ပြီး ကျန် ၁၅ ဦးမှာ မြေမြုပ်နေဆဲဖြစ်ကြောင်း ဆူတိုပိုက ဆက်လက်ပြောကြားသည်။

ယင်းမြေပြိုမှုများကြောင့် တဲအိမ် ၂၀ လုံးခန့် ထိခိုက်သွားပြီး မြေမြုပ်သွားခဲ့ကြောင်း၊ မြေပြိုမှုဖြစ်ပွားရာဒေသသို့ ဆက်သွယ်သည့်လမ်းများကိုလည်း ပိတ်မိခဲ့သဖြင့် တပ်မတော်သားများနှင့် ဒေသဆိုင်ရာ သဘာဝဘေးဒဏ်စီမံခန့်ခွဲရေးအေဂျင်စီနှင့် စေတနာ့ဝန်ထမ်းများသည် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိကြောင်း ဆူတိုပိုက ပြောကြား သည်။

အင်ဒိုနီးရှားနိုင်ငံသည် စိုစွတ်သောရာသီ၌ မြေပြိုမှုနှင့်ရေကြီးရေလျှံမှုများနှင့် မကြာခဏ ကြုံတွေ့လျက်ရှိကြောင်းသိရသည်။ **(ဆင်ဟွာ)**

# အမေရိကန် အထူးတပ်ဖွဲ့ဝင် ၁၀၀ အီရတ်၌ ဖြန့်ကြက်

**ဝါရှင်တန် ဒီဇင်ဘာ ၃**

အမေရိကန်က အီရတ်သို့ဖြန့်ကြက်ထားသည့် အထူးစစ်ဆင်ရေး တပ်ဖွဲ့သစ်၌ တပ်ဖွဲ့ဝင် ၁၀၀ ခန့်ပါဝင်ကြောင်း အမေရိကန်ဗိုလ်မှူးကြီး စတိဗ်ဝါရင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

"ဒီစစ်ဆင်ရေးအတွက် အထူးတပ်ဖွဲ့ဝင်အရေအတွက်အနေနဲ့ ၁၀၀ ခန့်လောက်ပဲရှိမှာ ဖြစ်ပါတယ်" ဟု အမေရိကန်ဦးဆောင် အိုင်အက်စ်ချေမှုန်းရေး ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာက အင်္ဂါနေ့ ပါလီမန်အစည်းအဝေးတွင် သဘောတူညီခဲ့ပြီးနောက် အဆိုပါတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခဲ့ကြောင်း ကြေညာသည်။

အဆိုပါ အထူးတပ်ဖွဲ့ဝင်များအနေဖြင့် အီရတ်တပ်ဖွဲ့ဝင်များနှင့်အတူ အိုင်အက်စ်တို့အား ပူးပေါင်းတိုက်ခိုက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# တူရကီက အိုင်အက်စ်တို့ထံမှ ရေနံဝယ်ယူခြင်းကို ရုရှားက ဂြိုဟ်တုဓာတ်ပုံများဖြင့် သက်သေပြဖော်ထုတ်



**မော်စကို ဒီဇင်ဘာ ၃**

တူရကီသမ္မတက တေရစ်အာဒိုဂန်နှင့် သူ့မိသားစုသည် ဆီးရီးယားနှင့်အီရတ်နယ်စပ်ကို ထိန်းချုပ်ထားသော အိုင်အက်စ်တို့ထံမှ တရားမဝင် ရေနံမှောင်ခိုရောင်းဝယ်ခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် သက်သေနှင့်တကွ ဖွင့်ဟပြောကြားလိုက်သည်။

ရုရှားနှင့်နေတိုးအဖွဲ့ဝင်တို့အကြား ရာစုနှစ်ဝက်အတွင်း အဆိုးရွားဆုံး ဆက်ဆံရေးကိုဖြစ်စေသည့် တူရကီက ရုရှားစစ်လေယာဉ်တစ်စင်းကို ဆီးရီးယား-တူရကီနယ်စပ်၌ ပစ်ချလိုက်ပြီးနောက် မော်စကိုနှင့်အန်ကာရာတို့အကြား စစ်နှင့်ပတ်သက်သော စကားအသုံးအနှုန်းများ အသုံးပြုပြောကြားလာသည်။

အိုင်အက်စ်တို့ထံမှ တူရကီတို့ ရေနံဝယ်ယူနေသည်ဆိုခြင်းကို မည်သူမျှသက်သေပြနိုင်ခြင်းမရှိကြောင်း ကာတာနိုင်ငံသို့ရောက်ရှိစဉ် အာဒိုဂန်က ပြောသည်။ သို့သော်လည်း မော်စကိုနှင့် အနာဂတ်ဆက်ဆံရေး ပိုမိုဆိုးရွားသွားမည်ကို မလိုလားကြောင်း ၎င်းကပြောသည်။

သို့သော်လည်း ရုရှားကာကွယ်ရေးတာဝန်ရှိသူများက မော်စကို၌ကျင်းပသော အစည်းအဝေးတွင် အိုင်အက်စ်တို့ထံမှ တူရကီက ရေနံတင်ကားအသုံးပြုကာ ရေနံဝယ်ယူခဲ့ခြင်းအပေါ် ဂြိုဟ်တုဓာတ်ပုံအထောက်အထားများဖြင့် ဖော်ထုတ်သက်သေပြခဲ့သည်ဟု ဆိုသည်။ သို့သော်လည်း ၎င်းရေနံရောင်းဝယ်မှုကို သမ္မတအာဒိုဂန်နှင့် မိသားစု တိုက်ရိုက်ပါဝင်ခြင်း ရှိ၊ မရှိကို ရုရှားတာဝန်ရှိသူများက သက်သေပြနိုင်ခြင်းမရှိဟု ဆိုသည်။

**(ရိုက်တာ)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး စတင်ကျင်းပ



**ရန်ကုန်　ဒီဇင်ဘာ　၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ ဘဒ္ဒန္တအဂ္ဂဓမ္မက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော်က တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့(တတိယအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာ ကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေး ဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျအဖွဲ့ခွဲ ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးပထမနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာ နာယကဆရာတော်ကြီးများအား အလှူရှင် မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)၊ ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစုတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ဆောင်ရွက်ချက်များ အပြစ်ဒေါသကင်း၍ ချွတ်ယွင်းမှုမရှိအောင်ဆောင်ရွက်တော်မူကြရန် အထူးပင်လိုအပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ နဝမအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သော အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသမဟာထေရ်မြတ်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာ [၁၃၇၇-နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် (၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်) ကြာသပတေးနေ့]**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ နဝမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်လန်း ချမ်းမြေ့စွာဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်တော်မူနိုင်ကြပါစေဟု ဆုတောင်းလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်များ ယခုလို ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိမိတို့၏ ကိုယ်ရေးကိုယ်တာ၊ တိုက်တာကိစ္စစသည်တို့ကို လျစ်လျူရှု၍ သာသနာတော်အရေးကို အလေးပေးလျက် စုံညီစွာကြွရောက်အားပေးတော်မူကြသည့်အတွက် အားတက်ရွှင်လန်းဝမ်းမြောက်ရပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား။**

ဤအစည်းအဝေးမှာ ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ ကုမ္ဘဃောသကသေဋ္ဌိဝတ္ထု၌ မြတ်စွာဘုရား ဟောတော်မူအပ်သော-

**ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။**
**သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော ဘိဝဍ္ဍတိ။**

ဟူသော ဂါထာဒေသနာတော်ကို သာရဏီယဩဝါဒကထာအဖြစ် ရှင်းလင်းလျှောက်ထားလိုပါသည်ဘုရား။

ဤဒေသနာတော်၌"**ဥဋ္ဌာဝတော**" ဟူသော ပါဌ်အရ ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များသည် သာသနာရေးကိစ္စအဝဝတို့ကို ဆောင်ရွက်ကြရာ၌ ထက်သန်တက်ကြွသော လုံ့လဝီရိယဖြင့် ဆောင်ရွက်ကြရန်လိုအပ်ပါသည်။ သာသနာရေးရာကိစ္စဖြစ်စေ၊ ပညာရေးရာကိစ္စဖြစ်စေ၊ ဝိနိစ္ဆယရေးရာ ကိစ္စဖြစ်စေ (၄၇)ပါးစုံညီအစည်းအဝေးက သဘောတူဆုံးဖြတ်ပြီးပါက ထိုအဆုံးအဖြတ်ကို အကောင်အထည်ပေါ်အောင် လုံ့လဝီရိယဖြင့် မဖြစ်မနေဆောင်ရွက်သင့်ပါသည်ဘုရား။

"**သတီမတော**"ဟူသော ပါဌ်အရ ကိစ္စကြီးငယ်အသွယ်သွယ်ကို ဆောင်ရွက်ကြရာ၌ သတိရှိဖို့လည်းလိုအပ်ပါသည်ဘုရား။

"**သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမီတိ လောဏဓူပနံ ဝိယ သဗ္ဗကမ္မိကာမစ္စံ ဝိယ စ သဗ္ဗတ္ထ ကုစ္ဆိတဗ္ဗံ ဝဒါမီတိ အတ္ထော**" ဟူသော မဟာဝဂ္ဂသံယုတ်အဋ္ဌကထာ ဖွင့်ပြတော်မူသည့်အတိုင်း ဟင်းလျာတိုင်းမှာ ဆားနှင့် အခိုးအထုံ ဟင်းမွှေးမဆလာမပါလျှင် မပြီးစီးမပြည့်စုံသလို၊ တိုင်းရေးပြည်ရေးကိစ္စဟူသမျှတို့၌ ကိစ္စအားလုံးကို စီမံ ခန့်ခွဲတတ်သော အမတ်မရှိလျှင် မပြီးစီးမပြည့်စုံနိုင်ပါ။ သို့ဖြစ်၍ဆောင်ရွက်အပ်သမျှကိစ္စကြီးငယ်တို့၌သတိမလစ် အောင် စိစစ်ဆောင်ရွက်တော်မူကြရန် လျှောက်ထားပါသည်ဘုရား။

"**သုစိကမ္မဿ**" ဟူသော ပါဌ်ကို "**သုစိကမ္မဿာတိ နိဒ္ဒေါသေဟိ နိရပရာဓေဟိ ကာယကမ္မာဒီဟိ သမန္နာဂတဿ**" ဟု အဋ္ဌကထာဖွင့်ပြသည့်အတိုင်း ဘုရားတပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် အမြင့်ဆုံးသံဃာ့အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဆောင်ရွက်ချက်များသည် သူတစ်ပါးတို့ပြစ်တင်ကဲ့ရဲ့ဖွယ် အပြစ်ဒေါသကင်း၍ ချွတ်ယွင်းမှုမရှိအောင် ဆောင်ရွက်တော်မူကြရန် အထူးပင်လိုအပ်ပါသည်ဘုရား။

"**နိသမ္မကာရိနော**" ဟူသော ပါဌ်ကို "**နိသမ္မကာရိနောတိ ဇဝေ့ ဘဝိဿတိ ကရိဿာမီတိ ဝါ၊ ဣမသ္မိံ ကမ္မေ ဧဝံ ကတေ ဣဒံ နာမ ဘဝိဿတီတိ ဝါ ဧဝံ နိဒါနံ သလ္လက္ခေတွာ ရောဂတိကိစ္ဆနံ ဝိယ သဗ္ဗကမ္မာနိ နိသာမေတွာ ဥပဓာရေတွာ ကရောန္တဿ**" ဟု အဋ္ဌကထာဖွင့်ပြသည့်အတိုင်း "ဤသို့ဖြစ်လာလျှင် ဤသို့ပြုလုပ်လိုက်လျှင် ဤသို့သောအကျိုးအပြစ်ဖြစ်လာလိမ့်မည်" ဟု လည်းကောင်း၊ အကြောင်းကို ကောင်းစွာမှတ်သား၍ ရောဂါကို ဆေးကုသသော သမားတော်ကဲ့သို့ အားလုံးသောကိစ္စရပ်များကို စူးစမ်းဆင်ခြင်၍ ပြုတော်မူကြရန်လိုအပ်ပါသည်။ (ဥပမာ)တပည့်တော်များ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဩဝါဒဖြင့်ကျင်းပလျက်ရှိသော ပရိယတ္တိ စာမေးပွဲများ၏ စည်းမျဉ်းများပြင်ဆင်ရေးကိစ္စတွင် အကျိုးနှင့်အပြစ်အားနည်းမှုနှင့် အားသာမှုစသည်တို့ကို စူးစမ်းဆင်ခြင်သုံးသပ်တော်မူကြ၍ ပြုပြင်သင့်သည်ကို ပြုပြင်ရန်ကိစ္စ စသည်များဖြစ်ပါသည်ဘုရား။

"**သညတဿ**" ဟူသော ပါဌ်ကို "**သညတဿာတိ ကာယာဒီဟိ သညတဿ နိစ္ဆိဒ္ဒဿ**"ဟု အဋ္ဌကထာဖွင့်ပြသည့်အတိုင်း မဟာနာယကဆရာတော်များသည် တစ်တိုင်းတစ်ပြည်လုံး၏ အကြည်ညိုခံ ဆရာတော်များဖြစ်သည့်အားလျော်စွာ သူတစ်ပါးတို့ပြစ်တင်ကဲ့ရဲ့ဖွယ် အပေါက်အကြားမရှိအောင် ကိုယ်နှုတ်နှလုံးကို စောင့်စည်းတော်မူကြဖို့လည်း လိုအပ်ပါသည်ဘုရား။

"**ဓမ္မဇီဝိနော**"ဟူသော ပါဌ်ကို ရဟန်းတော်များအတွက် "**အနဂါရိကဿ ဝေဇ္ဇကမ္မ ဒူတကမ္မာဒီနိ ဝဇ္ဇေတွာ ဓမ္မေန သမေန ဘိက္ခာစရိယာယ ဇီဝိတံ ကပ္ပေန္တဿ**" ဟု အဋ္ဌကထာဖွင့်ပြသည့်အတိုင်း ရဟန်းတော်များသည် ဆေးကုခြင်း၊ တမန်အမှုပြုခြင်းစသော ကုလဒူသန၊ အနေသနအမှုတို့ကို ရှောင်ကြဉ်၍ တရားနှင့်အညီ အသက်မွေးကြရန်လိုအပ်ပါသဖြင့် သာသနာတော်၌ ကုလဒူသန၊ အနေသနမှုဖြင့် ဘုန်းကြီးရာဘုန်းကြီးကြောင်းပြုလုပ်နေကြသော ရဟန်းများ တစ်စတစ်စနည်းပါးပြီး လုံးဝကင်းရှင်းသွားအောင်လည်း ဆောင်ရွက်သင့်ပါသည်ဘုရား။

"**အပ္ပမတ္တဿ**" ဟူသော ပါဌ်အရ ရဟန်းတော်ဟူသမျှတို့သည် မမေ့မလျော့မပေါ့မဆ အပ္ပမာဒတရားနှင့် ပြည့်စုံကြရန် လိုအပ်ပါသည်။ ဤ "**အပ္ပမတ္တဿ**" ဟူသော အဆုံးအမသည် မိမိတို့အတွက် အရေးအကြီးဆုံး အဆုံးအမဖြစ်သည်ဟု နှလုံးသွင်းတော်မူကြ၍ အပ္ပမာဒတရားလက်ကိုင်ထားတော်မူကြပါရန် လေးနက်စွာ လျှောက်ထားလျက် မြတ်စွာဘုရားဟောတော်မူအပ်သော ယခင်ဂါထာကိုပင် အနက်ပြန်ဆိုလျက် နိဂုံးချုပ်ပါမည်ဘုရား။

**ဥဋ္ဌာနဝတော သတီမတော၊ သုစိကမ္မဿ နိသမ္မကာရိနော။**
**သညတဿ ဓမ္မဇီဝိနော၊ အပ္ပမတ္တဿ ယသော ဘိဝဍ္ဍတိ။**

**ဥဋ္ဌာနဝတော**-ထကြွလုံ့လဝီရိယရှိသော၊ **သတီမတော**-အောက်မေ့မှုသတိရှိသော၊ **သုစိကမ္မဿ**-စင်ကြယ်သန့်ရှင်းအပြစ်ကင်းသော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုရှိ သော၊ **နိသမ္မကာရိနော**-အမှုကိစ္စဟူသမျှတို့ကို စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိသော၊ **သညတဿ**-ကိုယ်နှုတ်နှလုံးစောင့်သုံးသော၊ **ဓမ္မဇီဝိနော**-တရားသဖြင့် အသက်မွေးလေ့ရှိသော၊ **အပ္ပမတ္တဿ**-မမေ့မလျော့သော ပုဂ္ဂိုလ်အား၊ **ယသော**-စည်းစိမ်ဥစ္စာအခြံအရံနှင့် အရာအထူးကျေးဇူး သတင်းကျော်စောခြင်းသည်၊ **အဘိဝဍ္ဍတိ**-တစ်နေ့တခြား တက်နေအလားကဲ့သို့ တိုးပွားနိုင်ပါစေသတည်း။

❖ *ကျောဖုံးမှ*

ခြေစစ်ပွဲအဆင့်တွင် ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဂျပန်ကလပ်အသင်းများနှင့် တွေ့ဆုံနိုင်ရန်၊ အုပ်စုအဆင့် တက်ရောက်နိုင်ရန် ဖြစ်နိုင်ခြေနည်းပါးနေသည်။

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲကို ၂၀၁၂ ရာသီက စတင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ရန်ကုန်၊ ဧရာဝတီ၊ နေပြည်တော်နှင့် ရတနာပုံအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည်။ မြန်မာကလပ်အသင်းများမှာ နောက်ပိုင်းနှစ်များတွင် အုပ်စုအဆင့်ကို ကျော်လွန်နိုင်လာသော်လည်း ရှုံး/ထွက်အဆင့်ထက်မပိုသေးရာ အောင်မြင်မှုရရှိရန် ပြင်ဆင်မှုများစွာ ပြုလုပ်ရန်လိုအပ်နေသည်။ AFC Cup ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် မြန်မာကလပ်အသင်းများ အနေဖြင့် ကစားသမားကောင်းများ ပိုင်ဆိုင်နိုင်မှု၊ ငွေကြေးသုံးစွဲနိုင်မှု၊ ပရိုကလပ်အသင်းတစ်သင်းကဲ့သို့ လည်ပတ်နိုင်မှုစသည့် အချက်များရှိရန် လိုအပ်နေသော်လည်း ဝင်ငွေမရှိသေးသည့် မြန်မာကလပ်အသင်းများမှာ အသင်းပိုင်ရှင်တစ်ဦးတည်း၏ ငွေကြေးစိုက်ထုတ်မှုနှင့် ဆောင်ရွက်နေရရာ အခြားနိုင်ငံများ၏ ကလပ်အသင်းများကို မီနိုင်အောင် မလွယ်ကူသေးပေ။

၂၀၁၆ ရာသီ အာရှချန်ပီယံလိဂ် ပြိုင်ပွဲနှင့် AFC Cup ပြိုင်ပွဲအုပ်စု အဆင့်နှင့် ခြေစစ်ပွဲများ မဲခွဲပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**နိုင်ငံခြားရေးဝန်ထမ်းများ စွမ်းဆောင်ရည်တိုးမြှင့်ရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရောက်ရှိရေး ဆောင်ရွက်မှု၏ တတိယလှိုင်းအဖြစ် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လစဉ် စီစဉ်ကျင်းပလျက်ရှိသည့် ဟောပြောပွဲတွင် နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေး ဒေါက်တာ ဒေါ်ရင်ရင်နွယ် ဒီဇင်ဘာ ၁ ရက်က လာရောက်ဟောပြောဆွေးနွေးစဉ်။**

(သတင်းဖော်ပြပြီး)
(မြန်မာ့အလင်း)



## (၉၅)နှစ်မြောက် အမျိုးသားနေ့

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်

(၆-၁၂-၂၀၁၅)

# အမျိုးသားနေ့နှင့် မျိုးဆက်သစ်တို့၏ တာဝန်

**ဒေါက်တာအောင်သန်းဝင်း(အရှေ့တိုင်းပညာ)**

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ကိုလိုနီလက်အောက်ခံနိုင်ငံအဖြစ် သိမ်းပိုက်ရာ မြန်မာပြည်သူတို့အပေါ်၌ နိုင်ငံရေးဖိနှိပ်မှု၊ စီးပွားရေးလက်ဝါးကြီးအုပ်မှုများအပြင် နိုင်ငံနှင့်လူမျိုး၏ အဓွန့်ရှည်စွာရပ်တည်လာသော အမျိုးသားယဉ်ကျေးမှုကို ချစ်မြတ်နိုးစေသောအသိပညာဆိုင်ရာ၊ ကုန်ထုတ်လုပ်မှုဆိုင်ရာ၊ ကာကွယ်ရေးဆိုင်ရာ အတတ်ပညာများကို သင်ကြားတတ်မြောက်စေသော အမျိုးသားပညာရေးတစ်ခုလုံးကို ဖျောက်ဖျက်ပစ်ခဲ့ကြလေသည်။

ဗြိတိသျှလက်အောက် တိုင်းရင်းသားတို့၏ပညာရေးမှာ ကျွန်ပညာရေးသာလျှင်ဖြစ်သည်။ ဗြိတိသျှတို့သည် အထောက်ပံ့ခံစနစ်ဖြင့် ပညာရေးကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ဗြိတိသျှတို့၏ ကိုလိုနီပညာရေးစနစ်သည် ယင်းတို့၏ အာဏာတည်မြဲရေးနှင့် အုပ်ချုပ်ရေးယန္တရားချောမောစွာ လည်ပတ်နိုင်ရေးကိုသာ ရည်ရွယ်သည်။ ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကိုသိမ်းပိုက်ပြီးသောအခါ ယခင်ကရှိခဲ့သော မြန်မာ့စက်မှုလက်မှုပညာများမှာလည်း တိမ်ကောပပျောက်ခဲ့ရပေသည်။

ဥပမာအားဖြင့် မင်းတုန်းမင်းလက်ထက်ကပင် မြန်မာများစတင်တတ်မြောက်ခဲ့သည့် မြန်မာ့ကြေးနန်းရိုက်နည်းပညာရပ်လုံးဝကွယ်ပျောက်ခဲ့သည်။ ထို့ပြင် မူလကရှိပြီးသားမဲနယ်စက်၊ သံရည်ကျိုစက်၊ ဝါဂွမ်းစက်၊ ဖန်ချက်စက်၊ လက်နက်လုပ်သောစက် စသည်တို့လည်း လုံးဝ တိမ်ကောပျောက်ကွယ်သွားခဲ့ရပေသည်။ သူ့ကျွန်ဘဝတွင် မြန်မာတိုင်းရင်းသားများသည် စက်မှု၊ လက်မှုပညာရပ်များကို ပေါက်မြောက်အောင် သင်ကြားခွင့်မရရှိကြပေ။ သမိုင်းပညာရပ်များကိုလည်း ရှေးမြန်မာအမျိုးသားတို့ကို ချိုးနှိမ်စော်ကား၍ မြန်မာ့သမိုင်းစဉ်ကိုသေးသိမ်အောင် လုပ်ကြံရေးသားထားသော ဗြိတိသျှသမိုင်းဆရာတို့၏ စာအုပ်များကိုသာ သင်ကြားစေသည်။

မြန်မာတို့သည် မြန်မာနိုင်ငံတွင်တက္ကသိုလ်တစ်ခုရှိစေလိုသော်လည်း ရန်ကုန်ကောလိပ်ကို တက္ကသိုလ်တိုးမြှင့်မည့် ဥပဒေကြမ်းကို မလိုလားကြချေ။ အထူးသဖြင့် "တက္ကသိုလ်သည်ကောလိပ်ကျောင်းခွဲမထားသည့် ဗဟိုတက္ကသိုလ်နှင့် ကျောင်းအိပ်ကျောင်းစား တက္ကသိုလ်ဖြစ်ရမည်" ဟူသော အချက်ကို မြန်မာတို့က လက်မခံကြပါ။ ၁၉၂၀ ပြည့်နှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျင်းပသောမြန်မာနိုင်ငံပြုပြင်ရေးအသင်းကြီးကလည်း ကော်မတီအစည်းအဝေးကျင်းပကာ ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းကို ကန့်ကွက်ကြ၏။ ဇူလိုင် ၃၁ ရက်တွင်လည်း YMBA အထွေထွေကောင်စီကကြီးမှူး၍ တက္ကသိုလ်ဥပဒေကြမ်းကို ကန့်ကွက်သည့် လူထုအစည်းအဝေးကြီးတစ်ရပ်ကို ဂျူဗလီဟော၌ကျင်းပကြပြန်သည်။

မြန်မာတို့အမျိုးမျိုးကန့်ကွက်နေသည့်ကြားမှပင် ရန်ကုန်တက္ကသိုလ်ဥပဒေကို ၁၉၂၀ ပြည့်နှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ပညာမင်းကြီးမတ်ဟန်းတာကတင်သွင်းပြီး ဥပဒေပြုကောင်စီက အတည်ပြုခဲ့သည်။ စက်တင်ဘာ ၂၆ ရက်တွင် ဒုတိယဘုရင်ခံက သဘောတူ၍ အောက်တိုဘာ ၂၄ ရက်တွင် ဘုရင်ခံချုပ်က သဘောတူလိုက်သည်။ ဒီဇင်ဘာ ၁ ရက်တွင် ဥပဒေအာဏာတည်သည်။ ဥပဒေအာဏာ တည်လျှင်တည်ချင်းပင် တက္ကသိုလ်အဖွဲ့အသီးသီးကို ဖွဲ့စည်းရန် စတင်ဆောင်ရွက်သည်။ မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်သည် ဥပဒေအရ တက္ကသိုလ်အဓိပတိကြီးအဖြစ် ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းတော်ကြီးကို ဖွင့်လှစ်ရန် ကြေညာထားပြီးလည်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ကျောင်းတော်သားများဖြစ်လာကြမည့် ရန်ကုန်ကောလိပ်မှ ကျောင်းသားများသည် တက္ကသိုလ်ဥပဒေသည် တက္ကသိုလ်ပညာရေးကို ပျက်စီးစေသည်သာမက အမျိုးသားရေးဂုဏ်သိက္ခာနှင့် မြန်မာလူမျိုးတို့၏ အဆင့်အတန်းကိုပင် သေးသိမ်စေသည်ဟု သဘောထားရရှိထားပြီးဖြစ်သည်။ ထို့ကြောင့် ရန်ကုန်ကောလိပ်မှ ကျောင်းသားကြီးတို့သည် တက္ကသိုလ်ဥပဒေပျက်စီးသွားစေရန် လည်းကောင်း၊ ယင်းဥပဒေအရ တက္ကသိုလ်မဖွင့်ဖြစ်စေရန် လည်းကောင်း မြန်မာအမျိုးသားတို့၏ အစီအမံဖြင့် အမျိုးသားတက္ကသိုလ်တည်ထောင်ရန် လည်းကောင်း စိတ်အားထက်သန်စွာ တွေးတောကြံဆခဲ့ကြသည်။

ထို့ကြောင့် ၁၂၈၂ ခုနှစ်(တန်ဆောင်မုန်းလဆုတ် ၈ ရက်) ဒီဇင်ဘာ ၃ ရက်တွင်လည်း ရန်ကုန်ကောလိပ်မှ ကိုဘရှင် B.Sc အထက်တန်းအမှူးပြုသော ကျောင်းသားကြီး ၁၁ ဦးတို့သည် ရွှေတိဂုံကုန်းတော်ပေါ်၊ စနေထောင့်၌ တက္ကသိုလ်ကျောင်းကို သပိတ်မှောက်ရေးအတွက် လျှို့ဝှက်စည်းဝေးတိုင်ပင်ကြလေသည်။

ခေါင်းဆောင် ၁၁ ဦးတို့သည် ယင်းကိစ္စနှင့်ပတ်သက်၍ တစ်စုံတစ်ရာအပြစ်ရရှိကတစ်ဦးနှင့်တစ်ဦး အကူအညီပြု၍ ဆိုးအတူ ကောင်းအတူ နောက်မဆုတ်ဘဲဆက်လက်ဆောင်ရွက်ရန် သစ္စာပြုကြလေသည်။ သစ္စာပြုချက်များကို အင်္ဂလိပ်ဘာသာဖြင့် စာရွက်သုံးရွက်ပေါ်တွင်ရေး၍ ၁၁ ဦးစလုံးလက်မှတ်ရေးထိုးကြသည်။

ယင်းသစ္စာပြုချက်မြန်မာပြန်မှာ-

"အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့သည် ရန်ကုန်ယူနီဗာစီတီ သပိတ်မှောက်လှုပ်ရှားမှုကြီးတွင် ဦးစီးဦးကိုင်ပြုကြမည့် ခေါင်းဆောင်များဖြစ်သည်။ ကျွန်ုပ်တို့ ဦးစီးဆောင်ရွက်ကြမည့် လှုပ်ရှားမှုသည် အကယ်၍ အောင်မြင်မှုမရဘဲ ချွတ်ချော်တိမ်းပါးခဲ့သော် ကျွန်ုပ်တို့အားလုံးသည် ကျောချင်းယှဉ် ရင်ချင်းအပ်၍ သေအတူရှင်အမျှ ကြံ့ကြံ့ခံ၍ ရပ်တည်ကြရန် သစ္စာမူကာ အဓိဋ္ဌာန်ပြုပါ၏" ဟူ၍ ဖြစ်လေသည်။

ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ကျောင်းသားများ၏ စကားအချေအတင်ပြောပွဲတစ်ခုရှိသည်။ ထိုစကားအချေအတင်ပြောပွဲအပြီး ညနေ ၃ နာရီခွဲတွင် ဗဟန်းဦးအရိယ ကျောင်းတိုက်သို့ ကျောင်းသားများ အစည်းအဝေး ဆက်လက်တက်ရောက်ရန် ဖိတ်ကြားကြလေသည်။ ထို့နောက် ကောလိပ်နှစ်ရပ်လုံးမှ ကျောင်းသားများသည် သပိတ်မှောက်ရေးကိစ္စကို ပြင်းပြင်းထန်ထန် ဆွေးနွေးကြသည်။ အယူအဆအမျိုးမျိုးကိုလည်း ကောလိပ်နှစ်ရပ်စလုံးမှ ကျောင်းသားများက တင်ပြကြသည်။ ထို့ပြင် သပိတ်မှောက်ကိစ္စနှင့် ပတ်သက်၍ ကိစ္စအဝဝကို ဆောင်ရွက်သွားရန် ကျောင်းနှစ်ကျောင်းမှ ကိုယ်စားလှယ်များပါဝင်သော ၂၆ ဦး ကော်မတီကို ရွေးချယ်ခန့်အပ်ကာ တာဝန်အရပ်ရပ်လွှဲအပ်လေသည်။

၂၆ ဦး ကော်မတီဝင်တို့သည် ဆက်လက်၍ အခြေအနေအရပ်ရပ်ကို သုံးသပ်ကြပြီး သပိတ်မှောက်ရေးကို အစစအရာရာ စနစ်တကျ ရှိစေရန် ပြင်ဆင်ကြသည်။ ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် ကိုဘဦးနေအိမ်၌ အစည်းအဝေး ဆက်လက်ကျင်းပကြသည်။ ထိုစဉ် ကျောင်းသားတစ်ဦးရောက်ရှိလာပြီး ကျောင်းသားများ သပိတ်မှောက်မည့်အရေးကို ကျောင်းအုပ်ဆရာကြီး သိသွားကြောင်း၊ ဆရာကြီးက ဒီဇင်ဘာ ၆ ရက် တနင်္လာနေ့ ကျောင်းတက်သောအခါ ဆုံးမစကားပြောကြားလိမ့်မည်ဖြစ်ကြောင်း သတင်းပို့လေသည်။

ထို့ကြောင့် ဆရာကြီးက ဆုံးမစကားပြောဆိုဖျောင်းဖျလျှင် အစီအစဉ်များ ပျက်သွားမည်ကို စိုးရိမ်ကြသည့်အတွက် ၇ ရက်နေ့အထိ စောင့်ဆိုင်းမနေတော့ဘဲ ချက်ချင်း သပိတ်မှောက်ကြရန် ဆုံးဖြတ်၍ အစီအစဉ်ကို လျှပ်တစ်ပြက် အကောင်အထည်ဖော်ကြတော့သည်။

ထို့ကြောင့် ၁၂၈၂ ခုနှစ် (တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၅ ရက်သည် ရန်ကုန်တက္ကသိုလ်ဥပဒေကို စတင်သပိတ်မှောက်သောနေ့ပင်ဖြစ်သည်။ မူလက ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက် ကျောင်းဖွင့်ရန်ကြေညာမည့် ဒီဇင်ဘာ ၇ ရက် အခမ်းအနားတွင် သပိတ်မှောက်ရန် စီစဉ်ထားသော်လည်း ယင်းသတင်းပေါက်ကြားသဖြင့် ကောလိပ်ကျောင်းအုပ်ဆရာကြီး မက်တယူး ဟန့်တားကာ ကျောင်းသားများကို သပိတ်မမှောက်ရန် ပြန်လည်သွေးဆောင်မည်ကို သိရှိကြသဖြင့် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့မှာပင် သပိတ်မှောက်ကြရန် လျှပ်တစ်ပြက်ပြင်ဆင်ကြခြင်းဖြစ်သည်။

ကျောင်းသားခေါင်းဆောင် ၂၆ ဦးတို့သည် လုပ်ငန်းတာဝန်ခွဲဝေထားသည့်အတိုင်း မိမိတို့၏ တာဝန်များကို မနားမနေဆောင်ရွက်ကြသည်။ "အမျိုးကို ချစ်ခင်ကြပါ၊ နိုးကြားကြပါ" ဟူသော လှုံ့ဆော်သံများနှင့်အတူ ကျောင်းသားတို့၏ မီးခဲပြာဖုံးဖြစ်နေသော မျိုးချစ်စိတ်ဓာတ်ကို နှိုးဆွနိုင်ခဲ့ကြသည်။ ကျောင်းသားကြီးများက လိုက်လံလှုံ့ဆော်မှုကြောင့် ကျောင်းသားများသည် ဗဟန်းသို့ နည်းအမျိုးမျိုးဖြင့် သွားရောက်ခဲ့ကြသည်။ ညနေ ၄ နာရီခန့်သို့ရောက်သောအခါ ဗဟန်းရွှေကျင်ကျောင်းတိုက်သို့ ကျောင်းသားများ တဖွဲဖွဲရောက်ရှိလာပြီး ကျောင်းတိုက်တစ်ခုလုံး ပြည့်လျှံသွားတော့သည်။ ကျောင်းသားများစုံလင်သောအခါ ကိုဘဦး ခေါင်းဆောင်၍ အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ကိုဘဦး၊ ယုဒသန်ကောလိပ်မှ ကိုဖိုးလတ် အစရှိသော ခေါင်းဆောင်များ စိတ်အားထက်သန်စွာ ဟောပြောကြသည်။

ကျောင်းသားခေါင်းဆောင်အချို့သည် ရန်ကုန်မြို့တွင်းသို့ လှည့်လည်၍ တစ်လမ်းဝင်တစ်လမ်းထွက် ရိုက်နှိပ်ထားသော ကြော်ငြာများကို လိုက်ကမ်းသည်။ အော်ဟစ်ကြွေးကြော်ခြင်းကိုလည်း ပြုလုပ်ကြသည်။

ပုညကုသလအသင်းတိုက်ရှေ့ ဇာတ်ပွဲတစ်ခု၌ ကိုဘဦးနှင့် ကိုထွန်းဝင်းတို့သည် ဇာတ်ခုံပေါ်တက်၍ ရန်ကုန်ယူနီဗာစီတီ ဥပဒေမကောင်း၍ ကျောင်းသားကြီးများ သပိတ်မှောက်ကြပြီဖြစ်ကြောင်း၊ မိဘများက သားသမီးများကို ကျောင်းသို့မလွှတ်ရန် ဟောပြောလေသည်။ အမျိုးသားရေးစိတ်ဓာတ် နိုးကြားစပြုနေသော ပရိသတ်က လက်ခုပ်ဩဘာသံတို့ဖြင့် အားပေးကြသည်။ ပုဇွန်တောင်ရပ်ကွက်အငြိမ့်ကပွဲတစ်ခု၌လည်း ပရိသတ်ကို တောင်းပန်ပြီး ဤနည်းအတိုင်း ဟောပြောကြလေသည်။ ထိုညတွင် သပိတ်မှောက်ကျောင်းသားတို့သည် ရှေ့လုပ်ငန်းစဉ်များကို ဆက်လက်၍ စည်းဝေးတိုင်ပင်ကြသည်။ ၂၆ ဦး ကော်မတီကိုလည်း တက္ကသိုလ်သပိတ်မှောက်ကျောင်းသားများကောင်စီဟူ၍ ဖွဲ့စည်းသည်။ ယင်းကောင်စီတွင် ဥက္ကဋ္ဌ ကိုဘဦး၊ ဒုတိယဥက္ကဋ္ဌ ကိုဖိုးလတ်၊ ကိုဘတင်(ကန္နီ)၊ အတွင်းရေးမှူးအဖြစ် ကိုဖေသိန်းနှင့် ငွေထိန်းအဖြစ် ကိုမြင့်တို့ကို ခန့်အပ်တာဝန်ပေးလေသည်။ ဤသို့တာဝန်ခွဲဝေမှုကို နောက်တစ်နေ့ ဒီဇင်ဘာ ၆ ရက်နံနက် ကျောင်းသားထုအစည်းအဝေးခေါ်ယူ၍ အတည်ပြု ကြေညာကြသည်။ ထို့ပြင် သပိတ်မှောက်ခေါင်းဆောင်တို့သည် သပိတ်စခန်းတစ်ခုလုံး စာရွက်ကြီးများပေါ်၌ "ယူနီဗာစီတီအက်ဥပဒေ ပျက်စီးပါစေ၊ ဆာရယ်ဂျီနယ်ကရက်ဒေါက်ပြန်သွား" ဟူသော လှုံ့ဆော်စာများရေးပြီး ကပ်ထားကြသည်။

ဒီဇင်ဘာ ၆ ရက်တွင် ကျောင်းသားသပိတ်သည် ရာနှုန်းပြည့်အောင်မြင်လေသည်။ ရန်ကုန်ကောလိပ်၌လည်းကောင်း၊ ယုဒသန်ကောလိပ်၌ လည်းကောင်း၊ ကျောင်းသားများမရှိသလောက်နည်းပါးလျက်ရှိပြီး ယူနီဗာစီတီကျောင်းမှာ ခြောက်ကပ်နေတော့သည်။ ထို့ကြောင့်ပင် ဆာရယ်ဂျီနယ်ကရက်ဒေါက်ကိုယ်တိုင် ဒီဇင်ဘာ ၇ ရက်တွင် ဖွင့်လှစ်ရန်သတ်မှတ်ထားသော ယူနီဗာစီတီ ဖွင့်ပွဲအခမ်းအနားကို မကျင်းပဖြစ်တော့ဘဲ ရွှေ့ဆိုင်းလိုက်ရလေသည်။

ဤသို့ဖြင့် ဒီဇင်ဘာလ ၁၆ ရက်နေ့အထိ အရေးတော်ပုံ ၁၀ ရက်ကာလအတွင်း မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုသိမ်၊ ပဲခူး၊ လက်ပံတန်း၊ သာယာဝတီ၊ ညောင်တုန်း၊ သထုံ၊ ပျဉ်းမနား၊ စစ်ကိုင်း၊ ရွှေတောင်၊ မြင်းခြံ၊ ဟင်္သာတ၊ သုံးခွ၊ မင်းဘူး၊ မြန်အောင်မြို့များသို့ သပိတ်အရေးတော်ပုံ ကူးစက်သွားကာ အစိုးရကျောင်း များ၊ ခရစ်ယာန် သာသနာပြုကျောင်းများ၊ အထောက်ပံ့ခံကျောင်းများ အစောင့်အရှောက်ခံကျောင်းများ၊ တိုင်းရင်းသားကျောင်းများ၊ YMBA ကျောင်းများ၊ ဗုဒ္ဓဘာသာကျောင်းများ စသည့် ကျောင်းပေါင်း ၄၄ ကျောင်း သပိတ်မှောက်ကြလေတော့သည်။

၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီး၌ ဂျီစီဘီအေအသင်းချုပ်ကြီး ကွန်ဖရင့်ကိုကျင်းပလေသည်။ ထိုနေ့တွင် အုတ်ဖိုမြို့ ဝိုင်အမ်ဘီအေအသင်းမှ ကိုဟန်ဆိုသူက ရန်ကုန်ကောလိပ်၊ ယုဒသန်ကောလိပ်၊ အစိုးရနှင့် အစိုးရထောက်ပံ့ခံကျောင်းများမှ ကျောင်းသားများ၊ ရန်ကုန်တက္ကသိုလ်ဥပဒေကို စတင်သပိတ်မှောက်သောနေ့ အမျိုးသားကျောင်းများဖြစ်ပေါ်လာအောင် စတင်ဆောင်ရွက်သည့်နေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို နေရှင်နယ်ဒေးခေါ် အမျိုးသားနေ့ထူးဟူ၍ ဆုံးဖြတ်ရန်သင့်ကြောင်း အဆိုတင်သွင်းရာ ကွမ်းခြံကုန်းမြို့နှင့် နတ်တလင်းမြို့များမှ အသင်းကိုယ်စားလှယ်လောင်းများက ထောက်ခံသဖြင့် ထိုအဆိုများကို အများသဘောတူဆုံးဖြတ်လိုက်လေသည်။

ထိုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့မှစ၍ ဗြိတိသျှကိုလိုနီပညာရေးစနစ်ကို တော်လှန်အောင်မြင်သော အထိမ်းအမှတ်အဖြစ် နှစ်စဉ်နှစ်တိုင်း အမျိုးသားနေ့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး မြို့တိုင်း၊ ရွာတိုင်း၌ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် တက်ကြွစွာ ဆင်ယင်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၉၅) နှစ်မြောက်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် မျိုးဆက်သစ်များသည် အမျိုးသားခေါင်းဆောင်ကြီးများ ၊ နောင်တော့်နောင်တော်ကျောင်းသားကြီးများ သက်စွန့်ပြီး အနစ်နာခံရယူခဲ့သော အမျိုးသားနေ့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အရေးကြီးသည်။ အမျိုးဘာသာ သာသနာကို စောင့်ရှောက်သည့် ဝံသာနုစိတ်ဓာတ်ရှိရန်လည်း အထူးလိုအပ်သည်။ မြန်မာ့ပညာရေးကိုလည်း နိုင်ငံတကာအဆင့်ကို ထိုးဖောက်နိုင်အောင်ကြိုးစားရမည်မှာ မျိုးဆက်သစ်တို့၏တာဝန်ဖြစ်သည်။ (၉၅) နှစ်မြောက် အမျိုးသားရေး ဦးတည်ချက်များဖြစ်သည့် "နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ၊ အမျိုးသားပညာရည်မြင့်မားရေး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး" စသည့် ဦးတည်ချက်တို့ကို အကောင်အထည်ဖော်ရမည်မှာ မျိုးဆက်သစ်လူငယ်များ၏ တာဝန်သာဖြစ်ပေတော့သည်။

### အမျိုးသားနေ့ တို့မမေ့

ကိုလိုနီခေတ် ကျွန်ပညာ
ငါတို့မလိုပါ၊
ဝိုင်းဝန်းကာ ညီညာပေါင်း
တို့အမျိုးသားကျောင်း။
ခေါင်းဆောင်ကောင်းတို့ လမ်းညွှန်လာ
ငါတို့ ပြည်မြန်မာ။
မြန်မာဘာသာ စာစကား
 တို့များ အလေးထား။
အမျိုးသားဟေ့ တို့မြန်မာ
သွေးစည်းလက်တွဲကာ၊
မြန်မာ့စဉ်လာ သွင်ပေလေ့
အစဉ်ဦးညွတ်၍။
အမျိုးဂုဏ်စာဂုဏ်မြှေ့
ဇာတိမာန်အပြည့်၊
ဘယ်သောဘယ်ခါကွယ်မမေ့
တို့အမျိုးသားနေ့။ ။

ကိုရင်ထွန်းလွင်(သမန်းကန်)
တံတားဦး

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# အထူးစီးပွားရေးဇုန် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးကိစ္စ ရှင်းလင်းခြင်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃

**ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်ကျင်းပရာ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းအား ရှင်းလင်းဆွေးနွေးခြင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေးကိစ္စ ရှင်းလင်းခြင်းနှင့် ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေး သဘာတူစာချွန်လွှာကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးပြီး အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။**



အစည်းအဝေးတွင် **၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကံချွန်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်တို့က ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် လွှတ်တော်နာယကက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း အစီအစဉ်ပြီးဆုံးသဖြင့် ယင်းဥပဒေကြမ်းအပေါ် ဆွေးနွေးခဲ့သည့် ကိုယ်စားလှယ်ခုနစ်ဦးမှ ရငွေ၊ သုံးငွေများနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို ထပ်မံတင်သွင်းလိုပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း၊ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လိုအပ်ပါက ထပ်မံဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်ကြေညာသည့် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းအား ရေနက်ဆိပ်ကမ်းစီမံကိန်း၊ စက်မှုဇုန်စီမံကိန်းနှင့် အဆင့်မြင့် အိမ်ရာစီမံကိန်းများထည့်သွင်း၍ တည်ထောင်သွားမည်ဖြစ်သည့်အတွက် လိုအပ်သည့် မြေ ၄၂၈၉ ဒသမ ၃၂ ဧကအား နယ်နိမိတ်ဧရိယာအဖြစ် သတ်မှတ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း။

စက်မှုဇုန်စီမံကိန်း နယ်နိမိတ်ဆောင်ရွက်မည့် ဧရိယာသည် ကျောက်ဖြူမြို့၏ တောင်ဘက် ၈ ဒသမ ၅ ကီလိုမီတာခန့်အကွာအဝေးတွင်ဖြစ်ပြီး ကန္ဒီးကျေးရွာအုပ်စု၊ သိုင်းချောင်းကျေးရွာအုပ်စု၊ ကြတ္တိန်ကျေးရွာအုပ်စု၊ ကပ်သပြေကျေးရွာအုပ်စုနှင့် ချောင်းဝကျေးရွာအုပ်စုတို့ပါဝင်ပါကြောင်း၊ အဆင့်မြင့်အိမ်ရာစီမံကိန်း နယ်နိမိတ်ဆောင်ရွက်မည့် ဧရိယာတွင် ကျောက်ဖြူမြို့၏တောင်ဘက်ယွန်းယွန်း ၁၂ ကီလိုမီတာခန့် အကွာအဝေးတွင်ရှိပြီး ချောင်းဝကျေးရွာအုပ်စု၊ မင်းပြင်ကျေးရွာအုပ်စုတို့ ပါဝင်ကြောင်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၁) နယ်နိမိတ်ဆောင်ရွက်မည့် ဧရိယာသည် မဒဲကျွန်း၏မြောက်ဘက်တွင် ဖြစ်ပြီး ရေနက်ဆိပ်ကမ်းစီမံကိန်း အမှတ်(၂) ဆောင်ရွက်မည့် ဧရိယာသည် ရမ်းဗြဲကျွန်း၏ မြောက်ဘက် သစ်ပုတ်တောင်အနီးတွင်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီး နယ်နိမိတ်မှတ်တိုင်များကို စိုက်ထူနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ကျေးရွာများကိုလည်း ရှောင်လွှဲနိုင်ခဲ့ပါကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်စဉ်မှစ၍ ယခုအချိန်ထိ လုပ်ငန်းအဆင့်တိုင်းကို နိုင်ငံတော်ကချမှတ်ထားသော မူဝါဒသဘောထားများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်သည့်နည်းလမ်း၊ ပြည်သူလူထု၏ သဘောထားကို အခြေခံသည့် နည်းလမ်း၊ သက်ဆိုင်သည့်မိတ်ဖက်အဖွဲ့ပေါင်းစုံနှင့် ဆွေးနွေးတိုင်ပင်သည့် နည်းလမ်း၊ ပွင့်လင်းမြင်သာသည့် နည်းလမ်း၊ တာဝန်ခံနိုင်သည့် နည်းလမ်းများဖြင့်ပါ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တို့တွင် ကျရောက်လာနိုင်သည့် ထိခိုက်နစ်နာမှုများကို လေ့လာစောင့်ကြည့် ကြပ်မတ်ရန်အတွက် ဒေသခံအများစုပါဝင်သည့် မိတ်ဖက်အဖွဲ့ပေါင်းစုံ စောင့်ကြည့်လေ့လာရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသလွှမ်းခြုံပြင်မစီမံချက်တွင် ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်မြို့နယ်များ ပါဝင်ပါကြောင်း၊ ကျောက်ဖြူကို စက်မှုလုပ်ငန်းများ အဓိကထားဆောင်ရွက်မည့် ဇုန်၊ ရမ်းဗြဲကို စိုက်ပျိုးရေးလုပ်ငန်း အခြေပြုဆောင်ရွက်မည့်ဇုန်၊ မာန်အောင်ကို သဘာဝအခြေခံခရီးသွားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်ဇုန်များအဖြစ် ထည့်သွင်းရေးဆွဲထားပါကြောင်း။

ကျောက်ဖြူအထူးစီးပွားရေးဇုန် နယ်နိမိတ်ဧရိယာကို ဒေသလွှမ်းခြုံပင်မစီမံချက်အနေဖြင့် သတ်မှတ်ဆောင်ရွက်မည်ဖြစ်သော်လည်း ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး အကောင်အထည်ဖော်မည့်ဧရိယာမှာ စက်မှုဇုန်စီမံကိန်းအတွက် ဧက ၂၅၀ (ဟက်တာ ၁၀၀) သာဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် နယ်နိမိတ်အဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာမည့် ဧရိယာစုစုပေါင်း ၄၂၈၉ ဒသမ ၃၂ ဧက (၁၇၃၅ ဒသမ ၈၃ ဟက်တာ) သည် နောင်နှစ် ၂၀၊ ၃၀ ကာလများတွင် တိုးချဲ့ဆောင်ရွက်သွားနိုင်မည့် ဧရိယာများသာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အစိုးရအဖွဲ့များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံအစိုးရအဖွဲ့များအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေး သဘောတူစာချွန်လွှာကို မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ**နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာ ခင်ရွှေနှင့် ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်တို့က ဆွေးနွေးကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုးကျော်အုန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဒီဇင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အစီရင်ခံစာတစ်ခု လွှတ်တော်၏အတည်ပြုချက်ရယူခြင်းနှင့် ဥပဒေကြမ်းလေးခု လွှတ်တော်၏အဆုံးအဖြတ်ရယူဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ အစီရင်ခံစာနှစ်ခုတင်သွင်းပြီး အစီရင်ခံစာတစ်ခု လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ဥပဒေကြမ်းလေးခု လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့် ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီတို့က အစီရင်ခံစာများကို တင်သွင်းကြရာ ယင်းအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးအဋ္ဌမနေ့က တင်ပြခဲ့သည့် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာနှင့် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာတို့ကို လွှတ်တော်က သဘောတူကြောင်း အတည်ပြုသည်။


ဦးကြည်သာ


ဦးခိုင်မောင်ရည်

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသည့် **"သက်သေခံအက်ဥပဒေ**

*စာမျက်နှာ ၉ ကော်လံ ၁*

အမျိုးသားလွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်းငါးခု ဆွေးနွေးအတည်ပြု


ဒုတိယဝန်ကြီး ဦးထင်အောင်


ဦးစံပြည့်

**နေပြည်တော် ဒီဇင်ဘာ ၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အပါအဝင် ဥပဒေကြမ်းငါးခု ဆွေးနွေးခြင်း၊ အစီရင်ခံစာဖတ်ကြားခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစား၊ သဘာဝအရင်းအမြစ် အနေအထားနှင့် အလုပ်အကိုင်အခွင့်အလမ်း အနေအထားတို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ လုပ်ကိုင်ခွင့်ခွဲဝေပေးနိုင်မှု အခွင့်အလမ်း နယ်ဘောင်ကျဉ်းသွားမည်ဖြစ်ပါကြောင်း၊ ဥပဒေပြင်ဆင်ခြင်း၏ ရည်ရွယ်ချက်ကို လွဲချော်သွားနိုင်သည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် ပုဒ်မ ၁၂ ပုဒ်မခွဲ(ဆ)ကို

*စာမျက်နှာ ၉ ကော်လံ ၃*



**နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲမှု ဗဟိုကော်မတီအစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)

*✱ ရှေ့ဖုံးမှ*

ပြုပြင်ပြောင်းလဲမှုများကို အစီအစဉ်တကျ ဆောင်ရွက်ခဲ့ပြီး နိုင်ငံအတွက် အဓိကလိုအပ်သည့် ဒီမိုကရေစီ အခြေခံအုတ်မြစ်ကောင်းများကို ချမှတ်ပေးနိုင်ခဲ့ပါကြောင်း။

ဒီမိုကရေစီစနစ်ကို စစ်မှန်စွာ ပြုပြင်ပြောင်းလဲပေးသည်နှင့် လျော်ညီစွာ တစ်ဖက်ကလည်း ကမ္ဘာ့နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်ဆံမှုပိုမိုကောင်းမွန်လာခဲ့ပြီး နိုင်ငံတကာ အကူအညီ အထောက်အပံ့နှင့် ချေးငွေများသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်များအဖြစ် တိုးပွားလာခဲ့သည့်အတွက် နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အောင်မြင်သည့် ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်ကောင်းအဖြစ် ၂၀၁၂ ခုနှစ် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ကနေပြီး ပုံမှန်ဆက်ဆံရေးရရှိသည့် နိုင်ငံအဆင့် (Normal Country Program)ကို ပြန်လည်ပေးလာခဲ့ပြီး အကျိုးဆက်အနေဖြင့် ယခင်ကရရှိခဲ့သည့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီ (Humanitarian Aid) ထက် နိုင်ငံဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် (Development Aid) များကို ကူးပြောင်းပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံအချင်းချင်း၊ အပြည်ပြည်ဆိုင်ရာနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများစသည့်ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအတွက် ဆွေးနွေးနိုင်သည့် Platform တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (Myanmar Development Cooperation Forum-MDCF)များကို ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်များတွင် ကျင်းပနိုင်ခဲ့ပြီး ပထမအကြိမ်ဖိုရမ်မှာ နေပြည်တော် သဘောတူညီချက် (Nay Pyi Taw Accord)ကို ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ဒုတိယအကြိမ်ဖိုရမ်တွင် အကူအညီများထိရောက်မှုရှိရေး၊ တတိယအကြိမ် ဖိုရမ်တွင် ပွင့်လင်း၍ အားလုံး အကျုံးဝင်ပြီး တီထွင်ဆန်းသစ်သည့် ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ဆက်လက်လုပ်ဆောင်သွားရန် ဆိုသည့် သဘောတူညီချက်များကို ရရှိခဲ့ပြီး ဖွံ့ဖြိုးမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတကာ၏ ဖွံ့ဖြိုးမှုအကူအညီများကို ရရှိခဲ့သည့်နေရာတွင် တရားဝင်ဖွံ့ဖြိုးမှု အကူအညီ



**ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ရှင်းလင်းတင်ပြစဉ်။**

(Official Development Assistance-ODA)များ၊ အတိုးနှုန်း သက်သာသောချေးငွေများကို ရရှိနိုင်ခဲ့သည့်အပြင် ကုန်သွယ်ရေးဖွံ့ဖြိုးမှုအတွက် ချေးငွေ(Aid For Trade and Commercial Loan)၊ မြို့ရွာကျေးလက်ဖွံ့ဖြိုးရေးအတွက် ချေးပေးသော (Community Development Loan)များ၊ ကုန်သွယ်မှုအထူးခံစားခွင့်များ(Generalize Scheme of Preferences-GSP)များကိုလည်း ရရှိလာခဲ့ပါကြောင်း၊ ရရှိလာသည့် ပြည်ပအကူအညီ အထောက်အပံ့များကို ဆောင်ရွက်ပေးခဲ့သည့်နေရာတွင် ဒေသဖွံ့ဖြိုးရေးစီမံကိန်း (Regional Development Plan) အရ ဦးစားပေးကဏ္ဍ (Priority Sector)နှင့် ဦးစားပေးနယ်မြေ (Priority Area)ကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ အပြန်အလှန်ညှိနှိုင်း၍အချိုးကျမျှတစွာဖြစ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံဖြစ်မှု၊ မြေပြိုမှုစသည့် သဘာဝဘေးအန္တရာယ်များ ကြုံခဲ့သည့်အခါတွင်လည်း အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများက တတ်နိုင်သည့် ငွေ



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရှင်းလင်းတင်ပြစဉ်။**

ကြေးအကူအညီများ၊ စားနပ်ရိက္ခာအကူအညီများအပြင် နည်းပညာဆိုင်ရာအကူအညီများကို ထောက်ပံ့ပေးခဲ့ကြသည့်အတွက်လည်းအဖွဲ့အစည်းများအားလုံးကို ပြည်သူများ၏ ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

ဖွံ့ဖြိုးမှုအကူအညီများကို ရယူဆောင်ရွက်သည့်အခါ နိုင်ငံအတွက် အကျိုးရှိအောင် အသုံးပြုရန်၊ ပွင့်လင်းမြင်သာမှုရှိရှိဆောင်ရွက်ရန်၊ ထိရောက်သော ဖွံ့ဖြိုးမှုအကူအညီဖြစ်ရန်နှင့် ပြည်သူများ လက်တွေ့ခံစားနိုင်သော ဖွံ့ဖြိုးမှုအသီးအပွင့်များ ဖြစ်စေရန်ရှေးရှုပြီး အစဉ်တစိုက် အာရုံထားဆောင်ရွက်ခဲ့ကြပြီး ရှေ့ဆက်ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring and Evaluation)ကို ဆောင်ရွက်နိုင်အောင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အလှူရှင်နိုင်ငံများနှင့် မိမိနိုင်ငံအတွင်းက အကောင်အထည်ဖော်သည့် အဖွဲ့ အစည်းများအားလုံးကပါ ကြည့်ရှုဆန်းစစ်နိုင်မည့် နိုင်ငံခြားအကူအညီ အထောက်အပံ့ သတင်းအချက်အလက်စနစ် (Aid Information Management System) ကိုလည်း တည်ထောင်နိုင်ခဲ့သည့်အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။**

အစည်းများ၏ ယုံကြည်မှုကို ပိုမိုရရှိလာခဲ့ပါကြောင်း။

ယခုအစည်းအဝေးတွင် မိမိတို့အစိုးရ သက်တမ်းကာလအတွင်း လက်စသတ်ရမည့် လုပ်ငန်းများကို လက်စသတ်နိုင်အောင် ဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လက်ရှိရောက်ရှိနေသည့်အခြေအနေနှင့် ပြီးစီးမည့်အချိန်၊ ငွေကြေးရရှိထားမှု၊ သုံးစွဲမှုများကို ပွင့်ပွင့်လင်းလင်း စိစစ်ဆွေးနွေးသွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အစိုးရ စတင်တာဝန်ထမ်းဆောင်ခဲ့စဉ်ကစပြီး အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူ မိတ်ဖက်အစည်းအဝေး ကျင်းပခဲ့ပါကြောင်း၊ ထို့အတူ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုမူဘောင်(FESR)ကို ရေးဆွဲချမှတ်ခဲ့ပါကြောင်း၊ ၎င်းမူဘောင်သည် မိမိတို့၏ သတ်မှတ်ညွှန်းမှတ်ဖြစ်ပါကြောင်း၊ Loan/Grant & Aid ရယူရန် စဉ်းစားသည့်အခါတွင် ၎င်းညွှန်းမှတ်က အဓိကဖြစ်ပြီး နိုင်ငံခြားအကူအညီ အထောက်အပံ့ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ၊ ဗဟိုကော်မတီအဆင့်ဆင့် ဖွဲ့စည်းစိစစ်ဆောင်ရွက်ခဲ့ပါကြောင်း။

လုပ်ငန်းစဉ်ကို တင်ပြရလျှင် သက်ဆိုင်ရာ Development Partners (DPs) များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးမှု ပထမဦးစွာ လုပ်ရပါကြောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန FESR နှင့် မူတည်ညှိနှိုင်းရပါကြောင်း၊ ညှိနှိုင်းပြီးက လုပ်ငန်းကော်မတီတွင် ဆွေးနွေးပြီး ဗဟိုကော်မတီဥက္ကဋ္ဌထံ တင်ပြရပါကြောင်း၊ ထို့နောက် အစိုးရအဖွဲ့ထံ တင်ပြအတည်ပြုရပါကြောင်း။

ချေးငွေနှင့် ပတ်သက်လျှင် ပိုပြီးတင်းကျပ်စွာ စိစစ်ဆောင်ရွက်ရပါကြောင်း၊ လုပ်ငန်းကော်မတီအပြင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကြွေးမြီချေးယူမှု ခံနိုင်ရည်ဆန်းစစ်ခြင်းကိုလည်း တွက်ချက်ညှိနှိုင်းပါကြောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့်အတူ ဗဟိုဘဏ်နှင့်လည်း ညှိနှိုင်းရပါကြောင်း၊ ဗဟိုကော်မတီဥက္ကဋ္ဌထံ တင်ပြပြီးက အစိုးရအဖွဲ့ထံ တင်ပြရပါကြောင်း၊ ပြီးမှ လွှတ်တော်ကို လျှောက်ထားရပါကြောင်း။

လုပ်ဆောင်ချက်များအားလုံး စနစ်တကျဆောင်ရွက်ခဲ့ပါကြောင်း၊ Grant/Aid များက ငွေရတာမဟုတ်ဘဲ နည်းပညာနှင့်ပစ္စည်း ၎င်းတို့ပညာရှင်များ၏ လစာစရိတ်များသာဖြစ်ပါကြောင်း၊ အစိုးရအနေနှင့် ငွေကြေးလက်ခံရယူခြင်း မရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံတော် အစိုးရတာဝန်ယူခဲ့သည့် ၂၀၁၁ ခုနှစ် ဧပြီလမှစပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်အထိ ရယူဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတကာအကူအညီ အထောက်အပံ့နှင့် နည်းပညာအကူအညီများဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြရာတွင် နိုင်ငံအချင်းချင်း ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအနေဖြင့် ၂၃ ခု၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအနေဖြင့် ငါးခု၊ ကုလသမဂ္ဂအဖွဲ့အစည်းအနေဖြင့် အခု ၂၀၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ၁၁၇ ခု၊ ကော်မတီများအပါအဝင် အခြားအဖွဲ့အစည်းများအနေဖြင့် ၁၀ ခု စုစုပေါင်းဖွံ့ဖြိုးမှု မိတ်ဖက်များအနေဖြင့် ၁၇၆ ခုရှိပါကြောင်း။

အဆိုပါအဖွဲ့အစည်းများဖြင့် ဆောင်ရွက်လျက်ရှိရာ နိုင်ငံအချင်းချင်းဆောင်ရွက်မှုတွင် စီမံချက် ၂၉၇ ခု၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင် စီမံချက် ၄၆ ခု၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင် စီမံချက် ၄၃၇ ခု၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့် ဆောင်ရွက်မှုတွင်စီမံချက် ၁၅၇ ခု၊ အခြားအဖွဲ့အစည်းများဖြင့်ဆောင်ရွက်မှုတွင် စီမံချက် ၁၁ ခု စုစုပေါင်း စီမံချက် ၉၄၈ ခုကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တန်ဖိုးအားဖြင့် စုစုပေါင်းအမေရိကန်ဒေါ်လာ သန်းပေါင်း ၃၆၁၄ ဒသမ ၈၅၅ ညှိနှိုင်းမှုများရှိခဲ့ပြီး ရရှိပြီးတန်ဖိုးပစ္စည်းနှင့်နည်းပညာ တန်ဖိုးများအပါအဝင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၃၃၄ ဒသမ ၈၅၇ ရရှိခဲ့ပါကြောင်း။

ဆောင်ရွက်ပြီး လုပ်ငန်းများအနေဖြင့် နိုင်ငံအချင်းချင်းအနေဖြင့် လုပ်ငန်းပြီးစီးမှု ၁၂၁ ခု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း ၁၇၆ ခု၊

*စာမျက်နှာ ၉ ကော်လံ ၁ သို့*

*စာမျက်နှာ ၈ မှ*

ရရှိရန်ကျန်သည့်တန်ဖိုး အမေရိကန် ဒေါ်လာသန်းပေါင်း ၉၂၉ ဒသမ ၀၂၀၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် လုပ်ငန်းပြီးစီးမှု ၁၈ ခု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း ၂၈ ခု၊ ရရှိရန်ကျန်သည့်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၈၇ ဒသမ ၀၃၀၊ ကုလသမဂ္ဂ အဖွဲ့အစည်းအနေဖြင့် လုပ်ငန်းပြီးစီးမှု ၃၃၃ ခု၊ ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်း ၁၀၄ ခုနှင့် ရရှိရန်ကျန်သည့် တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၁ ဒသမ ၈၂၇၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းအနေဖြင့် လုပ်ငန်းပြီးစီးမှု ၄၃ ခု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်း ၁၁၄ ခု၊ ရရှိရန်ကျန်သည့် တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၂၉ ဒသမ ၄၉၅၊ အခြားအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းပြီးစီးမှုငါးခု၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းခြောက်ခု၊ ရရှိရန်ကျန်သည့်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၂ ဒသမ ၆၂၃ ရှိပါကြောင်း။

ထို့ကြောင့် စုစုပေါင်းအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်း အရေအတွက် ၁၇၆ ခု၊ စီမံချက်ပေါင်း ၉၄၈ ခု၊ စီမံချက် တန်ဖိုးအမေရိကန်ဒေါ်လာသန်းပေါင်း ၃၆၀၄ ဒသမ ၈၅၅ ဆောင်ရွက်ခဲ့ရာ ဆောင်ရွက်ပြီး စီမံချက်ပေါင်း ၅၂၀၊ ဆောင်ရွက်ပြီးစီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၁၃၅၅ ဒသမ ၆၁၈၊ ဆောင်ရွက်ဆဲလုပ်ငန်းစဉ်ပေါင်း ၄၂၈ ခု၊ ဆောင်ရွက်ဆဲစီမံချက်တန်ဖိုး အမေရိကန်ဒေါ်လာသန်းပေါင်း ၂၂၅၉ ဒသမ ၂၃၈ ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်တွင်း/ပြည်ပ ကြွေးမြီစီမံခန့်ခွဲမှုကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ငွေတိုက်ဦးစီးဌာနကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ငွေတိုက်ဦးစီးဌာနအောက်တွင် ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲအား ဖွဲ့စည်းထားရှိပြီး နိုင်ငံတကာအဆင့်မီ ကြွေးမြီစီမံခန့်ခွဲမှု ဆောင်ရွက်နိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကူအညီဖြင့် ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

ထို့အပြင် ကြွေးမြီမှတ်တမ်းတင်မှုနှင့် စီမံခန့်ခွဲမှုစနစ် တိုးတက်ဖွံ့ဖြိုးရန်၊ ပြည်သူ့ကြွေးမြီ ဆိုင်ရာ ဥပဒေနှင့် ဖွဲ့စည်းမှုမူဘောင် သတ်မှတ်ပြဋ္ဌာန်းရန်၊ ကြွေးမြီစီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်တို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း ပြည်ပသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်စေခဲ့ပါကြောင်း။

ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ (မူကြမ်း)ကိုလည်း ရေးဆွဲပြုစုပြီး ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြထားပါကြောင်း၊ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ (Medium Term Debt Management Strategy) ချမှတ်ခြင်း၊ ချေးငွေယူမှု အစီအစဉ် (Borrowing Plan) ရေးဆွဲခြင်းတို့ကို အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်ပညာရှင်အကူအညီဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကြွေးမြီခံနိုင်ရည်ရှိမှု လေ့လာသုံးသပ်ချက် (Debt Sustainability Analysis) ကိုလည်း ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးဆောင်ရွက်မှုများကြောင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုများလာပါကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံခြားအကူအညီအထောက်အပံ့နှင့် ပတ်သက်သည့် စနစ်တကျစီမံခန့်ခွဲနိုင်မှု၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်မှု၊ တိုင်းဒေသကြီး/ပြည်နယ်များ အချိုးကျမျှတစွာ ရရှိခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ခဲ့မှု၊ လူမှုရေးနှင့်စီးပွားရေး၊ နိုင်ငံရေးကဏ္ဍများတွင် အကျိုးရှိရှိသုံးစွဲနိုင်အောင် စီမံဆောင်ရွက်နိုင်ခဲ့မှုများကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထိုက်အသင့် ရှိလာသည်ကို ကိန်းဂဏန်းများအရ သိရှိနိုင်ပါကြောင်း။

ဝန်ကြီးဌာနအသီးသီးနှင့် ဗဟိုအဖွဲ့အစည်းများက တင်ပြခဲ့ရာတွင် ငွေကြေးပစ္စည်းနှင့် နည်းပညာ အကူအညီ အထောက်အပံ့များ၊ ချေးငွေများကို စနစ်တကျ ရယူဆောင်ရွက်ခဲ့ကြရာတွင် မိမိတို့၏ အစိုးရသက်တမ်းကာလအတွင်း ပြီးစီးခဲ့သည့် လုပ်ငန်းများရှိသကဲ့သို့ နောင်ကာလများတွင် ဆက်လက်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းစီမံကိန်းများ၊ လုပ်ငန်းများကျန်ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ကျန်ရှိနေသေးသည့် လုပ်ငန်းစီမံကိန်းများထဲမှ မိမိတို့ အစိုးရသက်တမ်းအတွင်း လက်စသတ်နိုင်မည့်လုပ်ငန်းများကို လက်စသတ်နိုင်အောင် ဆောင်ရွက်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျစာရင်းဇယားများဖြင့် ဆောင်ရွက်ထားရှိရန်နှင့် မိမိတို့ စတင်လမ်းခင်းပေးသည့် ဒီမိုကရေစီနိုင်ငံ ထူထောင်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး၊ တိုင်းရင်းသား ပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားစေရေးစသည့် လုပ်ငန်းစဉ်များကို အထောက်အကူပြုစေမည့် ဖွံ့ဖြိုးမှုအကူအညီ လုပ်ငန်းများအဖြစ် ထားရှိသွားနိုင်ရေး ဆောင်ရွက်သွားကြရန် ပြောကြားသည်။ **(သတင်းစဉ်)**

ဇယား (၁)

**အကူအညီ အထောက်အပံ့နှင့် နည်းပညာ အကူအညီ တို့ဖြင့် ဆောင်ရွက်သော လုပ်ငန်းစီမံချက်များ စာရင်းပေါင်းချုပ်**
**(၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်ထိ ရရှိမှု)**

| စဉ် | နိုင်ငံ / အဖွဲ့အစည်း | နိုင်ငံ၊ အဖွဲ့အစည်း အရေအတွက် | စုစုပေါင်း | | | ဆောင်ရွက်ပြီး | | | ဆောင်ရွက်ဆဲ | | | ရရန်ကျန် တန်ဖိုး (USD) သန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | စီမံချက် | စီမံချက် တန်ဖိုး (USD) သန်း | ရရှိပြီးတန်ဖိုး (USD) သန်း | စီမံချက် | စီမံချက် တန်ဖိုး (USD) သန်း | ရရှိပြီးတန်ဖိုး (USD) သန်း | စီမံချက် | စီမံချက် တန်ဖိုး (USD) သန်း | ရရှိပြီးတန်ဖိုး (USD) သန်း | |
| က | နိုင်ငံအချင်းချင်း | ၂၉ | ၂၉၇ | ၁,၉၅၄.၁၈၈ | ၁,၀၂၅.၁၆၉ | ၁၂၁ | ၆၉၆.၀၄၆ | ၆၈၉.၉၂၃ | ၁၇၆ | ၁,၂၅၈.၁၄၃ | ၃၃၅.၂၄၅ | ၉၂၉.၀၂၀ |
| ခ | အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း | ၅ | ၄၆ | ၁၄၃.၄၆၆ | ၅၆.၄၃၂ | ၁၈ | ၁၅.၃၇၉ | ၁၅.၁၇၉ | ၂၈ | ၁၂၈.၀၈၇ | ၄၁.၂၅၃ | ၈၇.၀၃၀ |
| ဂ | ကုလသမဂ္ဂအဖွဲ့ အစည်းများ | ၂၈ | ၄၃၇ | ၈၇၄.၁၆၉ | ၇၄၂.၃၄၂ | ၃၃၃ | ၄၂၀.၈၁၄ | ၄၄၁.၀၁၅ | ၁၀၄ | ၄၅၂.၃၅၅ | ၃၀၁.၃၂၆ | ၁၃၁.၈၂၇ |
| ဃ | နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့ အစည်းများ | ၁၀၉ | ၁၅၇ | ၆၃၆.၃၆၆ | ၅၀၆.၈၇၁ | ၄၃ | ၂၁၇.၉၅၂ | ၁၉၂.၀၉၂ | ၁၁၄ | ၄၁၈.၄၁၄ | ၃၁၄.၇၇၉ | ၁၂၉.၄၉၅ |
| င | အခြား | ၁၀ | ၁၁ | ၆.၆၆၆ | ၄.၀၄၃ | ၅ | ၄.၄၂၇ | ၃.၀၃၂ | ၆ | ၂.၂၃၉ | ၁.၀၁၁ | ၂.၆၂၃ |
| | စာရင်းပေါင်းချုပ် | ၁၇၆ | ၉၄၈ | ၃,၆၀၄.၈၅၅ | ၂,၃၃၄.၈၅၇ | ၅၂၀ | ၁,၃၅၅.၆၁၈ | ၁,၃၄၁.၂၄၂ | ၄၂၈ | ၂,၂၅၉.၂၃၈ | ၉၉၃.၆၁၅ | ၁,၂၇၉.၉၉၈ |

*ပြည်သူ့လွှတ်တော်မှ*

**ကို ပြင်ဆင်သည့် ဥပဒေကြမ်း"၊ "ပြည်ထောင်စုလွှတ်တော်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း"၊ "နိုင်ငံခြားသုံးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"**တို့ကို ပြင်ဆင်ချက်များဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် "ဘက်စုံပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လွှတ်တော်က အတည်ပြုသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**မိုးဆက်လက်ထစ်ချုန်းရွာမည်** ၃-၁၂-၂၀၁၅

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ **(မိုး/ဇလ)**

*အမျိုးသားလွှတ်တော်မှ*

အဆိုပြုအတိုင်းသာ ထားသင့်ပါကြောင်း ဆွေးနွေးရာ လွှတ်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ**ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်က အဆိုပြုချက်အတိုင်းသာ ထားရှိရန် ထောက်ခံဆွေးနွေးရာ လွှတ်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ပြန်လည်ကြားနာရန် ဆုံးဖြတ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် **ကုန်သွယ်ရေကြောင်းသွားလာရေးဆိုင်ရာ တူးမြောင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်က ခေတ်နှင့်လျော်ညီစွာ ပြန်လည်ရေးဆွဲနိုင်ရန်အတွက် အကျိုးအကြောင်းဖော်ပြပြီး ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် သဘောတူသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ပေးပို့လာသည့် **မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်က အတည်ပြုသည်။

ယင်းနောက် **၂၀၁၅ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းရာ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က **၂၀၁၅ ခုနှစ်ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်မှ အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ဒီဇင်ဘာ ၄ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# မသန်စွမ်းသူများ၏ လူနေမှုဘဝလုံခြုံစိတ်ချပြီး ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ကြဉ်းပေး

**နေပြည်တော် ဒီဇင်ဘာ ၃**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့(International day of Persons with Disabilities for 2015) အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ MICC(2) ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံ လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် မသန်စွမ်းသူများအား ထောက်ပံ့ပေးခြင်းလုပ်ငန်းများအပါအဝင် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် အုပ်စုများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် တစ်ဆင့်ပြီးတစ်ဆင့် ထောက်ပံ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းအရ မသန်စွမ်းသူဦးရေသည် လူဦးရေစုစုပေါင်း၏ ၄ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး ကိန်းဂဏန်းအားဖြင့် ၂ ဒသမ ၃ သန်းကျော်ရှိပါကြောင်း၊ ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention on the Rights of Persons with Disabilities-UNCRPD) ကို မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။



"မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ (The Right of Persons with Disabilities Law) ကို ပြည်ထောင်စုလွှတ်တော်က ယခုနှစ် ဇွန် ၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းဥပဒေတွင် နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ရေးရာအဖြာဖြာ၌ မသန်စွမ်းသူများအားလုံး ပေါင်းစည်းပါဝင်နိုင်အောင် လုပ်ပိုင်ခွင့်နှင့် စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မသန်စွမ်းကျောင်း ရှစ်ကျောင်းကို စံပြမသန်စွမ်းကျောင်းများအဖြစ် ဖွင့်လှစ်ထားပြီး ပြင်ပရှိ မျက်မမြင်၊ နားမကြားစသည့် မသန်စွမ်း စောင့်ရှောက်ရေး ပရဟိတဂေဟာ ၁၀ ခုကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၅၇ ဒသမ ၇၂၃ သန်းထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုနှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် မျက်မမြင်သုံး သင်္ကေတများပါရှိသော Template (ပုံစံပြား)ကို အသုံးပြုပြီး အခြားအကူအညီမပါဘဲ မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးခဲ့ကြပါကြောင်း၊ "လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးဖို့၊ မသန်စွမ်းအားလုံး စွမ်းအားမြှင့်တင်စို့" (Inclusion Matters: Access and Empowerment for People of All Abilities) ဆိုသည့် ဆောင်ပုဒ်အတိုင်း မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုများကို နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးက အသိအမှတ်ပြုကြရန်နှင့် မသန်စွမ်းသူများ၏ လူနေမှုဘဝလုံခြုံ စိတ်ချမှုရှိပြီး ဖွံ့ဖြိုးတိုးတက်မြင့်မားလာအောင် ပူးပေါင်းဆောင်ကြဉ်းပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ဌာနေကိုယ်စားလှယ်က ဖတ်ကြားပြီး မသန်စွမ်းသူများဆိုင်ရာ ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

**(ဝဲပုံ)** **(သတင်းစဉ်)**

# ရင်ဝယ်စွဲလမ်းစေသော ဝတ္ထုရှည်များ

ဦးဟန်ညွန့်(ဉပဒေ)

**အဖေကဆုံးမ**

"ဝတ္ထုတွေမဖတ်ရဘူး။ ကျောင်းစာတွေဖတ်။ စာမေးပွဲကျတတ်တယ်" ဟု အဖေက ကျွန်တော့်ကို ဆုံးမသည်။ အဖေဆုံးမသည့်ကြားက ဝတ္ထုတို၊ ဝတ္ထုရှည်များနှင့် ကျွန်တော်နှစ်ပါးသွားခဲ့သည်။ စွဲလမ်းခဲ့သည်။ နှစ်ခြိုက်ခဲ့သည်။ ကျောင်းစာတွေထက် ဝတ္ထုတွေဘက်သို့ အားသန်ခဲ့သည်။ စာမေးပွဲလည်းအောင်ခဲ့ပါသည်။ ဝတ္ထုဖတ်၍စာမေးပွဲမှာ အမှတ်တွေ ပိုကောင်းခဲ့သည်။ အတွေးအခေါ်ပို၍ **ထက်**ခဲ့သည်ဟု အဖေ့ကို ကျွန်တော်စောဒကတက်ခဲ့မိသည်။ အဖေက ပြုံးနေလေသည်။

**ဝတ္ထုရှည်၏သဘောသဘာဝ**

"ဝတ္ထုရှည်" ဟူသည် အဘယ်နည်း။ ဝတ္ထုရှည်ဆိုတာ ရှည်လျားသောဝတ္ထုဖြစ်သည်။ ဝတ္ထုတိုဆိုတာ တိုသောဝတ္ထုဖြစ်သည်ဟု လွယ်လွယ်ပြောစတမ်းဆိုက ပြော၍ရသည်။ သို့သော်ငြား-

(က) "အင်္ဂလိပ်ဘာသာဖြင့် နော်ဗယ်ဟုခေါ်သော ဝတ္ထုရှည်ကို စာပေအနုပညာပုံသဏ္ဌာန်တစ်ခုဟု လူအများနားလည်ထားကြလေသည်။ စာပေ၌ ဤမျှနေရာယူ တွင်ကျယ်လေသော ဝတ္ထုရှည်ကို စာပေပုံသဏ္ဌာန်တစ်ခုဟုခေါ်သည် ဖြစ်စေ၊ စာပေမျိုးကွဲပုံစံတစ်ခုဟုခေါ်သည်ဖြစ်စေ၊ အဘယ်ဟူ၍ တိတိကျကျဘောင်အနားခတ်၍ သပ်သပ်ရပ်ရပ် အနက်ပေး ဖွင့်ဆိုရန် ခက်ခဲလှပေသည်" ဟု **စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်**က ဖွင့်ဆိုပေသည်။

(ခ) "မြန်မာဝတ္ထုရှည်သမိုင်းသည် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသမိုင်းနှင့် ဆက်စပ်မှီတွယ်နေပါသည်။ မြန်မာ့လူ့ဘောင်သမိုင်းကို အကြမ်းဖျင်း ပိုင်းခြားလေ့လာသည့်နည်းတူ မြန်မာ့ဝတ္ထုရှည်သမိုင်းကို ပိုင်းခြားလေ့လာပါက သိလွယ် မြင်လွယ်မည်ဟု ထင်ပါသည်။ စာဆိုအကျော် ရှင်မဟာသီလဝံသသည် **ပါရာယန**ကို ရေးဖွဲ့ပြုစုခဲ့သည်။ ပါရာယနတွင်ပါဝင်သော သူမြတ်ရှစ်ဦး၏ ဇာတ်လမ်းရှစ်ခုမှာ ဆက်နွှယ်ပေါင်းစပ်ထားသောဝတ္ထုအဖြစ် ကျမ်းတစ်စောင်ဖြစ်သည်"ဟု **စာရေးဆရာကြီး တက္ကသိုလ်ဝင်းမွန်**က မှတ်တမ်းပြုရေးသားခဲ့ပါသည်။

ဤသို့ဆိုလျှင် ဝတ္ထုရှည်၏ သဘောသဘာဝကို အရိပ်ပြအကောင်ထင်ပေလိမ့်မည်။

**အရှေ့က နေဝန်းထွက်သည့်ပမာ**

စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့် ရေးသားခဲ့သော **"အရှေ့က နေဝန်းထွက်သည့်ပမာ"** ဝတ္ထုရှည်ကြီးသည် ကျွန်တော့်ရင်ဝယ် ယနေ့တိုင် စွဲလမ်းလျက်ရှိဆဲဖြစ်သည်။ ဇာတ်လမ်းဇာတ်ကွက်များ ကိန်းဝပ်နေဆဲဖြစ်သည်။ ဘယ်လိုမှ မေ့ပျောက်၍ မရနိုင်ရှိနေဆဲဖြစ်သည်။ မနေ့တစ်နေ့ကလိုပါပဲ။ ခံစားနေရဆဲ။

အဆိုပါဝတ္ထုရှည်ကြီးသည် မြန်မာနိုင်ငံလွတ်လပ်ရေး အရေးတော်ပုံသမိုင်းကို နောက်ခံကားချပ်ပြုထားပေသည်။ ဂန္ထဝင်မြောက်ဝတ္ထုရှည်ကြီးပါတကား။

ဆရာကြီး ဦးသိန်းဖေမြင့်ကလည်း အရေးကောင်း၊ အဖွဲ့ကောင်း၊ ရည်ရွယ်ချက်ကောင်းလှသည်။ ပုဂ္ဂိုလ်ရေးဆည်းကပ်မှုကြောင့် ကျွန်တော်ရေးခြင်းမဟုတ်။ ဝတ္ထုရှည်ကြီး၏ အဓိကဇာတ်ဆောင် "တင်ထွန်း" ကြောင့်ဟု တထစ်ချရေးရဲ၊ ပြောရဲခြင်းသာဖြစ်သည်။ "တင်ထွန်း" ကို ကြိုက်သည်။ တင်ထွန်းကို ကျွန်တော်စွဲလမ်းသည်။ ကျွန်တော်သာမက စာဖတ်ပရိသတ်အားလုံး စွဲလမ်းမည်မှာ သေချာသည်။

အညာသား တင်ထွန်း။ ဘီအေအောင်ပြီးလျှင် အိုင်စီအက်စ်လုပ်မည်။ တက္ကသိုလ်မှာ သခင်ကျောင်းသားများ ကျောင်းသားသမဂ္ဂခေါင်းဆောင်များနှင့် ပေါင်းမိသည်။ တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးလှုပ်ရှားမှုတွင် တင်ထွန်းပါသည်။ အိမ်ထောင်သည် အမျိုးသမီးတစ်ဦးနှင့် တင်ထွန်း မှားယွင်းငြိစွန်းသည်။ အချစ်ပိုက်ကွန်မှ ရုန်းထွက်ခဲ့သည်။ နိုင်ငံရေးလောကသို့ စွန့်စားဝင်ရောက်သည်။ အရှေ့က နေဝန်းထွက်သည့်ပမာ၊ ဒို့ခေတ်ကိုတော့ ရောက်ရမည်မှာ မလွဲပါ။ ယုံကြည်ချက်ဖြင့် လှုပ်ရှားခဲ့လေသည်။ ဤမြင်ကွင်း၊ ဤဇာတ်လမ်းသည် ဘယ်လိုမှ မမေ့ပျောက်နိုင်သော မြင်ကွင်း၊ ဇာတ်လမ်းဖြစ်နေပေသည်။ ရင်ဝယ် စွဲငြိနေဆဲဖြစ်ပေသည်။

ထို့အတူ "တက်ဘုန်းကြီး" "တက်ခေတ်နတ်ဆိုး" "သပိတ်မှောက်ကျောင်းသား" "လမ်းစပေါ်ပြီ" "အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဝီ" "သီတာပြုံး" စသည့် ဝတ္ထုတို၊ ရှည်များသည်လည်း ရင်ဝယ်စွဲလမ်းမှတ်တမ်းဝင်ခဲ့သော သုတ၊ ရသစာပေများပေတည်း။

**ခေါင်းတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည်**

စာရေးဆရာကြီး မြသန်းတင့်ရေးသားခဲ့သော "ခေါင်းတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်" ဝတ္ထုကြီးသည်လည်း ရင်ဝယ်စွဲလမ်းစေခဲ့သော ဝတ္ထုကြီးဖြစ်သည်။ အကြိမ်ကြိမ်ရိုက်နှိပ်ဖြန့်ချိခဲ့ရသော နာမည်ကျော်ဝတ္ထုကြီး ဖြစ်သည်။

> **အမျိုးသားစာပေ တစ်သက်တာဆု အပါအဝင် ဆုများအားလုံးကို စာပေလောကသားတို့ တညီတညွတ် ရွေးချယ်ခဲ့ခြင်းဖြစ်**

ပင်လယ်တွင်နေခဲ့ရစဉ် အတွေ့အကြုံ၊ လူငယ်ထု၏ အားမာန်တို့ကို ပေါင်းစပ်ရေးဖွဲ့ထားသည်။ အဓိကဇာတ်ဆောင်လေးဦးကို ကျွန်တော်မြင်ယောင်နေဆဲပါ။ (၁) အလုပ်သမားသံချောင်း၊ (၂)အိမ်ပြေးရဲမြင့်၊ (၃)ကဗျာဆရာယောင်ယောင်အလုပ်လက်မဲ့ ကိုနန္ဒာ၊ (၄)မှောင်ခိုစက်လှေပိုင်ရှင် ဦးဘရန်တို့ဖြစ်သည်။ သူတို့လေးဦးသည် သင်္ဘောပျက်ပြီး ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်သွားသည်။ အမြင်အမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုး တွေ့ရသည်။ လက်တွေ့သမား၊ ရင်ဆိုင်ရဲသူ၊ စာတွေ့သမား၊ အတွေးကြွယ်သူ၊ လမ်းမှားနှင့် လမ်းမှန်၊ ကိုယ်ကျိုးရှာသူအကြောင်း၊ အချင်းချင်းပဋိပက္ခ၊ ဝေဖန်ရေး၊ စွန့်စားခန်းစသည် စသည်မြင်ရသည်။ ဖတ်ရသည်။ ကွက်ကွက်ကွင်းကွင်း။ ထင်ထင်လင်းလင်း။

ထို့ကြောင့် ကျွန်တော်ကြိုက်သည်။ စွဲသည်။ လူငယ်ထုအပေါင်းလည်း ကျွန်တော်ကဲ့သို့ပဲဟု ယုံသည်။ ခေါင်းတောင်ကို ကျော်မည်။ မီးပင်လယ်ကို ဖြတ်မည်။ လက်တွေ့ဘဝခံစားကြစို့။ ဤသို့လျှင် ရိုက်ခတ်ခဲ့ပေသည်။

**မောင်ရင်မောင်၊ မမယ်မ**

ပထမဆုံး မြန်မာကာလပေါ်ဝတ္ထုအဖြစ် ပညာရှင်များက လက်ခံထားသော "မောင်ရင်မောင် မမယ်မ" ဝတ္ထုကို စတင်ကြားဖူးခဲ့ပါသည်။ မူလက သိပ်ပြီးနားမလည်ခဲ့ပါ။ ကျွန်တော် ဝန်ခံပါသည်။ သို့သော်ငြား(ပြင်သစ်ဝတ္ထုကို မှီငြမ်းသည်ဆိုသော်ငြား) စာရေးဆရာ ဂျိမ်းလှကျော် (၁၈၀၆-၁၉၂၀)က ရေးသားခဲ့၍ ဖတ်ရခြင်းဖြစ်သည်။ မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်နှင့် လိုက်လျောညီထွေဖြစ်သည်။ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ဖန်တီးသည်။ ဇာတ်လမ်းဆင်သည်။ ထို့ကြောင့် မြန်မာစာဖတ်ပရိသတ် နှစ်သက်စွဲလမ်းသည်။

မောင်ရင်မောင်၊ မမယ်မဝတ္ထု၏ ဂုဏ်ရည်လေးရပ်ကို အောက်ပါအတိုင်း လေ့လာရရှိသည်။

(က) ဝတ္ထု၌ ကိုယ်တွေ့မျက်မြင်ဘဝ ပတ်ဝန်းကျင်အဖွဲ့တို့ပါခြင်း

(ခ) ဝတ္ထု၌ အိုင်ကျင်းအဖွဲ့ကောင်းခြင်း၊ (ဝါ)ဇာတ်လမ်းအဆင်ကောင်းခြင်း

(ဂ) လူ့သဘာဝအဖွဲ့ကို အထူးသဖြင့် ဇာတ်ဆောင်မောင်ရင်မောင်၏ သဘာဝအဖွဲ့ကို နှစ်သက်ဖွယ်ဖြစ်အောင် ဖွဲ့ထားခြင်း

(ဃ) မြန်မာစကားပြေရေးသားပုံ လွယ်ကူပြေပြစ်၍ တည်ငြိမ်သိမ်မွေ့ခြင်းတို့ဖြစ်ကြောင်း **စာဆိုရှင်ဆရာကြီးဇော်ဂျီ**က ရှင်းပြခဲ့ဖူးပေသည်။

**စာပေဗိမာန်၏ ကျေးဇူး**

ဝတ္ထုတို/ရှည်များကို စွဲလမ်းသူ ကျွန်တော့်အနေဖြင့် စာပေဗိမာန်၏ ကျေးဇူးကို မမေ့မလျော့တင်ပြအပ်ပေသည်။ စာပေဗိမာန်အဖွဲ့သည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့တန်းက ရပ်တည်ပေသည်။ စာပေနှီးနှောဖလှယ်ပွဲများ ကျင်းပသည်။ စာတမ်းဖတ်ပွဲများ ပြုလုပ်သည်။ ဝတ္ထုရှည်စာတမ်းများ ဝေငှသည်။ သုတေသနပီသသော တင်ပြချက်များဖြစ်ကြောင်း မြင်ရသည်။ လူငယ်မျိုးဆက်သစ်တို့အား လက်ဆင့်ကမ်းနေခြင်းလည်း ဖြစ်သည်။

ဆရာဦးအေးချို(မဟာဝိဇ္ဇာ)၊ ဆရာနွေသင်နိုင်၊ ဆရာမ မစန္ဒာ၊ ဆရာလက်ာရည်ကျော်၊ ဆရာမ ရွှေသဇ္ဈာ စသည့် စာပေပညာရှင်များ၊ ဝါသနာရှင်များ စုံညီတက်ရောက်ကြသည်။ ဆွေးနွေးကြသည်။ ကျန်သောပွဲများ ရှိဦးမည်။ စာပေဗိမာန်၏ ရှေ့ခရီးမပြီးသေးချေ။

**အမျိုးသားစာပေဆု(ဝတ္ထုရှည်)**

၂၀၁၄ ခုနှစ် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာပြီ။ စာရေးဆရာမ စံပယ်ဖြူနု၏ ငြိမ်းချမ်းရေးတမ်းတသံများကို ရေးဖွဲ့သော "မြောက်ဖျားက အလွမ်းရာသီ" ဝတ္ထုရှည်က အမျိုးသားစာပေဆု(ဝတ္ထုရှည်) ရသည်။ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများက စုပေါင်းရွေးချယ်သည်။ အကဲဖြတ်သည်။ ပဏ္ဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟု သတ်မှတ်သည်။ အမျိုးသားစာပေတစ်သက်တာဆုအပါအဝင် ဆုများအားလုံးကို စာပေလောကသားတို့ တညီတညွတ်ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ စာပေဗိမာန်စာမူဆုများကိုလည်း အလားတူ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**အချိန်မပေးနိုင်ပါ**

ဝတ္ထုရှည်ကြိုက်သူ၊ ဝတ္ထုရှည်မြတ်နိုးသူ ကျွန်တော့်အား "ဒီလောက်တိုးတက်နေတဲ့ အင်တာနက်ခေတ်ကြီးမှာ ခင်ဗျားမိုလို့ ဝတ္ထုရှည်ကြိုက်တယ်။ အချိန်မပေးနိုင်ဘူး။ မခံစားနိုင်ဘူး။ ဝုန်းကနဲ ဒိုင်းကနဲ လိုတိုရှင်းပဲ။ ဝတ္ထုတောင်မှ အတိုမဟုတ်၊ အရှည်တဲ့။ အံ့ပါရဲ့" ဟု ခနီးခနဲ့ ပြောသူ၊ ဝေဖန်သူများရှိပေသည်။ ထိုသူများအား ကျွန်တော်ဘာမှ ပြန်မပြောမိ။ သို့သော် ပြုံးပြလိုက်ပါသည်။ ကျွန်တော့်အပြုံးကို သူတို့နားလည်မည့်နေ့ကား မဝေးလှပါ။ သုတ၊ ရသလွှမ်းခြုံထားသော လောကကြီးကို တစ်ချိန်ချိန်တွင် ကြည်ကြည်လင်လင်မြင်ကြပေရော့မည်။ အချိန်ပေးနိုင်ကြပေလိမ့်မည်။

**အပျော်ဖတ်အချစ်**

အပျော်ဖတ်အချစ်ဝတ္ထုတွေလား။ ဝတ်လစ်စားလစ်တွေလား။ အိပ်ရာပေါ်က ဇာတ်လမ်းတွေလား။ ဒိုင်းညောင့်အပစ်အခတ်တွေလား။ ယဉ်ကျေးမှုမဲ့သော သရုပ်ပျက်တွေလား။ ပေါ်ပင်ဖျော်ဖြေရေးတွေလား။ စာတစ်အုပ်လုံးသာ ဖတ်ပြီးသွားတယ် ဘာဦးတည်ချက်မှန်းမသိတာတွေလား။ ရင်ဝယ်ခံစား၊ မှတ်သားစရာတွေ မပါဘူးလား။ ဘယ်သူ့ကို အကျိုးပြုသလဲ။ ဘာအဓိပ္ပာယ်လဲ။ ဘဝအသိအမြင်ဘာလဲ။

**သမိုင်းနောက်ခံ**

သမိုင်းနောက်ခံမြန်မာဝတ္ထုရှည်လား။ နိုင်ငံခြားဝတ္ထုရှည်လား။ (မြန်မာဝတ္ထုမှာ ရှည်ဆိုပြီး မသုံးခြင်းသည် နိုဗယ်ကိုမြန်မာဝတ္ထုဟု ဆရာကြီးဇော်ဂျီကရေးသားသုံးစွဲခဲ့ခြင်းဖြစ်သည်) မြန်မာဝတ္ထုရှည်များ ထွန်းကားလာခြင်း၊ဘယ်သူအစစ်လဲ၊ ဘယ်သူဖန်တီးထားလဲ ခွဲခြားမရအောင်ပင် အနုပညာလက်ရာမြောက်ပုံ၊ ရသဖန်တီးအားမြင့်မားပုံ၊ အမျိုးသားစာပေဆု ရရှိထားသောဝတ္ထုရှည်ကြီးများအကြောင်း၊ ဆုလည်းရ၊ ရုပ်ရှင်လည်းရိုက်၊ အကယ်ဒမီလည်းရ၊ ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းရာတွင် ပါဝင်ပုံ၊ စာရေးဆရာတွေ ဘဝမြင့်မားလာပုံ၊ တစ်သက်တာစာပေပညာရှင်ကြီးများ ရွေးချယ်ပုံ၊ စာအုပ်တစ်အုပ်ဖြစ်ဖို့ ခက်ခဲလွန်းသော စာရေးဆရာတစ်ဦးအတွက် စာပေဗိမာန်စာမူဆုယှဉ်ပြိုင်ရာမှ ဘဝတက်လှမ်းရပုံ၊ အင်တာနက်ခေတ်တိုးတက်သော်ငြား သုတ၊ ရသစာပေများကို လက်မလွှတ်နိုင်ပုံများ စသည် စသည်ဖြင့် စာပေစကားဝိုင်းများမှာ ဆွေးနွေးကြသည်။ ယနေ့စာပေအဆင့် မည်သို့မြင်ကြမည်လဲ။

**ဝတ္ထုရှည် စာပေစကားဝိုင်းမှ**

ဝတ္ထုရှည်စာပေစကားဝိုင်းမှ ဆွေးနွေးသံများကို ပွင့်ပွင့်လင်းလင်းကြားရသည်။

(က) မြန်မာမှုနယ်ပယ်မှာ လုံးဝလက်မခံနိုင်စရာတွေရှိတယ်။ ဆေးပညာအနေနဲ့လည်း အမျိုးသားက မိန်းကလေး စိတ်ပေါက်သွားတာ ဘယ်လိုထင်မြင်မိသလဲ။
(ဆရာမ ရွှေသဇ္ဈာ)

(ခ) အမေရိကားမှာ လိင်တူလက်ထပ်ခွင့်တင်ပေးလိုက်တဲ့အခါ (ဂေး) Gayနဲ့ပတ်သက်ပြီး ဝေဖန်ကြတာရှိတယ်။ ပတ်ဝန်းကျင်ဖိအားထက်စာရင် ရှောင်လွှဲလို့မရတဲ့ ကံတရားပဲဖြစ်တယ်။ အားပေးမှုနဲ့ရေးနေတာတွေလည်း ရှိတယ်။ လူတွေကို ပွဲဆူအောင်လုပ်ပြီး စိတ်ဝင်စားအောင်လုပ်တဲ့ သဘောမျိုးဖြစ်နေပါတယ်။
(ဆရာလက်ာရည်ကျော်)

(ဂ) အထောက်တော်လှအောင် ပြောဖူးတဲ့ ဂျာနယ်ထဲမှာ တံတားပေါ်ကခုန်ချတဲ့ မိန်းကလေးတစ်ယောက်အကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးထားတာ သနားအောင်ရေးလိုက်တဲ့အခါ ခုန်ချတဲ့သူတွေ သိပ်များလာတယ်။ ရသမြောက်အောင်ရေးမိတဲ့အတွက် မှားတယ်လို့ သတိထားမိသွားတယ်။
(ဆရာမ မစန္ဒာ)

(၂၆-၇-၂၀၁၅၊ စာပေဗိမာန်အစည်းအဝေးခန်းမ၌ ဆွေးနွေးချက်များမှကောက်နုတ်ချက်အချို့)

အထက်ပါဆရာ၊ ဆရာမများ၏ဆွေးနွေးချက်များသည် စာရေးဆရာများ၏ လက်တွေ့ဘဝများ၊ အမြင်များ သင်ခန်းစာများဖြစ်ပေသည်။ ဝတ္ထုကြိုက်သော ကျွန်တော်တို့အတွက် သတိပြုဖွယ်များ၊ သင်ခန်းစာများ ဖြစ်ပေသည်။ စာပေစကားဝိုင်းများ၏ အကျိုးကျေးဇူးများလည်း ဖြစ်ပေသည်။ စာရေးဆရာအချင်းချင်း စာပေ၏ ဩဇာ၊ စာပေ၏အရိပ်၊ စာပေ၏အငွေ့အသက်များကို မှန်ကန်သန့်ရှင်းစွာ ဖော်ပြခြင်းလည်းဖြစ်ပေသည်။ ယခုထက်ကျယ်ပြန့်သော၊ နွေးထွေးသော၊ စာဖတ်ပရိသတ်များကိုယ်တိုင်ပါဝင်သော စာပေစကားဝိုင်းများ တိုးတက်ဖြစ်ထွန်းစေချင်ပါသည်။

**တင်ပြချက်**

"ရင်ဝယ်စွဲလမ်းစေသော ဝတ္ထုရှည်များ"အကြောင်း ဤမျှနှင့် မလုံလောက်သေး။ အချိန်ပေး၍ ဆွေးနွေးပါဦးမည်။ ရင်ဝယ်စွဲလမ်းစေသော၊ မေ့မရသော ငယ်ချစ်များသို့ . . ။

## အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၃** ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို မန္တလေးမြို့၌ ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီက ၂၆ လမ်း ၇၅ လမ်းထောင့်ရှိ YMCA ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံက အမှာစကားပြောကြားသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ်ကျင်းပသော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ပြီး ပူးပေါင်းပါဝင်သော အရပ်ဘက်အဖွဲ့အစည်းများကို ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရစနစ်နဲ့သွားတဲ့နောက်ပိုင်းကာလကစပြီးတော့ ပြည်ပချေးငွေများအားလုံးသည် လွှတ်တော်ရဲ့အတည်ပြုချက်ရရှိပြီးမှ ချေးနိုင်တာဖြစ်ပါတယ်

ဦးမောင်မောင်ဝင်း (အမြဲတမ်းအတွင်းဝန်) ဘဏ္ဍာရေးဝန်ကြီးဌာန

**နိုင်ငံခြားအကူအညီအထောက်အပံ့စီမံခန့်ခွဲမှုဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင်ကျင်းပခဲ့ရာပြည်ပချေးငွေများရယူပုံအဆင့်ဆင့်၊ ပြည်ပကြွေးမြီများနှင့်ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သည့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်း၏ ရှင်းလင်းပြောကြားချက်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။**

နိုင်ငံခြားအကူအညီ အထောက်အပံ့စီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းမှာကျင်းပခဲ့ပါတယ်။ ဒီဗဟိုကော်မတီကိုနိုင်ငံတော်သမ္မတကြီးက ဦးဆောင်ပြီးပုံမှန်ပြုလုပ်ပါတယ်။ ကော်မတီရဲ့ လုပ်ငန်းတွေထဲမှာ နိုင်ငံခြားအကူအညီတွေ၊ အထောက်အပံ့တွေ၊ နိုင်ငံခြားကချေးငွေတွေနဲ့ပတ်သက်ပြီး စီမံခန့်ခွဲဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေပါဝင်ပါတယ်။

ပြည်ပချေးငွေတွေနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြရရင် ဘာဖြစ်လို့ ပြည်ပချေးငွေတွေ ယူရသလဲဆိုတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ ပြည်ပချေးငွေတွေကို ပုံစံအမျိုးမျိုးနဲ့ ရယူနေကြတာ ဖြစ်ပါတယ်။ နိုင်ငံဆင်းရဲတာ၊ ချမ်းသာတာနဲ့ အဓိကသက်ဆိုင်မှုမရှိဘဲနဲ့သက်ဆိုင်ရာနိုင်ငံကို စီမံခန့်ခွဲရတဲ့ အစိုးရရဲ့ဖွံ့ဖြိုးရေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒတို့၊ အခြားငွေရေးကြေးရေးမူဝါဒတို့နဲ့ ဆက်စပ်ပြီး ပြည်သူလူထုအတွက်၊ တိုင်းပြည်အတွက်ဖွံ့ဖြိုးတိုးတက်အောင်၊ တိုးတက်ကောင်းမွန်အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြည်ပချေးငွေတွေကို အကျိုးရှိရှိအသုံးချနိုင်အောင် ရည်ရွယ်ချက်နဲ့ ရယူကြရတာကို အဓိကတွေ့ရှိရပါတယ်။

ပြည်ပချေးငွေတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း သတ်မှတ်ထားတဲ့ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေရှိပါတယ်။ အလားတူ ချေးငွေပေးမယ့်နိုင်ငံဖြစ်ဖြစ်၊ အဖွဲ့အစည်းဖြစ်ဖြစ်၊ သူတို့နိုင်ငံရဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေရှိပါတယ်။ ဒ့ါအပြင် နိုင်ငံတကာက လိုက်နာကျင့်သုံးရတဲ့ ချေးငွေဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ၊ စံချိန်စံညွှန်းတွေလည်းရှိပါတယ်။ ဒီအပေါ်တွေမှာ အားလုံးခြုံပြီး ညှိနှိုင်းဆွေးနွေးပြီးမှ ရယူကြတာဖြစ်ပါတယ်။ ပထမဦးဆုံး ချေးငွေရယူချင်တဲ့ဝန်ကြီးဌာနနဲ့ ချေးငွေပေးမယ်ဆိုတဲ့ အဖွဲ့အစည်း သို့မဟုတ် နိုင်ငံ သို့မဟုတ် ကုမ္ပဏီဖြစ်ဖြစ် အဖွဲ့အစည်းတွေနဲ့ ယူမယ့်သူနဲ့ ပထမဦးဆုံး ဆွေးနွေးရပါတယ်။ ယူမယ့်သူဘက်က စပြီးကမ်းလှမ်းတာလည်းရှိပါတယ်။ ယူချင်တဲ့သူဘက်က ကမ်းလှမ်းချက်ကို လက်ခံပြီးတော့ လာတာလည်းရှိပါတယ်။ ပုံစံအမျိုးမျိုးပါပဲ။ ယူချင်တဲ့သူအနေနဲ့က ယူချင်တဲ့အကြောင်းကို သူကိုယ်တိုင်တိုက်ရိုက်ပြောလို့ဖြစ်စေ၊ သက်ဆိုင်ရာစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကတစ်ဆင့်ပြောလို့ဖြစ်စေ ချိတ်ဆက်ပြီး ဆွေးနွေးပါတယ်။ ဆွေးနွေးပြီးတဲ့အခါ အခြေခံအားဖြင့်ဖြစ်နိုင်ခြေရှိပြီလို့ ယူဆလို့ရှိရင် ဆက်ပြီးအဆင့်ဆင့်အဆိုပြုတင်ပြရပါတယ်။

ကျွန်တော်တို့ စတင်ညှိနှိုင်းတဲ့အချိန်ကစပြီး ချေးငွေကို ထုတ်ယူသုံးစွဲနိုင်တဲ့အချိန်အထိ ခြောက်လတန်သည်၊ တစ်နှစ်တန်သည် စတဲ့လုပ်ငန်းစဉ်အဆင့်ဆင့်ကို လုပ်ရတာဖြစ်ပါတယ်။ အဲ့ဒီလို ချေးငွေထုတ်ယူနိုင်ပြီဆိုတဲ့အချိန်မှာလည်းပဲ တစ်ခါတည်းနဲ့အပြီး ချေးငွေအားလုံးကို ထုတ်ပေးတာမျိုး မဟုတ်ပါဘူး။ အဆင့်ဆင့် Disbursement Period လို့ခေါ်တဲ့အချိန်ကို၊ ချေးငွေထုတ်ယူသုံးစွဲနိုင်မယ့်ကာလကို စာချုပ်ချုပ်စဉ်ကတည်းက ညှိနှိုင်းသတ်မှတ်ထားတာဖြစ်ပါတယ်၊ ဥပမာ-ဒေါ်လာသန်း ၁၀၀ ရှိတဲ့ ချေးငွေကို တစ်နှစ်ကို ဒေါ်လာသန်း ၂၀ စီနဲ့ ငါးနှစ် ထုတ်ပေးမယ်ဆိုရင်လည်း ငါးနှစ်အချိန်ယူပြီးတော့ ထုတ်ရတာမျိုးဖြစ်ပါတယ်။ တချို့ကျတော့လည်း သန်း ၁၀၀ ကို တစ်ပြိုင်တည်းပေးတာမျိုးလည်းရှိပါတယ်။ အမျိုးမျိုးပေါ့။



အမြဲတမ်း အတွင်းဝန် ဦးမောင်မောင်ဝင်း

ပြည်ပချေးငွေနဲ့ပတ်သက်ပြီး လက်ရှိဆောင်ရွက်နေတဲ့ အခြေအနေကို တင်ပြရမယ်ဆိုရင် ပြည်ပကြွေးမြီဟာ ပုံစံအမျိုးမျိုးနဲ့ ရှိကြပါတယ်။ ပြည်ပကြွေးမြီယူကြတဲ့အခါမှာ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ Development စီမံကိန်းတွေအတွက် ယူကြတာလည်းရှိပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့ ယူတာတွေလည်း ရှိပါတယ်။ ပြည်သူအခြေပြုစီမံကိန်းတွေအတွက်၊ ဆင်းရဲမှုလျှော့ချရေးစီမံကိန်းတွေအတွက် စသဖြင့် ယူကြတာလည်းရှိပါတယ်။ ဘယ်လိုနည်းနဲ့ပဲယူယူ ကျွန်တော်တို့ဟာ အဓိကအားဖြင့် နိုင်ငံတော်နဲ့ ပြည်သူအတွက် ယူခြင်းပဲဖြစ်ပါတယ်။

ဒီနေရာမှာ ချေးငွေကို ပြန်လည်ပေးဆပ်ရမယ့် တာဝန်ကလည်းရှိလာတာကြောင့် အဓိကအရေးအကြီးဆုံးကတော့ ချေးငွေကို ရယူခဲ့တဲ့အခါမှာ ထိထိ ရောက်ရောက် ချမှတ်ထားတဲ့စီမံကိန်းအတိုင်း ပီပြင်အောင်သုံးစွဲနိုင်ဖို့နဲ့ အလေအလွင့်မရှိအောင် ထိန်းသိမ်းပြီးတော့သုံးစွဲနိုင်ဖို့၊ ဆက်လက်ပြီး စီမံကိန်းကို အကောင်အထည်ဖော်တဲ့လုပ်ငန်းစဉ်တွေကို အမြဲတမ်းစောင့်ကြပ် ကြည့်ရှုပြီးတော့မှ အကဲဖြတ်နေဖို့၊ ဒ့ါအပြင် ချေးငွေတွေကို ကတိစာချုပ်အတိုင်း သက်ဆိုင်ရာ စေ့ရောက်တဲ့ အချိန်တွေမှာ အတိုးဆိုလည်းအတိုး၊ အရင်းဆိုလည်း အရင်းပြန်ဆပ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။

ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရစနစ်နဲ့သွားတဲ့ နောက်ပိုင်းကာလကစပြီးတော့ ပြည်ပချေးငွေများအားလုံးသည် လွှတ်တော်ရဲ့အတည်ပြုချက်ရရှိပြီးမှ ချေးနိုင်တာဖြစ်ပါတယ်။လွှတ်တော်ကလည်း အတည်ပြုထားတယ်။ နိုင်ငံတော်ကလည်း ခွင့်ပြုထားတယ်ဆိုတဲ့ ချေးငွေတွေကိုနှစ်အချိန်ကာလ၊ သူ့ချေးငွေသက်တမ်းနဲ့သူ ပြန်လည်ပေးဆပ်ဖို့ စနစ်တကျဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ ဒီချေးငွေတွေအနက် အချို့ချေးငွေအများစုဟာ တစ်ခါတည်းနဲ့၊ တစ်ကြိမ်တည်းနဲ့ ထုတ်ယူရရှိသုံးစွဲနိုင်တဲ့ ချေးငွေတွေလည်း မဟုတ်ပါဘူး။ သူ့အချိန်နဲ့သူ ထုတ်ယူသုံးစွဲရတဲ့ ချေးငွေတွေဖြစ်ပါတယ်။ သက်ဆိုင်ရာ ချေးငွေပေးတဲ့ နိုင်ငံ၊ အဖွဲ့အစည်းအနေနဲ့လည်း သူတို့ဘက်က ဒါကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီးတော့၊ အမြဲတမ်းအနီးကပ်ထိတွေ့ပြီးတော့၊ ဆက်ဆံပြီးတော့မှ ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။ ဒါကို အထူးဂရုပြုဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

# နိုင်ငံတကာရဲ့ လက်ခံယုံကြည်မှု၊ ထောက်ခံအားပေးမှုတွေကြောင့် ကျွန်တော်တို့နိုင်ငံကို နိုင်ငံခြားအကူအညီအထောက်အပံ့တွေ သိသာထင်ရှားစွာ စီးဆင်းဝင်ရောက်လာခြင်းဖြစ်ပါတယ်

ဦးထွန်းထွန်းနိုင် (အမြဲတမ်းအတွင်းဝန်) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

**နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲမှုဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့ရာ ပြည်တွင်းသို့ စီးဝင်ရောက်ရှိလာသည့် နိုင်ငံခြား အကူအညီအထောက်အပံ့များနှင့်ပတ်သက်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးထွန်းထွန်းနိုင်၏ ပြောကြားချက်များမှ ကောက်နုတ်၍ ဖော်ပြလိုက်ပါသည်။**

ကျွန်တော်တို့နိုင်ငံဟာ ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်ကစတင်ကာ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ အစိုးရအပေါ်မူတည်ပြီး ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်တွေကို ဆောင်ရွက်ခဲ့တယ်။ အဲဒီလို ပွင့်လင်းလာတဲ့ အခြေအနေတွေအပေါ်မူတည်ပြီး နိုင်ငံတကာရဲ့ လက်ခံယုံကြည်မှုတွေ၊ ထောက်ခံအားပေးမှုတွေကြောင့် ကျွန်တော်တို့ နိုင်ငံကို နိုင်ငံခြားအကူအညီ အထောက်အပံ့တွေ သိသာထင်ရှားစွာ စီးဆင်းဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ကို ထောက်ပံ့ပေးလိုကြတဲ့ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းတွေ တစ်နည်းအားဖြင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတွေကနေပြီးတော့ တာဝန်ယူဆောင်ရွက်နေကြတဲ့ ကဏ္ဍအသီးသီးမှာ ဥပမာအားဖြင့် ကုလသမဂ္ဂကလေးများရန်ပုံငွေ အဖွဲ့လိုဟာမျိုး၊ သူတို့က ဆေးရုံနဲ့ပတ်သက်တာ၊ ကလေးသူငယ်နဲ့ပတ်သက်တာတွေကို လုပ်ကိုင်ဆောင်ရွက်ပေးတယ်။ ထို့အတူ ပညာရေးနဲ့ပတ်သက်လို့ ကျောင်းဆောက်မယ့် ဖွံ့ဖြိုးမှုမိတ်ဖက်တွေရှိပါတယ်။ သက်ဆိုင်ရာဖွံ့ဖြိုးမှု မိတ်ဖက်နိုင်ငံတွေက သူတို့ စိတ်ဝင်စားတဲ့ကဏ္ဍတွေမှာ လိုအပ်တဲ့အကူအညီအထောက်အပံ့ကို ပံ့ပိုးပေးဖို့ သူတို့ရဲ့ဇရိယာအလိုက်၊ ကဏ္ဍအလိုက်ရှိကြတယ်။ ဒီအခါမှာ ကျွန်တော်တို့က အဲဒီဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အရင်ဆုံးညှိနှိုင်းရပါတယ်။ တစ်ဖက်ကလည်း ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အကူအညီပေးမယ်၊ သက်ဆိုင်ရာ လက်ခံတဲ့အဖွဲ့အစည်းအနေနဲ့ကလည်း အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုတဲ့ဟာဖြစ်ပေါ်လာရင် ကျွန်တော်တို့ရဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့ကို တင်ပြပါတယ်။ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတွေက ဘယ်ကဏ္ဍတွေမှာ လုပ်ငန်းပမာဏကို ဆောင်ရွက်ဖို့အတွက် ငွေကြေးပမာဏ ဘယ်လောက် ထောက်ပံ့ပေးပါ့မယ်ဆိုတဲ့ ကမ်းလှမ်းလာတဲ့ဟာကို တင်ပြပါတယ်။ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီကအဖွဲ့နဲ့အကြံဉာဏ်တွေရယူပြီး ကိုယ့်ရဲ့ ဦးစားပေး သတ်မှတ်ထားတဲ့နယ်မြေတွေနဲ့ ကိုက်ညီတယ်ဆိုတဲ့ဟာတွေမှာ လက်ခံဖို့အတွက် ဗဟိုကော်မတီကို ဆက်လက်တင်ပြပါတယ်။ အဲဒီဗဟိုကော်မတီမှာ နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ ဗဟိုကော်မတီရဲ့ ခွင့်ပြုချက်ရပြီဆိုရင် ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံကို တရားဝင်လက်ခံဆောင်ရွက်ပါမယ်လို့ အကြောင်းပြန်ကြားပါတယ်။ အဲဒီအခါမှ လုပ်ငန်းကဏ္ဍဟာ စတင်အသက်ဝင်လာမှာဖြစ်ပါတယ်။ အဲဒါနဲ့တစ်ဆက်တစ်စပ်တည်း နှစ်ဖက်သဘောတူ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပါတယ်။ ဒီလိုလက်မှတ်ရေးထိုးနိုင်ဖို့အတွက် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရှေ့နေချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ အပြန်အလှန်ညှိနှိုင်းတိုင်ပင်ကြရပါတယ်။



အမြဲတမ်း အတွင်းဝန် ဦးထွန်းထွန်းနိုင်

နိုင်ငံခြားအကူအညီအထောက်အပံ့တွေရယူတယ်ဆိုတဲ့နေရာမှာ ကိန်းဂဏန်း အချက်အလက်တွေနဲ့ ငွေကြေးတွေဟာ ကျွန်တော်တို့ဆီကို တိုက်ရိုက် ရောက်ရှိလာတာမဟုတ်ပါဘူး။ ဥပမာအားဖြင့် ကျောင်းဆောက်ပေးမယ်ဆိုရင် ကျောင်းဆောက်ဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေတင်သွင်းလာတာရှိတယ်။ လိုအပ်တဲ့ အတိုင်အပင်ခံအဖွဲ့တွေ၊ ကျွမ်းကျင်ပညာရှင်တွေကို ငှားရမ်းတဲ့ ကုန်ကျစရိတ်တွေရှိပါတယ်။ ဂျပန်နဲ့ပူးပေါင်းဆောင်ရွက်မယ့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးတဲ့ ကျောင်းတွေကိစ္စရပ်မှာ သက်ဆိုင်ရာ ဂျပန်ကနေပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကို တရားဝင်လွှဲပြောင်းပေးဖို့ ဆွေးနွေးတိုင်ပင်ညှိနှိုင်းထားပါတယ်။ အဲဒီအခါမှာ သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနက သူတို့ရဲ့ ကျောင်းတွေကို ဒီငွေကြေးတွေနဲ့ တည်ဆောက်မှာဖြစ်တယ်။ လက်ရှိအနေနဲ့ကတော့ နိုင်ငံခြားငွေကြေးအကူအညီအထောက်အပံ့တွေဟာ ငွေကြေးပိုင်းအားဖြင့် ရောက်ရှိလာတာ မဟုတ်ပါဘူး။ Transmission Lines တွေ တိုးချဲ့မယ်ဆိုရင် လိုအပ်တဲ့ကြိုးတွေ၊ ထရန်စဖော်မာတွေ အစရှိတဲ့ပစ္စည်းတွေ စီးဝင်ရောက်လာပါတယ်။ ကျွန်တော်တို့နိုင်ငံကို သူများနိုင်ငံနဲ့ တန်းတူသတ်မှတ်ဆက်ဆံပြီးတော့ ကျွန်တော်တို့ဆီကို ငွေကြေးစီးဝင်မှုတွေ ပိုမိုရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ အဲဒီမတိုင်ခင်က လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်နဲ့ပဲ ကူညီခဲ့တာဖြစ်တယ်။ ရရှိမှုပမာဏလည်း နည်းပါးခဲ့တယ်။ စီမံ/စီးပွားဝန်ကြီးဌာနကတော့ ပူးပေါင်းဆောင်ရွက်မယ့် ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့၊ တကယ်လက်တွေ့လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ကြမယ့်သူတွေနဲ့ သူတို့နှစ်ခုကြားမှာ လုပ်ငန်းအကောင်အထည်ဖော်အောင်မြင်လာအောင်၊ အဆင်ပြေပြေဖြစ်လာအောင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးတဲ့လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။

နည်းပညာအကူအညီနဲ့ အကူအညီထောက်ပံ့ဆိုတဲ့ ကွာခြားချက်ကို ခွဲကြည့်မယ်ဆိုရင် နည်းပညာအကူအညီဆိုတာ လိုအပ်တဲ့ ကိုယ့်ဌာနတွေမှာ လိုအပ်တဲ့ လုပ်ကိုင်ဆောင်ရွက်မှု နည်းလမ်းတွေကို ကူညီပံ့ပိုးပေးတာဖြစ်ပါတယ်။ ဥပမာ-ဆောက်လုပ်ရေးမှာ အထပ်မြင့်အဆောက်အအုံတွေဆောက်တာမျိုး၊ လမ်းတံတားတွေတည်ဆောက်တာမျိုးတွေမှာ မရှိသေးတဲ့နည်းပညာကို ပံ့ပိုးပေးတာဖြစ်တယ်။ အကူအညီ အထောက်အပံ့ဆိုတာ ဆေးရုံတွေတည်ဆောက်တယ်။ Transmission Lines တွေ တိုးချဲ့တည်ဆောက်ဖို့အတွက် လိုအပ်တဲ့ငွေကြေးပမာဏနဲ့ ယန္တရားတွေ ပံ့ပိုးကူညီပေးတာတွေဖြစ်တယ်။ နည်းပညာအကူအညီပဲဖြစ်ဖြစ်၊ အကူအညီအထောက်အပံ့ပဲဖြစ်ဖြစ် နှစ်ခုစလုံးဟာ ချေးငွေလို အတိုးတွေဆပ်ရတာမျိုး၊ ငွေကြေးတွေပြန်လည်ပေးဆပ်ရတာမျိုး မဟုတ်ဘဲနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အသားတင်ရရှိလာတာဖြစ်တယ်။ ဒါတွေအားလုံးဟာ ငွေကြေးနဲ့ဝင်ရောက်လာတာမဟုတ်ပါဘူး။ ကျွမ်းကျင်သူတွေရဲ့ စရိတ်တွေ၊ လစာတွေဟာလည်း ဒီပမာဏထဲမှာ အကျုံးဝင်တာဖြစ်ပါတယ်။

နိုင်ငံခြားအကူအညီအထောက်အပံ့တွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဘက်ကပေးရတဲ့ အာမခံချက်က အထူးသဖြင့် ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်တာတွေကိုကူညီထောက်ပံ့တာဖြစ်တဲ့အတွက် သွင်းလာတဲ့ပစ္စည်းတွေကို အခွန်ကင်းလွတ်ခွင့် ပေးပါဆိုတာမျိုးတွေ၊ ကျွမ်းကျင်သူတွေအတွက် လိုအပ်တဲ့ပြည်ဝင်ဗီဇာတွေ အဆင်ပြေအောင် စီမံဆောင်ရွက်ပေးရမယ်ဆိုတာတွေဖြစ်တယ်။ ဒါကြောင့် နားလည်မှုစာချွန်လွှာတွေ၊ စာချုပ်တွေလက်မှတ်ထိုးတော့မယ်ဆိုရင် ရှေ့နေချုပ်ရုံးက ဥပဒေရေးရာရှုထောင့်ကနေပြီး ကိုယ့်တိုင်းပြည်က လက်ခံသင့်တယ်၊ လက်မခံသင့်ဘူး၊ ကိုယ့်နိုင်ငံက ခွင့်ပြုနိုင်တယ်၊ ခွင့်မပြုနိုင်ဘူးဆိုတာတွေကို စဉ်းစားသုံးသပ်ပြီး လိုအပ်တဲ့ အကြံဉာဏ်တွေ

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၁ မှ*

ပံ့ပိုးပေးတာဖြစ်ပါတယ်။ ဒီအကူအညီ အထောက်အပံ့တွေပေးဖို့ အတွက် ကျွန်တော်တို့က ဘယ်ဟာတွေပြန်ပေးရမယ်၊ ဘယ်လုပ်ငန်းတွေ ခွင့်ပြုရမယ် ဆိုတာမျိုး အပေးအယူတွေ မရှိပါဘူး။ အနှောင်အဖွဲ့ကင်းကင်းနဲ့ လုပ်ကိုင်ဆောင်ရွက်တာဖြစ်ပြီး အနှောင်အဖွဲ့တွေသာ ပါဝင်ခဲ့မယ်ဆိုရင် ဒီလိုအကူအညီ အထောက်အပံ့တွေရယူဖို့ အစီအစဉ်မရှိပါဘူး။

ကျွန်တော်တို့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေ တိုးပွားရရှိလာတဲ့အထဲမှာ Reform Process တွေ လုပ်ခဲ့ပါတယ်။ Myanmar Development Coordination Forum ကို သုံးကြိမ် ကျင်းပခဲ့ပါတယ်။ အဲ့ဒီမှာ နိုင်ငံတကာက ပူးပေါင်းဆောင်ရွက်မယ့် ဖွံ့ဖြိုးမှုမိတ်ဖက်တွေနဲ့၊ ကျွန်တော်တို့ သက်ဆိုင်ရာဌာနတွေနဲ့ ပိုပြီး ရင်းရင်းနှီးနှီးထိတွေ့လာပြီးတော့ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ယုံကြည်မှုတွေ တိုးပွားလာမှုဟာလည်း ကျွန်တော်တို့ရဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေ တိုးတက်ရရှိတဲ့အထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပထမအကြိမ် လုပ်ကိုင်ဆောင်ရွက်စဉ်ကတည်းက Nay Pyi Taw Accord ဆိုတာလေးကို ဌာနဆိုင်ရာ နိုင်ငံတော်အစိုးရနဲ့ တစ်ဖက်က ဖွံ့ဖြိုးမှုမိတ်ဖက် အပြန်အလှန် လက်မှတ်ရေးထိုးပြီးတော့ နားလည်မှု တည်ဆောက်နိုင်ခဲ့ပါတယ်။ ဒီ Nay Pyi Taw Accord ကြောင့်လည်း တစ်ဦးကိုတစ်ဦး အပြန်အလှန် ယုံကြည်ကိုးစားမှုတွေနဲ့ နိုင်ငံခြားအကူအညီ အထောက်အပံ့တွေဟာ ပိုမိုစီးဝင်လာတာလည်း ပါဝင်ပါတယ်။ Reform Process လို လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခါ FESR လို့ခေါ်တဲ့ Frame Work for Economic and Social Reform ဒါတွေကို ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်။ ဒီအချက်တွေအပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့နဲ့ ဖွံ့ဖြိုးမှုမိတ်ဖက်တွေဟာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်မှုတွေ တိုးပွားလာခဲ့တယ်။ နောက်ပြီးတော့ Nay Pyi Taw Accord ကိုလည်း နှစ်ဖက်သဘောတူညီလက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ အဲ့ဒီအပေါ်မူတည်ပြီးတော့ ကျွန်တော်တို့နိုင်ငံကို ယုံကြည်မှု တိုးပွားလာတဲ့အတွက် ဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီးတော့ ကူညီထောက်ပံ့ဆောင်ရွက်ပေးမှုတွေ ဒါတွေဟာ တိုးပွားရောက်ရှိလာတာပဲ ဖြစ်ပါတယ်။

# MNA ၏ ဘိုးရင်း 737-800s ရန်ကုန်-ဟောင်ကောင်ခရီးစဉ် ဒီဇင်ဘာ ၄ ရက်(ယနေ့)တွင် စတင်ပျံသန်းပြေးဆွဲတော့မည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)၏ ဘိုးရင်း 737-800s လေယာဉ်သည် ရန်ကုန်-ဟောင်ကောင်-ရန်ကုန် ခရီးစဉ်အသစ်ကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ပျံသန်းပြေးဆွဲတော့မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂ ရက်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့လေကြောင်းရုံး၌ကျင်းပသော အဆိုပါလေကြောင်းလိုင်း စတင်ပျံသန်းခြင်း မိတ်ဆက်ပွဲမှ သိရသည်။

"ကျွန်တော်တို့ မြန်မာအမျိုးသားလေကြောင်းလိုင်းဟာ နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်ပါတယ်။ ပြည်ပခရီးစဉ်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လလယ်ပိုင်းကစတင်ပြီး အမေရိကန် GE ကုမ္ပဏီနဲ့ချိတ်ဆက်ကာ ပြည်ပခရီးစဉ်တွေကို ဘိုးရင်း လေယာဉ်သစ်ကြီးတွေအသုံးပြုပြီး အလယ်အလတ်ဈေးနှုန်းနဲ့ ခရီးသွားပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုပေးနေပါတယ်။ ရန်ကုန်-ဟောင်ကောင် ခရီးစဉ်သစ်အတွက် ခရီးသည်တွေ လေယာဉ်စီးရင်း ထိုင်ခုံ ဖန်သားပြင်ကနေတစ်ဆင့် ရုပ်ရှင် TV Show များကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း၊ အင်တာနက် ကြိုးမဲ့ Wifi တို့ကို အခမဲ့ ဝန်ဆောင်မှုတွေပေးသွားမှာပါ" ဟု MNA မှ CEO Captain ဦးသန်းထွန်းက ပြောသည်။

ယခုပျံသန်းမည့် ဘိုးရင်း လေယာဉ် 737-800s သည် MNA ၏ ဒုတိယမျိုးဆက်ဖြစ်ပြီး ယခုအခါတွင် ရန်ကုန်မှမန္တလေးသို့ ပျံသန်းလျက်ရှိကြောင်း သိရသည်။ ရန်ကုန်-ဟောင်ကောင် ခရီးစဉ်အတွက် ခရီးသည် ၁၆၂ ဦး စီးနင်းလိုက်ပါနိုင်ပြီး ပြေးဆွဲမည့်အချိန်တွင် Business class, Preminum၊ Economy ဟူ၍ Class အမျိုးအစား သုံးခုခွဲကာ ခရီးသည်များအား ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ ခရီးစဉ်အသစ်စတင်ခြင်း အထိမ်းအမှတ်အဖြစ် MNA မှ ရန်ကုန်-ဟောင်ကောင်-ရန်ကုန် ခရီးစဉ်အတွက် လက်မှတ်တစ်စောင်လျှင် US ဒေါ်လာ ၂၅၂ ဖြင့် အထူးဈေးသတ်မှတ်ကာ အရောင်းမြှင့်တင်နေကြောင်း MNA ရုံးချုပ် လေယာဉ်လက်မှတ်အရောင်းကောင်တာမှ သိရသည်။

ခရီးသွားများအနေဖြင့် လေယာဉ်လက်မှတ်များ ဝယ်ယူလိုလျှင် www.flymna.com၊ အီးမေးလ်လိပ်စာ reservations@flymna.com နှင့် ဖုန်း -၉၅ ၁၃၇၇၈၆၀၃၊ ၉၅ ၁၃၇၇၈၄၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

MNA မှ ယခု ဘိုးရင်းလေယာဉ်အသစ် ရန်ကုန်-ဟောင်ကောင် ခရီးစဉ်ပြီးလျှင် လာမည့် ၂၀၁၆ ဖေဖော်ဝါရီတွင် ဘိုးရင်းအသစ်တစ်စင်း ထပ်မံရောက်ရှိမည်ဖြစ်၍ ရန်ကုန်-ဗန်ကောက်-ချင်းမိုင် ခရီးစဉ်အသစ်များအဖြစ် တိုးချဲ့ပျံသန်းပြေးဆွဲသွားမည် ဖြစ်ကြောင်းနှင့် ဒီဇင်ဘာလနောက်ဆုံးပတ်တွင် ATR လေယာဉ်အသစ်တစ်စင်းထပ်မံရောက်ရှိမည်ဖြစ်ကြောင်း MNA မှ သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# "Bank of the Year in Myanmar 2015" ဆုကို မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ရရှိ



**ရန်ကုန် ဒီဇင်ဘာ ၃**

အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Financial Times က ကျင်းပသည့် ၂၀၁၅ ခုနှစ်အတွက် နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆု The Banker Awards 2015 ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက်က အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ Hilton London Bankside Hotel ၌ ကျင်းပရာ ၂၀၁၅ ခုနှစ်အတွက် မြန်မာနိုင်ငံမှ ဘဏ်လုပ်ငန်းဆိုင်ရာစွမ်းဆောင်မှု အကောင်းဆုံး "Bank of the Year in Myanmar 2015"ဆုကို မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်လီမိတက်က တတိယအကြိမ်မြောက် သုံးနှစ်ဆက် လက်ခံရရှိခဲ့ကြောင်း သိရသည်။ ယင်းသို့ ၂၀၁၅ ခုနှစ်အတွက် နိုင်ငံအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှု အကောင်းဆုံးဆုများကို နိုင်ငံပေါင်း ၁၅၂ နိုင်ငံ၏ သက်ဆိုင်ရာဘဏ်အဖွဲ့အစည်းအသီးသီးမှလည်း ယင်းဆုကို လက်ခံရရှိခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၅၂ နိုင်ငံမှ ဘဏ်ဥက္ကဋ္ဌများ၊ CEO များ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ မြန်မာနိုင်ငံမှ ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ကမ္ဘောဇဘဏ်လီမိတက်မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Financial Times က ကြေညာချက်ထုတ်ပြန်ရာ၌ နှစ်အလိုက် အကောင်းဆုံးဘဏ်ဆု (Bank of the Year in Myanmar 2015) ဆုကို ရွေးချယ်ချီးမြှင့်ရာတွင် ကမ္ဘာအရပ်ရပ်ရှိ ဘဏ်လုပ်ငန်းများအတွက် ရည်ရွယ်ကာ သီးခြားဖွဲ့စည်းထားသော The Banker မှ ကမ္ဘာတစ်ဝန်းလုံး၌ ၎င်းတို့ဖြန့်ကြက်ထားသော သတင်းထောက်များ၊ သတင်းဌာနများ၊ မီဒီယာများမှ ဘဏ်လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကိုစုစည်းလျက် သတ်မှတ်ထားသော စံချိန်စံညွှန်းများပေါ်အခြေခံ၍ ၂၀၁၅ခုနှစ် စွမ်းဆောင်ရည်အကောင်းဆုံးဘဏ်ကို ရွေးချယ်ဂုဏ်ပြု ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘောဇဘဏ်ကို ရွေးချယ်ချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘောဇဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းဆိုင်ရာများ၊ ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်မှု၊ ဘဏ်ခွဲများနှင့် ATM စက်များ နိုင်ငံအတွင်း နေရာဒေသအနှံ့အပြား၌ တိုးချဲ့ဖွင့်လှစ်နိုင်မှု၊ ဈေးကွက်တိုးတက်ပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးအများဆုံး ပိုမိုထုတ်ချေးနိုင်မှု၊ ဝင်ငွေနှင့်အမြတ်ငွေ ပိုမိုတိုးတက်ရရှိမှု၊ ဝန်ထမ်းများလေ့ကျင့်ပျိုးထောင်မှုနှင့် စီမံအုပ်ချုပ်မှုစွမ်းရည်မြင့်တက်ကောင်းမွန်မှု၊ ခေတ်မီဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာများနှင့် ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတကာဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေ တစ်နိုင်ငံလုံးတွင် ပထမနေရာမှ လေးနှစ်ဆက် အများဆုံးသယ်ပိုးထမ်းဆောင်နိုင်ခြင်းစသည်တို့ကိုအခြေခံ၍ စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ကမ္ဘာလုံးဆိုင်ရာ စွမ်းဆောင်ရည်အကောင်းဆုံး Global Award ဆုကို အမေရိကန်နိုင်ငံ Wells Fargo Bank က ရရှိခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဦးစီးအဆင့် ဘောလုံးပြိုင်ပွဲ အပြီးသတ်လူရွေးချယ်ပွဲနှင့် ဂုဏ်ပြုငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၃**

အထက်မြန်မာပြည်၊ အောက်မြန်မာပြည် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဦးစီးအဆင့် ဘောလုံးပြိုင်ပွဲ အပြီးသတ်လူရွေးချယ်ပွဲနှင့် ဂုဏ်ပြုငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အထက်မြန်မာပြည် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးအသင်းနှင့် အောက်မြန်မာပြည် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ကိုယ်စား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဗန်နီတင်အောင်က ချီးမြှင့်ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ဝေမိသားစု ကျောက်မျက်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းရှဲန်တွီးက ငွေကျပ်သိန်း ၂၀ ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာ အသင်းနည်းပြများနှင့် အသင်းခေါင်းဆောင်များက လက်ခံယူကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

ဂုဏ်ပြုငွေပေးအပ်ပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

အဆိုပါ အပြီးသတ်ရွေးချယ်ခံရသည့် အားကစားသမား ၂၅ ဦးသည် ၂၀၁၆ ခုနှစ် ဇူလိုင် ၇ ရက်မှ ၂၂ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပမည့် (၁၈) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(ပညာရေး)**


## ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန
## ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါ

၁။ ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေဖြင့် အောက်ပါအဆောက်အအုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) ပဲခူးတိုင်းဒေသကြီး သာယာဝတီသုံးဆယ်မြို့နယ် လုပ်ငန်း(၁)ရပ်
ဘောလုံးကွင်း ခြံစည်းရိုးကာရံခြင်း၊ ဘောလုံးကွင်း
ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် ပွဲကြည့်စင်
တည်ဆောက်ခြင်းလုပ်ငန်း

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၃-၁၂-၂၀၁၅ ရက်မှ ၁၆-၁၂-၂၀၁၅ ရက်အတွင်း ရုံးချိန်တွင် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ တင်ဒါပုံစံ တစ်စောင်လျှင် ငွေ ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)ဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၁၆-၁၂-၂၀၁၅ ရက်ဖြစ်သည်။

၄။ သတ်မှတ်ရက်၊ သတ်မှတ်အချိန်ထက်ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

(က) ၀၅၂-၂၂၀၀၂၁၄၊
(ခ) ၀၉-၄၂၈၀၃၉၀၅၉

**တင်ဒါခေါ်ယူရေးကော်မတီ**
**ပဲခူးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန**





# အငှားယာဉ်ကို လုယက်ယူဆောင်သွားသူများအား ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် ဒီဇင်ဘာ ၃**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့)မြို့နယ်နေ အငှားယာဉ်မောင်းဖြစ်သူ ဦးမောင်မောင်သည် နိုဝင်ဘာ ၂၅ ရက် ည ၁၁ နာရီခန့်က ၄င်း၏ ကယ်ရီနား အငှားယာဉ်အား မောင်းနှင်လာစဉ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ကုန်ပဒေသာမှတ်တိုင်အနီး အရောက် လူငယ်အမျိုးသားသုံးဦးက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ကျန်စစ်သားအိမ်ရာသို့ ငှားရမ်းသဖြင့် လိုက်ပို့ခဲ့ကြောင်း၊ ယာဉ်အား မောင်းနှင်လာစဉ် ကျန်စစ်သားလမ်းမပေါ်အရောက် ယာဉ်ပေါ်ပါလူငယ်တစ်ဦးက ဓားဖြင့်ထောက်၍ ယာဉ်မောင်းနေရာအား ဖယ်ခိုင်းပြီး နောက်သို့ ပြောင်းထိုင်ခိုင်းကာ တစ်ဦးက မောင်းနှင်သွားခဲ့ကြောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၈)ရပ်ကွက် ကျန်စစ်သားလမ်းနှင့်ရိုးမရိပ်သာလမ်းဆုံအနီးသို့ ရောက်ရှိစဉ် ယာဉ်ပေါ်မှဆွဲချပြီး ဝိုင်းဝန်းထိုးကြိတ်ကာ ယာဉ်ကို မောင်းနှင်ယူဆောင်သွားခဲ့ကြကြောင်း၊ ယင်းသို့ဖြစ်ပွားခဲ့သည့်အတွက် ဦးမောင်မောင်တွင် ပွန်းပဲ့ဒဏ်ရာနှင့် ယာဘက်နံဘေးတွင် ထိုးသွင်းဒဏ်ရာတို့ ရရှိခဲ့သဖြင့် သင်္ဃန်းကျွန်း စံပြဆေးရုံကြီးတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် ကုသခဲ့ရကြောင်းနှင့် ပြစ်မှုကျူးလွန်သူ လူငယ်သုံးဦးအား အရေးယူပေးရန် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်းသို့ တိုင်တန်းခဲ့ရာ အမှုဖွင့်အရေးယူ စုံစမ်းခဲ့သည်။



အမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များနှင့် အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် မိမိတို့နယ်မြေအတွင်း သတင်းစုံစမ်းခြင်း၊ ယာဉ်စစ်ပိတ်ဆို့ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အမှုမှပါဆုံးသွားသည့် မော်တော်ယာဉ်အား နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁၇)ရပ်ကွက် ကျန်စစ်သားလမ်းတွင် တွေ့ရှိခဲ့ပြီး ပြစ်မှုကျူးလွန်သူများမှာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူများဖြစ်ကြသည့် ဖိုးခွား(ခ)ဖြိုးသဲ၊ ကြွက်ပေါက်(ခ)နိုင်လင်းထွန်းနှင့်အဖိုးကြီး(စုံစမ်းဆဲ)တို့သုံးဦးဖြစ်ကြောင်း သိရသည်။

၄င်းတို့အား ဖမ်းဆီးရမိနိုင်ရေးအတွက် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေခဲ့ရာ ဒီဇင်ဘာ ၁ ရက်တွင် ကြွက်ပေါက်(ခ)နိုင်လင်းထွန်းအား လည်းကောင်း၊ ဒီဇင်ဘာ ၂ ရက်တွင် ဖိုးခွား(ခ)ဖြိုးသဲအားလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူ ကြွက်ပေါက်(ခ)နိုင်လင်းထွန်းနှင့် ဖိုးခွား(ခ)ဖြိုးသဲတို့အား **(အောက်ဝဲပုံ)** စစ်ဆေးချက်အရ ၄င်းတို့ သုံးဦးသည် အခင်းဖြစ်နေ့က ဦးမောင်မောင်၏ အငှားယာဉ်ကို ငှားရမ်းစီးနင်းကာ လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းထံမှ ငွေကျပ် ၂၀၀၀၀၊ Keypad လက်ကိုင်ဖုန်းနှစ်လုံးကို ယူဆောင်ကာ ယာဉ်မောင်းအား ဝိုင်းဝန်းထိုးကြိတ်၍ ယာဉ်ပေါ်မှဆွဲချခဲ့ပြီး မော်တော်ယာဉ်အား မောင်းနှင်ထွက်ပြေးခဲ့ကြကြောင်း၊ လုယူခဲ့သည့် Keypad ဖုန်းနှစ်လုံးနှင့် အခင်းဖြစ်ရာတွင် အသုံးပြုသည့်ဓားတို့ကို လွှင့်ပစ်ခဲ့ကြကြောင်း၊ ယူဆောင်ခဲ့သည့်ယာဉ်ဖြင့် လှည့်လည်သွားလာနေစဉ် ရဲတပ်ဖွဲ့ဝင်များ လိုက်လံစုံစမ်းရှာဖွေနေကြောင်း သိရှိရသဖြင့် မော်တော်ယာဉ်ကို နိုဝင်ဘာ ၂၇ ရက် ညတွင် ကျန်စစ်သားလမ်း၌ ရပ်ထားခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ ၄င်းတို့နှစ်ဦးအား အမှုဖြင့် အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ အဖိုးကြီးအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကိုရဲ)

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၃**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁ ရက်က လားရှိုးမြို့ဘက်မှ မောင်းနှင်လာသည့် ဧရာရွှေလီ ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ မန်းခိုလေးနှင့် မလမ်းခိုတင် တို့ နှစ်ဦးထံမှ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၁၄၄ ကီလိုကိုလည်းကောင်း၊ နိုဝင်ဘာ ၂၆ ရက်က ဆိပ်မူကျေးရွာအုပ်စု၊ ဖားပြင်ကျေးရွာဈေးအတွင်းရှိ မလုဆိုင်၏ ဆိုင်ခန်းကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၇၈၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ တို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၇ ရက်က နမ့်ခမ်းမြို့ အမှတ် (၈)ရပ်ကွက် ပေါက်နေကွက်သစ် အမှတ်(ကမ/၂၀)နေ လှတင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ ဘိန်းစိမ်း ၀ ဒသမ ၀၂၄ ကီလိုနှင့် ဘိန်းဖြူ ၀ ဒသမ ၀၀၀၁ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ၄င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



# ရေနံစိမ်းပီပါ အလုံး ၅၀၀ ဖမ်းဆီးရမိ

**ရေစကြို ဒီဇင်ဘာ ၃**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ တရားမဝင်ရေနံစိမ်းများသယ်ဆောင်လာသော ဆီဘောက်ဆာယာဉ်ငါးစီးကို နိုဝင်ဘာ ၃၀ ရက် ညပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ရေစကြိုမြို့မရဲစခန်းမှူး ဒုရဲမှူး စည်သူအောင်သည် ရေစကြိုမြို့နယ် ပခုက္ကူ-မုံရွာကားလမ်းနှင့် မြိုင်-လင်းကတောဆုံရာ အောင်မိုးလမ်းခွဲကားလမ်းဆုံ၌ ည ၁၀ နာရီခန့်က ဆီသယ်ယာဉ် ငါးစီးပေါ်တွင် တင်ဆောင်လာသည့် ရေနံစိမ်း ပီပါ အလုံး ၅၀၀ တို့ကို ဖမ်းဆီးရမိခဲ့ရာ ယာဉ်မောင်းမောင်ဆင့်(ခ)နက်တူး(၂၈နှစ်)ဆူးဝင်းကျေးရွာ မြိုင်မြို့နယ်နေသူနှင့် ယာဉ်နောက်လိုက်ဇင်လင်းထက်(၁၈နှစ်) ဆူးဝင်းကျေးရွာ မြိုင်မြို့နယ်နေသူနှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး ကျန်ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆီဘောက်ဆာ ငါးစီးပေါ်၌ တင်ဆောင်လာသည့် ရေနံ ပီပါအလုံး ၅၀၀မှာ မြိုင်မြို့နယ် အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်သာပါရှိပြီး သက်ဆိုင်ရာ စွမ်းအင်ဝန်ကြီးဌာနမှ ခွင့်ပြုချက်မရှိသော ရေနံစိမ်းများကို ဘောက်ဆာမော်တော်ယာဉ်များဖြင့် မြို့နယ်ကျော်သယ်ဆောင်လာခြင်းဖြစ်ကြောင်း အမှုစစ်ရဲအရာရှိ၏ ကနဦးစစ်ဆေးချက်အရ သိရသည်။

ယင်းဖမ်းဆီးခဲ့မှုနှင့်ပတ်သက်၍ တရားမဝင်ရေနံစိမ်းများ သယ်ဆောင်လာသော ယာဉ်မောင်းမောင်ဆင့်၊ ယာဉ်နောက်လိုက်ဇင်လင်းထက်နှင့် ထွက်ပြေးတိမ်းရှောင်နေသူ ယာဉ်မောင်း /ယာဉ်နောက်လိုက်ရှစ်ဦးတို့ကို ရေစကြိုမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မန္တလေး-တမူး မော်တော်ယာဉ်တိမ်းမှောက်၍ တစ်ဦးသေဆုံး

**ဂန့်ဂေါ ဒီဇင်ဘာ ၃**

မန္တလေး- တမူးပြေးဆွဲသည့် ထွန်းတောက်ခရီးသည်တင်ယာဉ်သည် မန္တလေးမြို့မှ တမူးမြို့သို့ ခရီးသည် လေးဦးတင်ဆောင်မောင်းနှင်လာစဉ် ဂန့်ဂေါ-ကလေးလမ်းပိုင်း မိုင်တိုင်အမှတ် ၁၂/၂ နှင့် ၁၂/၃ ကြား ဝါးရှဉ်းချောင်း တံတားအနီး၌ ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီ ၃၅ မိနစ်က ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးမြို့နေ ယာဉ်မောင်း ဦးစိုင်းဇော်မင်းဦး မောင်းနှင်သည့် ထွန်းတောက်မော်တော်ယာဉ်လိုင်းမှ ဟီးနိုးရိန်းဘိုး ခြောက်ဘီးယာဉ်သည် မန္တလေးမြို့မှ တမူးမြို့သို့ ကုန်စည်နှင့်ခရီးသည်များ တင်ဆောင်မောင်းနှင်စဉ် အဆိုပါနေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်သို့တိမ်းမှောက်သွားရာ ယာဉ်မောင်းနှင့် ခရီးသည်များဖြစ်ကြသော ဦးမောင်ခင် ထိုမာရွာ ကလေးမြို့နယ်၊ မောင်ဝင်းတိုးအင်လာ ကျေးရွာ လယ်ဝေးမြို့နယ်၊ ဦးကျန် ထိုမာရွာ ကလေးမြို့နယ်၊ မောင်အိုက်ငယ် တမူးမြို့တို့ ဒဏ်ရာများရရှိပြီး မောင်အိုက်ငယ်မှာ ကန်ရွာဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားကြောင်း သိရသည်။



ယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူအား ကန်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၀၁)




**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရွှေဘိုမြို့၊ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လာရောက်ကုသနေသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁၂-၂၀၁၅ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့၊ ဖုန်း-၀၇၅-၂၁၀၀၈

**ကန့်ကွက်ရန်ကြော်ငြာ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး အိမ်ရာရှိ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၃၀၂)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်သိန်းထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မေသက်နိုင် ၁၂/သကတ(နိုင်)၁၃၉၃၉၄က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ဖခင်အမည်မှန်**

နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာ အထက နဝမတန်း၌ ပညာသင်ကြားနေသော မနန်းစန်းစန်းဌေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ညွန့် ဖြစ်ပါသည်။

**ဦးအောင်ညွန့်**

**ဖခင်အမည်မှန်**

နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာ အထက အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မယုယုအောင်၏ ဖခင်အမည်မှန်မှာ ဦးတီကာရမ်း ဖြစ်ပါသည်။

**ဦးတီကာရမ်း**

# သထုံမြို့ ဦးဘိုးသီးပိဋကတ်တိုက်မှ ပေစာများကို ဒစ်ဂျစ်တယ်စနစ်ဖြင့်ထိန်းသိမ်း အလွယ်တကူလေ့လာနိုင်ရန်အတွက် ဝက်ဘ်ဆိုက်တစ်ခုဖြင့် ထားရှိသွားမည်

**သထုံ ဒီဇင်ဘာ ၃**

သထုံမြို့ မြသပိတ်တောင်ခြေ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်အတွင်းတွင် တည်ရှိသည့် သထုံမြို့၏ ရှေးအကျဆုံး ဦးဘိုးသီးပိဋကတ်တိုက်ရှိ ပေစာထုပ်များအတွင်းမှ ပေစာများကို နှစ်ကာလကြာမြင့်စွာ ဆက်လက်တည်တံ့ပြီး သုတေသီများ အလွယ်တကူလေ့လာနိုင်စေရန်အတွက် သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဒ္ဓဟိတအသင်းက ဦးဆောင်ကာ ဒစ်ဂျစ်တယ်စနစ်ဖြင့် စနစ်တကျပြုစုသိမ်းဆည်းလျက်ရှိပြီး အင်တာနက်ပေါ်တွင် ဝက်ဘ်ဆိုက်တစ်ခုဖြင့် ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီပိဋကတ်တိုက်မှာရှိတဲ့ ပေစာတွေက လွန်ခဲ့တဲ့နှစ်ပေါင်း ၁၃၀ ကနေ ၂၅၀ လောက်အထိ သက်တမ်းရှိတယ်။ ပါဠိနဲ့မြန်မာစာပေတွေ အထူးပြုလေ့လာကြတဲ့သူတွေနဲ့ နိုင်ငံတကာက သုတေသီတွေ မကြာခဏလာရောက်လေ့လာကြတယ်။ ရှေးဟောင်းပေစာတွေဖြစ်လို့ အထုတ်အသွင်းလုပ်ရင် တအားဂရုစိုက်ရတယ်။ ဒါ့ကြောင့် ပေစာတွေကို ဓာတ်ပုံရိုက်ပြီး ဒီဂျစ်တယ်စနစ်နဲ့ Soft Copy အနေနဲ့ ပြုစုတာပါ။ ဒီလိုပြုစုတဲ့နေရာမှာ ကွန်ပျူတာတက္ကသိုလ်(သထုံ) က ကျောင်းအုပ်ကြီးက လိုအပ်နေတဲ့ နည်းပညာပိုင်းကို အကူအညီပေးခဲ့တဲ့အတွက်လည်း အတော်လေးလွယ်ကူမြန်ဆန်လာတယ်” ဟု သုဝဏ္ဏဘူမိပရိယတ္တိသာသနဒ္ဓဟိတအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးစိုးနောင်ဦးက ပြောသည်။

အဆိုပါပိဋကတ်တိုက်တော်အတွင်းရှိ ရွှေချထားသည့် ရှေးဟောင်းဗီရိုကြီးများ၌ မွန်၊ ပါဠိ၊ မြန်မာစာတို့ဖြင့် ရေးသားထားသော ရှေးဟောင်းပေစာထုပ်ပေါင်း ၇၈၈ ထုပ်၊ ပုရပိုက် ၂၈ ထုပ်၊ အခြားပိဋကတ်တော်နှင့် ကျမ်းစာများ အမြောက်အမြားရှိသည်။ လက်ရှိအချိန်ထိ ပေရွက်ပေါင်း ၁၅၆၉၀၀ကို ဒစ်ဂျစ်တယ်စနစ်ဖြင့်ပြုစုပြီးဖြစ်ကာ ဆက်လက်ပြုစုရန် ပေရွက် ၁၀၀၀၀ ခန့်ကျန်ရှိနေသေးကြောင်း၊ အားလုံးပြီးစီးပါက ကတ်တလောက်ဖြင့် စနစ်တကျစုစည်းကာ အင်တာနက်တွင် ဝက်ဘ်ဆိုက်တစ်ခုဖြင့်ထားရှိပြီး အလွယ်တကူလေ့လာနိုင်ရန် Soft Copy များကို PDF ဖိုင်အနေဖြင့် ထားရှိပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါပေစာများအား လာရောက်လေ့လာသည့် Pali Text Society(UK) မှ Publications Administrator, Dr .William Pruitt က “သထုံကလူတွေ ဂုဏ်ယူစရာပါ။ ဒီလိုစာကြည့်တိုက်မျိုး မတွေ့ဖူးသေးပါဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက လူတစ်ယောက်တည်းက ဒီလိုရှားပါးကောင်းမွန်လှတဲ့ ပါဠိစာပေတွေအများကြီး စုဆောင်းပြီး ဒီနေ့အထိ သံဃာတွေအတွက် ဆောင်ရွက်ပေးနိုင်ခဲ့တာ။ ဒီမှာ တော်တော်လေး ပြည့်ပြည့်စုံစုံရှိတယ်။ ပါဠိစာပေအထူးပြုသင်ကြားနေတဲ့ နိုင်ငံတကာက ကျောင်းသားတွေကလည်း လှမ်းမေးကြလို့ ဒီမှာရှိတဲ့စာတွေကို လှမ်းပို့ပေးခဲ့တယ်။ သူတို့အတွက် ကြီးမားတဲ့ အထောက်အကူဖြစ်လို့ တော်တော်လေး စိတ်ဝင်စားကြပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ ဆက်လက်ထိန်းသိမ်းဖို့ အကြံပြုချင်ပါတယ်” ဟု ဆိုသည်။


ပေစာများကို ဆော့ဖ်ကော်ပီအဖြစ် ပြုစုသိမ်းဆည်းရန် ဓာတ်ပုံရိုက်နေစဉ်။

သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဒ္ဓဟိတအသင်းကြီးမှ နှစ်စဉ်ကျင်းပသည့် ပရိယတ္တိစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုမည့် စာဖြေသံဃာတော်များ ဖတ်မှတ်နိုင်ရန် ထိုစဉ်က အသင်းဥက္ကဋ္ဌဖြစ်သူ အငြိမ်းစားဝန်ထောက်မင်း ဦးဘိုးသီးက ၎င်းစုဆောင်းထားသည့် ပေ၊ ပုရပိုက်နှင့် ပိဋကတ်တော်များဖြင့် သာစုဇနပါသာဒိက မဟာဓမ္မစေတီတော်တိုက်အမည်ဖြင့် ပိဋကတ်စာကြည့်တိုက်ကို လွန်ခဲ့သောနှစ် ၉၀ ခန့်က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခုအချိန်အထိ ပေ၊ ပုရပိုက်နှင့် ကျမ်းစာများကို သံဃာတော်များနှင့် သုတေသီများ လေ့လာနိုင်ရန်နှင့် ပိုးမစား၊ ခြမစားဘဲ နှစ်ပေါင်းများစွာ ဆက်လက်တည်ရှိစေရန်အတွက် အသင်းကြီးမှ တာဝန်ယူထိမ်းသိမ်းထားရှိကြောင်း အဆိုပါအသင်းတာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**သက်ဦး(သထုံ)**

**“သထုံကလူတွေ ဂုဏ်ယူစရာပါ။ ဒီလိုစာကြည့်တိုက်မျိုး မတွေ့ဖူးသေးပါဘူး၊ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက လူတစ်ယောက်တည်းက ဒီလိုရှားပါးကောင်းမွန်လှတဲ့ ပါဠိစာပေတွေအများကြီး စုဆောင်းပြီး ဒီနေ့အထိ သံဃာတွေအတွက် ဆောင်ရွက်ပေးနိုင်ခဲ့တာ။ ဒီမှာ တော်တော်လေး ပြည့်ပြည့်စုံစုံရှိတယ်။ မျိုးဆက်သစ်တွေအနေနဲ့ ဆက်လက်ထိန်းသိမ်းဖို့ အကြံပြုချင်ပါတယ်”**

## မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီးဆရာဝန်များ)အဖွဲ့ ပဲခူးမြို့နယ်၌ ကွင်းဆင်းဆေးကုသပေး

**ပဲခူး ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီးဆရာဝန်များအဖွဲ့)၏ ဦးစားပေးလုပ်ငန်းကြီး (၃)ရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော နယ်လှည့်ကွင်းဆင်းပြီး ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးရေး အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျောက်တန်းစံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ရောဂါစုံဝေဒနာရှင် ၇၁၈ ဦးအား နိုဝင်ဘာ ၂၉ ရက်က ကွင်းဆင်းဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း(အမျိုးသမီးဆရာဝန်များအဖွဲ့) ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေးနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်မြတ်လေးကျင်တို့ ဦးဆောင်ကာ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆရာဝန် ၃၅ ဦးတို့က အခမဲ့ကွင်းဆင်းဆေးကုသပေးခြင်းဖြစ်သည်။

ကျောက်တန်းစံပြကျေးရွာရှိ ကဝမြို့နယ်အပိုင်း ကမာကလဲ၊ နဘဲပင်၊ သောင်ကြီးကျေးရွာနှင့် ပဲခူးမြို့နယ် ကျောက်တန်း၊ ကင်းပိုင်ကျုံ၊ ဂုံမင်စမ်းကျေးရွာများမှ ဝေဒနာရှင်များအား ရောဂါဝေဒနာအလိုက် အဖွဲ့ ၁၀ ဖွဲ့ခွဲကာ ရောဂါရှာဖွေစမ်းသပ်ကုသပေးပြီး လိုအပ်သောသောက်ဆေးနှင့် လိမ်းဆေးများ၊ မျက်မှန်တပ်ဆင်ရန်လိုအပ်သူများအတွက် မျက်မှန်များ၊ ကလေးလူနာများအတွက် လိုအပ်သောဆေးဝါးများကို အခမဲ့လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆရာဝန် အသင်း (အမျိုးသမီးဆရာဝန်များ)အဖွဲ့သည် ၂၀၁၅ ခုနှစ်အတွင်း ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်ကျေးရွာများသို့ အခမဲ့ကွင်းဆင်းဆေးကုပေးခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ သီလရှင်ရိပ်သာ၊ မူလတန်းကျောင်းများသို့ ကွင်းဆင်းဆေးကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## ဆည်တာတမံများ တည်ဆောက်ခြင်းနှင့် ဘေးထွက်ဆိုးကျိုးများအကြောင်း ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၃**

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့ ပူးပေါင်းကျင်းပသည့် ဘာသာရပ်ဆိုင်ရာ ပညာရှင်ဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက် စနေနေ့ မွန်းလွဲ ၂ နာရီတွင် ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ဒေါက်တာချစ်ကိုကို (Ph.D., Geotechnical Engineering ) Chartered Professional (Geotechnical Engineering-Australian Institute of Mining & Metallurgy)က (၁)မြစ်ဆုံစီမံကိန်း၏ ဘေးအန္တရာယ်များနှင့် ဆည်တာတမံများ တည်ဆောက်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးလျှင်များဖြစ်ပေါ်နိုင်ခြင်းနှင့် (၂)မြေအောက်ကျောက်မီးသွေးထုတ်လုပ်မှု၏ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု စသည့်အကြောင်းအရာများကို ဟောပြောမည်ဖြစ်ကာ စိတ်ပါဝင်စားသူများ အခမဲ့တက်ရောက်နိုင်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

## မြန်မာ့ပထမဆုံး ရပ်ရွာလူထုအခြေခံခရီးသွားလုပ်ငန်း ဖွင့်လှစ်

**မြိုင် ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ယင်းတိုင်းတောင်ဆည်၌ NGO အဖွဲ့တစ်ခုဖြစ်သော အက်ရှင်အေ့ဒ်(Action Aid Myanmar)၏ ရပ်ရွာလူထုကိုအခြေခံသော ခရီးသွားလုပ်ငန်း(Community Based Tourism Initiative)ဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ခရီးသွားဧည့်သည် နိုင်ငံခြားသားများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဌေးအောင်က အမှာစကားပြောကြားကာ အက်ရှင်အေ့ဒ်မြန်မာ၏ Country Director Oshihab Udin Ahmad က ရပ်ရွာလူထုမှ ဦးစီးလုပ်ကိုင်မည့် မြန်မာနိုင်ငံ၏ ပထမဆုံးသော ခရီးသွားအပန်းဖြေစခန်းတစ်ခုဖြစ်ပြီး ဒေသခံများအတွက် ရေရှည်တည်တံ့နိုင်သော အသက်မွေးဝမ်းကျောင်းမှုတစ်ခုရရှိစေရန်၊ ကျေးရွာ၏ ယဉ်ကျေးမှုဓလေ့စရိုက်များကို မြှင့်တင်ရန်နှင့် လာရောက်လည်ပတ်ကြသူများအနေဖြင့်လည်း သဘာဝအလှအပနှင့် ကျေးရွာဓလေ့များကို ကောင်းမွန်စွာ လေ့လာခံစားနိုင်ရန် ရည်ရွယ်၍ဖွင့်လှစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ရပ်ရွာလူထုကိုအခြေခံသော ခရီးသွားလုပ်ငန်းကော်မတီများကိုယ်စား စူလီပန်းကျေးရွာမှ ဦးဆန်းထွန်းနှင့် အင်းရောင်းကျေးရွာမှ ဒေါ်ကြည်မြင့်တို့က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

မြိုင်မြို့နယ်အတွင်း ရပ်ရွာလူထုကိုအခြေခံသော ခရီးသွားလုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်၍ ရရှိသောအကျိုးအမြတ်များဖြင့် ဒေသခံဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်းကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ရေးကိုပါ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**

## မြစ်သာမြစ်ကူးတံတားများ ဆောက်လုပ်ထားသဖြင့် ရာသီမရွေးသွားလာမှုအဆင်ပြေလျက်ရှိ

**ဂန့်ဂေါ ဒီဇင်ဘာ ၃**

ပခုက္ကူ-ပေါက်-ထီးလင်း- မင်းရွာ- ဂန့်ဂေါကားလမ်း၏ ဂန့်ဂေါမြို့နယ်အတွင်း လမ်းပိုင်းများတွင် မြစ်သာမြစ်ကူးတံတားနှစ်စင်းကို နိုင်ငံတော်အစီအစဉ်ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သဖြင့် ယခုအခါတွင် ရာသီမရွေးလွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်လျက်ရှိကြောင်း သိရသည်။

မင်းရွာကျေးရွာအနီးတွင် မင်းရွာတံတားကိုလည်းကောင်း၊ ပျားကျေးရွာအနီးတွင် ပျားရွာတံတားကိုလည်းကောင်း တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကာ မင်းရွာတံတားသည် အလျား ပေ ၄၀၀ ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေ ၉လက်မ၊ ရေလမ်းကင်းလွတ်အမြင့် ၅ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၈၆ ပေရှိ သံကူကွန်ကရစ်ဘေလီတံတားဖြစ်ပြီး ပျားရွာတံတားသည် အလျား ပေ ၆၃၀ ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေ ၉ လက်မ၊ ရေလမ်းကင်းလွတ်အမြင့် ၃ ပေ၊ ရေလမ်းကင်းလွတ်အကျယ် ၈၆ ပေရှိ သံကူကွန်ကရစ် ဘေလီတံတားဖြစ်သည်။ အဆိုပါလမ်းတွင် ယခင်က မြစ်သာမြစ်ကို မိုးရာသီ၌ ဖြတ်ကျော်နိုင်ခြင်းမရှိခဲ့သော်လည်း ယခု ၂၀၁၅ ခုနှစ်အတွင်း တံတားများတည်ဆောက်ပြီးနောက်ပိုင်းတွင် ရာသီမရွေးဆက်သွယ်သွားလာနိုင်ပြီဖြစ်ရာ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့လျက်ရှိကြောင်း သိရသည်။

**(၁၀၁)**



# ဆိပ်ဖြူမြို့နယ်မှ ကြက်သွန်နီများ ဒီဇင်ဘာလကုန်ပိုင်းတွင်မှ လှိုင်လှိုင်ထွက်မည်

**ဆိပ်ဖြူ ဒီဇင်ဘာ ၃**

မကွေးတိုင်းဒေသကြီးမှ ကြက်သွန်နီအဓိက စိုက်ပျိုးသည့် မြို့နယ်ဖြစ်သော ဆိပ်ဖြူမြို့နယ်မှ ကြက်သွန်နီများသည် ဒီဇင်ဘာလကုန်ပိုင်းတွင်မှ လှိုင်လှိုင်ထွက်ရှိနိုင်ပြီး ဈေးကွက်သို့ ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း ဆိပ်ဖြူမြို့နယ်မှ ကြက်သွန်နီ ရောင်းချတင်ပို့သူများထံမှ သိရသည်။

ဆိပ်ဖြူမြို့နယ်အတွင်း ကြက်သွန်နီကို ဥစိုက်နှင့် အပင်စိုက်ဟူ၍ နှစ်မျိုးခွဲခြား၍ စိုက်ပျိုးရာ ကြက်သွန်နီဥစိုက်ကို သီတင်းကျွတ်လပြည့်ကျော်မှ စတင်စိုက်ပျိုးကြောင်း၊ ဒီဇင်ဘာလကုန်ပိုင်းတွင် ထွက်ရှိကြောင်း၊ အပင်စိုက်ကို ဒီဇင်ဘာလကုန်ပိုင်းနှင့် ဇန်နဝါရီလဆန်းပိုင်းတွင် စတင်စိုက်ပျိုးကြကာ အပင်စိုက်မှ ကြက်သွန်နီသည် ဧပြီလတွင်ပေါ် ထွက်ကြောင်း သိရသည်။ ဥစိုက်မှထွက်ရှိသော ကြက်သွန်နီသည် ကုန်ချိန်အလျော့ထွက်များခြင်းကြောင့် နှစ်လခန့်သာ အထားခံနိုင်ပြီး အပင်စိုက်မှထွက်ရှိသည့်ကြက်သွန်နီသည် ဧပြီလ ထွက်ရှိချိန်မှ နောက်ထပ်ခြောက်လကျော် ခုနစ်လနီးပါး အထားခံနိုင်သည်။

ကြက်သွန်နီစိုက်ပျိုးရာတွင် နွားချေးနှင့် နှမ်းဖတ်တို့ကို မြေဩဇာအဖြစ် အဓိကထား သုံးစွဲကာ ဓာတုမြေဩဇာ အနည်းငယ်သာသုံးစွဲရကြောင်း၊ ဓာတုမြေဩဇာ အလွန်အကျွံသုံးစွဲမိပါက အရည်ပျော်၍တာရှည်အထားမခံကြောင်း၊ ဓာတုဓာတ်ကြောင့် ကြက်သွန်အရသာလည်း ပျက်စီးကြောင်း၊ ဆိပ်ဖြူမြို့နယ်တွင် စိုက်ပျိုးသောကြက်သွန်နီများသည် ဓာတုဆေးဝါးနည်းပါးခြင်းနှင့် သဘာဝမြေဩဇာကို အဓိကထားကာ ဒေသရာသီဥတုနှင့်


ဆိပ်ဖြူမြို့နယ်မှ ကြက်သွန်စိုက်ခင်းတစ်ခင်း

ရေချိန်စိုက်ပျိုးခြင်းတို့ကြောင့် ဈေးကွက်ဝင် ကြက်သွန်နီအဖြစ် ရပ်တည်လျက်ရှိကြောင်း ကြက်သွန်နီ ရောင်းချတင်ပို့သူတစ်ဦးက ပြောသည်။

ဆိပ်ဖြူမြို့နယ်သည် ကြက်သွန်နီကို အဓိကအားထားစိုက်ပျိုးပြီး ဆိပ်ဖြူကြက်သွန်နီသည် ရန်ကုန်ဈေးကွက်တွင် အကောင်းဆုံးအမျိုးအစားအဖြစ် ထိပ်ပိုင်းတွင်ရှိကာ အခြားသောနယ်မြို့များသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

ယခုနှစ်တွင် ကြက်သွန်နီဈေးနှုန်းများ အဆမတန် မြင့်တက်နေမှုကို စားသုံးသူပြည်သူများ ကြုံတွေ့နေရပြီး ဆိပ်ဖြူကြက်သွန်နီများ ထွက်ရှိချိန်တွင် ဈေးနှုန်းလျော့ကျသွားရန် ခန့်မှန်းနေကြသည်။ ယခင်နှစ်များက ကြက်သွန်နီဈေးနှုန်းသည် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀ မှ ၃၀၀ အထိသာ ရှိခဲ့သော်လည်း ယခုနှစ်တွင် ဩဂုတ်လအတွင်းမှစ၍ ကြက်သွန်နီဈေးနှုန်းများ တဖြည်းဖြည်း မြင့်တက်လာလျက်ရှိရာ ယခုအချိန်တွင် ရန်ကုန်ဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် အရွယ်အစားလိုက်ကာ ငွေကျပ် ၂၈၀၀ မှ ငွေကျပ် ၄၀၀၀ ခန့်အထိ ရှိနေကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်းဆိုင်ရာများ ဆွေးနွေး

**တောင်ကြီး ဒီဇင်ဘာ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့တွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းဆိုင်ရာ လုပ်ငန်းအစည်းအဝေးကို သစ်တောဦးစီးဌာန ရတနာသစ်ခန်းမ၌ နိုဝင်ဘာ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေရန် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်းဖြစ်ကြောင်း၊ သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်ခဲ့ကြသည့် ရွာစု၊ အိမ်ထောင်စုများအား ကျေးရွာသစ်များ ပြန်လည်ဖွဲ့စည်းနေရာချထားရန် အဆင့်အလိုက် စီမံဆောင်ရွက်လျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ အခက်အခဲများ၊ အကြံပြုချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ တောင်ကြီးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေမောင်က ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကာ အစည်းအဝေးသို့ တက်ရောက်လာကြသော ဒေသခံလူမှုအဖွဲ့အစည်းများက ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ရှမ်းပြည်နယ် သစ်တောနှင့်သတ္တုဝန်ကြီးက ကလောမြို့ သာမိုင်းခမ်းကျေးရွာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ကိုလည်းကောင်း၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က ညောင်ရွှေကင်းတဲကျေးရွာတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်ကိုလည်းကောင်း ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။ အစည်းအဝေးသို့ သစ်တောဦးစီးဌာနနှင့် ဆက်စပ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ UNDP မှ ကိုယ်စားလှယ်များ၊ ဒေသခံ လူမှုအဖွဲ့အစည်းများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# လူကိုဖျက်တဲ့အရက်ကို မမှီဝဲဘဲ ကင်းအောင်နေကြစို့

**ပုညတင်(ခရမ်း)**

"ဘယ်လို၊ ဘယ်လို။ မွေးနေ့ပွဲညမှာ သောက်ကြစားကြမယ်၊ မွေးနေ့ပွဲကို အရက်သောက်ပြီး ကြိုမယ်၊ ဟုတ်လား" ဒီလိုစကားကြားရသော ဆရာမ ဒေါ်ခင်မေသက် ခေါင်းနပန်းကြီးသွားသည်။

'ဘုရား၊ ဘုရား ဘယ်သူက သင်ပေးလိုက်ပါလိမ့်၊ မွေးနေ့ပွဲကို အပျော်အနေနဲ့ အရက်နဲ့ကြိုမယ်ဟုတ်လား' သဘောပေါက်အောင် ရှင်းမပြနိုင်ရင်ဖြင့် ကျောင်းသားသုံးဦးအတွက် ရင်လေးစရာ၊ ဆရာမတစ်ယောက်အနေဖြင့် လမ်းမှန်ကိုတော့ ညွှန်ပြရမည်သာ။

'ကဲ၊ ကလေးတို့ သုံးယောက်စလုံး ခဏထိုင်ပါဦး'

ဆရာမက ထိုင်ဆိုတော့လည်း ထိုင်ကြသည်။ မောင်အောင်ကို၊ မောင်တင်ထွန်းနှင့် မောင်ဇော်ထက် သုံးယောက်စလုံးသည် ဆယ်တန်း'စီ'မှာ အတူထိုင်သူများ၊ နုနယ်ငယ်ရွယ်သည့် အရွယ်များ၊ အတုမြင် အတတ်သင်ချင်ကြသည့် ဆယ်ကျော်သက်များဖြစ်သည်။

'ဆရာမ ပြောမယ်၊ ခုပြောတာတွေကို ကျောင်းသင်ခန်းစာသင်သလို ချက်ချင်းလက်ခံရမယ် မပြောဘူးနော်၊ မှန်တယ်ဆိုမှ လက်ခံပါ၊ လိုက်နာကျင့်သုံးပါ၊ မမှန်ဘူးထင်ရင် ငြင်းလို့ရတယ်။ မင်းတို့သုံးယောက်က ဆရာမရဲ့ မောင်အရွယ် တူအရွယ် သားအရွယ်မို့ မဖြစ်မနေပြောတော့မယ်'

သုံးယောက်စလုံး ငြိမ်သက်စွာ ထိုင်နေကြသည်။

'ပတ်ဝန်းကျင်မှာ အရက်သောက်ထားတဲ့သူတွေ မြင်ဖူးလား'

'မြင်ဖူးပါတယ် ဆရာမ'

မောင်အောင်ကိုက သွက်လက်စွာ ဖြေသည်။

'အရက်သောက်ထားတဲ့ လူတစ်ယောက် ဘယ်လိုလမ်းလျှောက်သလဲ၊ မျက်နှာက ဘယ်လိုအရောင်သန်းနေသလဲ၊ မျက်လုံးကလည်း တောက်ပဝင်းလက်မှုရှိရဲ့လား၊ အဝတ်အစားတွေရော စတိုင်ကျရဲ့လား၊ Smart ကျရဲ့လား၊ သပ်ရပ်မှုရှိသလား။ သူ့ရဲ့အနီးကပ် ကိုယ်သင်းရနံ့ကရော ဘယ်လိုရှိလဲ၊ ရေမွှေးတွေ ဘယ်လိုဆွတ်ထားထား ရေမွှေးနံ့က မဖုံးနိုင်ပါဘူး။ တစ်ခုတော့ ရှိတယ်ပေါ့၊ အရက်သောက်ထားတဲ့သူဟာ တက်ကြွတဲ့စိတ်နဲ့ စကားပြောရင် အာသွက်လျှာသွက်တော့ ဖြစ်နေမှာပေါ့'

'ဟုတ်ပါတယ် ဆရာမ၊ အမူးသမားတွေဟာ စကားအလွန်ပြောပါတယ်'

'ရုပ်ရှင်ထဲမှာ ဇာတ်လိုက်မင်းသားအရက်သောက်တဲ့အခန်းကို ကြည့်ပြီး ခံ့ထည်လှပြီမထင်ပါနဲ့၊ သူတို့က အနုပညာကိုဖန်တီးတာ။ သဏ္ဌာန်လုပ် သရုပ်ဆောင်တာ။ တကယ်သောက်တာမဟုတ်ဘူး။ သောက်ပြတာ၊ မူးချင်ယောင်ဆောင်ပြတာ၊ သရုပ်ဆောင်တာ၊ ဇာတ်လမ်းဇာတ်ကွက်အရ ဖန်တီးကြတာ။ မင်းတို့က ဒါတွေကို အားကျလို့လား'

'မဟုတ်ပါဘူး ဆရာမ။ သားတို့က တစ်ခါမှ မသောက်ဖူးကြလို့ စမ်းသပ်ကြည့်မလို့ပါ'

'လူငယ်တွေဟာ စမ်းသပ်တီထွင်မှု အသစ်အဆန်းကို မြတ်နိုးမှု ဒီစိတ်တွေ ရှိတာတော့ ဆရာမလည်း သိပါတယ်။ ဒါပေမယ့် ကောင်းတဲ့ဘက်မှာ အသစ်အဆန်း တီထွင်ရမယ် စမ်းသပ်ရမယ်၊ ဒါကိုတော့ မင်းတို့သတိရှိရမယ် '

'ဟုတ်ပါတယ် ဆရာမ သားတို့စိတ်ကူးယဉ်မိတာပါ။ အဲ့ဒီစိတ်ကူးကို ပြင်ပါ့မယ်'

'ခုပြင်ရုံနဲ့ မလုံလောက်ဘူး။ အရက်ဆိုတာ ဘယ်လိုသဘောလဲ၊ ဘယ်လို အစွမ်းရှိသလဲ၊ ကောင်းတဲ့ဘက်သို့လား ဆိုးတဲ့ဘက်သို့လား တစ်ဘဝစာ နားလည်သွားဖို့ ဆရာမပြောပြမယ်'

'ပြောပါဆရာမ သားတို့ နားထောင်ချင်ပါတယ်'

'အေး။ ခဏနေဦး ဆရာမ ရေတစ်ခွက်သောက်ဦးမယ်'

ဆရာမက ရေအေးအေးတစ်ခွက်သောက်လိုက်သည်။

'ကဲ၊ သမီးတို့တွေ ဘာတွေ ပြောနေကြတာလဲ၊ သားလေးသုံးယောက်လဲ မပြန်ရသေးပါလား'

ဆရာမ ဒေါ်ခင်မေသက်၏ မိခင်ဖြစ်သူက ရောက်လာကာ မေးလိုက်ပါသည်။

'ဒီမှာမေမေ ဒီကလေးသုံးယောက်ကို အရက်မသောက်ဖို့ ဆုံးမနေတာပါ'

'အို. . . . သားတို့ရယ် ကျောင်းသားလူငယ်တွေနဲ့ အရက်ဆိုတာ မအပ်စပ်ပါဘူး၊ လူကိုဖျက်တာ အရက်၊ ဝါးကိုဖျက်တာ ဝါးမြက်ဆိုတာ ကြားဖူးကြတယ် မဟုတ်လား'

'ဟုတ်ကဲ့ပါ အဘွား၊ သားတို့ စာထဲမှာ ဖတ်ဖူး သင်ဖူးပါတယ်'

'ဟုတ်ကဲ့ပါ မေမေ. . . မေမေကလည်း ဝိုင်းကူပြောပြပေးပါဦး၊ အရက်ရဲ့ ဆိုးကျိုးတွေ ပြောမဆုံးပေါင် တောသုံးတောင် ဆိုတဲ့အကြောင်း'

'ဒီလိုရှိတယ် သားတို့ရဲ့၊ တို့ရဲ့ ဗုဒ္ဓကဟောထားတယ်လေ၊ သေရည်နဲ့ အရက် စီးပွားပျက်ကို တစ်စက်ကယ်မျှ မသောက်ကြနှင့် ရှောင်ကြပါလေ ရှင်တော်ဟောသည့် အဆိပ်ရည်'တဲ့၊ နောက်ပြီး အရက်သမားအမှား တစ်ထောင်တဲ့။ အရက်သောက်လို့ မှားခဲ့တဲ့ ဥပမာသာဓကတွေ အများကြီးပေါ့ကွယ်'

'ဟုတ်ကဲ့ပါ ဘွားဘွား၊ သားတို့ နားထောင်နေပါတယ်၊ ဆက်ပြောပြပါနော်'

'ငါးပါးသီလထဲမှာလည်း အရက်သေစာ၊ မူးယစ်စေတဲ့ အရာမှန်သမျှ မသောက်သုံးပါဘူးလို့ ကျင့်ဝတ်တစ်ပါး ပါတယ်နော်။ အဲဒီ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိဆိုတဲ့ သိက္ခာကျင့်ဝတ်ကို ပျက်တာနဲ့ ကျန်တဲ့သီလလေးပါးလုံး ပျက်နိုင်တယ်တဲ့။ ပျက်တတ်တယ်တဲ့။ အဲဒီအရက်သေစာသောက်စားခြင်းဟာ ဆိုးကျိုးများတယ်။ အပြစ်များတယ်၊ အပြစ်ကြီးတယ်ကွဲ့၊ သားတို့ အသက်နဲ့အမျှ ရှောင်ကြဖို့ပဲ'

"သားတို့ နားရှင်းအောင် ဘွားဘွားပြောပြမယ်။ ဘွားဘွားတို့ငယ်ငယ်က စာရေးဆရာတစ်ဦး၊ အောင်မြင်နေတဲ့ စာရေးဆရာတစ်ဦး ရေနစ်သေဆုံးတယ်တဲ့၊ နှမြောစရာကောင်းလွန်းလို့ ဘာကြောင့်လဲလို့ စုံစမ်းကြည့်တော့ သူငယ်ချင်းနှစ်ဦး အရက်သောက်ပြီး အင်းလျားကန်ထဲမှာ လှေစီးကြတယ်တဲ့၊ သူငယ်ချင်းက လှေဦးက လှော်တယ်၊ စာရေးဆရာက လှေပဲ့ပိုင်းက လှော်တယ်၊ လှေဦးပိုင်းကလူက နောက်လှည့်ကြည့်တော့ စာရေးဆရာ လှေပေါ်မှာ မရှိတော့ဘူးတဲ့၊ စာရေးဆရာက ရေကူးချန်ပီယံတဲ့"

'စာရေးဆရာသာ အရက်မမူးရင် လှေပေါ်က ကျစရာမရှိဘူး၊ လှေဦးက သူငယ်ချင်းလည်း အရက်သောက်မထားရင် နောက်ပိုင်းကလူကျတာ မသိစရာမရှိဘူး၊ အရက်ကြောင့် တန်ဖိုးရှိသော စာပေသမားတစ်ဦး အကြွေစောခဲ့ရတယ်'

'ဟုတ်လားမေမေ၊ သမီးလည်း ကြားဖူးသလိုပဲ၊ စိတ်မကောင်းလိုက်တာ'

'ကဲ သမီးရေ ကလေးတွေကို မုန့်ကျွေးပါဦး၊ ပြောတာချည်းပဲ နားထောင်ရတာ ငြီးငွေ့နေရောပေါ့'

'ဟုတ်ကဲပါမေမေ သမီး လက်ဖက်သုပ်ကျွေးပါ့မယ်'

'မေမေ ဆုံးမစရာရှိတာ ဆက်ပြောပေးပါနော်'

'အရက်ဆိုးကျိုးနောက်တစ်ခုက အဘွားတို့ရဲ့မြို့မှာ လူငယ်တစ်ဦးဟာ အရက်အလွန်သောက်တယ်။ သူ့မိဘတွေကလဲ မနိုင်လို့ လွှတ်ထားရတယ်။ အဲဒီသူငယ်ဟာ မိဘအိမ်မှာ မပျော်တဲ့အခါ သူငယ်ချင်းတွေအိမ်သွားနေတက်တယ်၊ အရက်နေ့စဉ်သောက်တယ်၊ မြို့ထိပ်မှာရှိတဲ့ ချောင်းကိုဖြတ်ဆောက်ထားတဲ့ တံတားတစ်ခုရှိတယ်၊ ချောင်းကမိုးတွင်းဆို ရေပြည့်တယ်၊ ရေစီးလဲသန်တယ်။

'တစ်နေ့ချောင်းထဲမှာ လူသေအလောင်းတစ်လောင်းတွေ့ရတယ်တဲ့။ နှစ်ရက်လောက်ကြာမှတွေ့တော့ မျက်နှာကပျက်နေပြီ၊ ငါးတွေစားထားတာတဲ့၊ ဘယ်သူ့ရဲ့အလောင်းမှန်း မသိဘူး၊ ပိုင်ရှင်မဲ့အလောင်းဆိုပြီး ဆေးရုံပို့တယ်၊ ဘယ်သူဘယ်ဝါမသိတဲ့ ပိုင်ရှင်မဲ့အလောင်းအဖြစ် ရဲစခန်းနဲ့ဆေးရုံက သင်္ဂြိုဟ်လိုက်ကြတယ်။

'ခုနစ်ရက်လောက်ကြာတော့မှ အရက်သမား သူငယ်ရဲ့အိမ်က သူ့သားပြန်မလာလို့ရှာကြတယ်။ ဆွေမျိုးတွေရှိတဲ့ အခြားရွာကို မေးမြန်းစုံစမ်းလုပ်ကြတယ်။ ဆွေမျိုးတွေကလည်း မလာဘူးတဲ့၊ အိပ်နေကျသူငယ်ချင်း အိမ်ကလည်း ပြန်သွားတာကြာပြီတဲ့။

'အဲဒီကျမှ ရဲစခန်းက မြေပုံကအလောင်းကို ပြန်ဖော်စစ်ဆေးကြတယ်၊ သေတုံးက အင်္ကျီလေးက ရှိနေသေးတယ်၊ မိခင်ဖြစ်သူကို ရဲစခန်းက အလောင်းကို မသင်္ဂြိုဟ်ခင် ရိုက်ထားတဲ့ဓာတ်ပုံကိုထုတ်ပြမှ မိခင်က သူ့သားရဲ့ အင်္ကျီအကွက်လေးကို မှတ်မိတယ်၊ အဲ့ဒီနောက် သူ့သားရဲ့အလောင်းပဲလို့ မှတ်မိသွားတယ်၊ အဲဒီတော့မှ သေသူဟာ အဲဒီအရက်သမားလေးပဲဆိုတာ သိကြရတော့တယ်။

'အရက်ဟာ ဒီအထိကြောက်စရာကောင်းတယ်၊ မိဘကလည်း ကိုယ့်သားသေလို့သေမှန်းမသိ၊ ပိုင်ရှင်မဲ့အလောင်းအဖြစ် သင်္ဂြိုဟ်ခံရ၊ ဝမ်းနည်းစရာကောင်းလိုက်တာ။

'ဖြစ်ပျက်ပုံကတော့ အရက်မူးမူးနဲ့ တံတားပေါ်ကိုဖြတ်ရင်း ချော်ကျသေဆုံး ပုံရတယ်၊ အရက်ဆိုတာ အသက်ကို ဆုံးရှုံးလွယ်စေတယ်၊ အသက်မဆုံးခင်လည်း ဒုက္ခိတ၊ လူစဉ်မမီ၊ စိတ်ဝေဒနာသည်အဖြစ် ဘဝဆုံးတတ်လို့ သားတို့ အရက်ဆို ဝေးဝေးသာရှောင်ကြပါကွယ်'

'ကျေးဇူးတင်ပါတယ်ဘွားဘွားရယ်၊ ဆရာမကိုလည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့တစ်သက်လုံး အရက်ကို ရှောင်ပါ့မယ်၊ မမှီဝဲဘဲ ကင်းအောင်နေပါ့မယ်လို့ သားတို့ သုံးယောက်စလုံး ကတိပေးပါတယ်ခင်ဗျာ'

'သာဓုကွယ် သာဓု သာဓုပါ'

ကလေးသုံးယောက်ပြန်သွားကြပါပြီ။ ဆရာမဒေါ်ခင်မေသက်နှင့် သူ့မိခင်တို့ ကောင်းမှုတစ်ခုကို ပြုလိုက်ရခြင်းဟု သောမနဿဖြစ်ကာ ကျေနပ်ဝမ်းသာ ပီတိဖြစ်နေကြပါတော့သည်. . .



# ဖျာပုံမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ဖျာပုံ ဒီဇင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးနှင့် စည်ပင်သာယာကော်မတီဝင်များ၊ ဈေးသူဈေးသားများ၊ ဖျာပုံခရိုင်မီးသတ်ဦးစီးမှူးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သရုပ်ပြလေ့ကျင့်ကြသည်။

"ကျွန်တော်တို့ ဖျာပုံမြို့မှာ မြို့မဈေးကြီးအပါအဝင် ဆိပ်ကမ်းသာဈေးနှင့် မြောက်ပိုင်းဈေးလေးတို့ ရှိကြပါတယ်။ မြို့မဈေးကြီးကတော့ ပြည်သူတွေ အဓိကအားထားပြီး ကုန်ရောင်းကုန်ဝယ် ပြုလုပ်နေတဲ့ လူမှုစီးပွားရေးအတွက် အရေးကြီးတဲ့ ဈေးကြီးတစ်ခုပါ။ ဒါကြောင့် ပြည်သူတွေအတွက် အသက်အိုးအိမ်စည်းစိမ် စိတ်ချလုံခြုံမှုရှိစေဖို့ အဆင့်မြင့်မီးငြိမ်းသတ်နည်းပညာတွေနဲ့ လက်တွေ့လေ့ကျင့်ရတာပါ"ဟု ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝေက ပြောသည်။

အဆိုပါသရုပ်ပြလေ့ကျင့်မှုများမှာ မီးသတ်စက်ယာဉ်၊ ရေသယ်ယာဉ် မီးသတ်မီးငြိမ်းသတ်ယာဉ်များ၊ အချိန်နှင့်တစ်ပြေးညီချိတ်ဆက်၍ ဈေးသူဈေးသားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ရေဖြင့် မီးငြိမ်းသတ်လေ့ကျင့်ကြပြီး မီးလောင်မှုအမျိုးမျိုးတွင် လောင်စာဆီဖြင့် မီးလောင်မှုကို(FOAM) အမြှုပ်ဆေးရည်ဖြင့် လက်တွေ့မီးငြိမ်းသတ်လေ့ကျင့်ကြသည့်အပြင် ဈေးသူဈေးသားများ၊ လာရောက်ကြည့်ရှုကြသော ပြည်သူများအား မီးလောင်မှုအမျိုးမျိုးဖြစ်ပွားပုံနှင့်ခေတ်မီ မီးသတ်နည်းစနစ်များကို ခရိုင်မီးသတ်ဦးစီးမှူးက ပညာပေးဟောပြောခဲ့သည်။ **(၀၇၁)**

# ကျေးရွာချင်းဆက်မြေသားလမ်း အဆင့်မြှင့်တင်မှု မကြာမီပြီးစီးမည်

**ကလေး ဒီဇင်ဘာ ၃**

ဇူလိုင်လအတွင်းက ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားခဲ့သော ကျေးရွာချင်းဆက်လမ်းတစ်ခုဖြစ်သည့် ဖောင်ကူး - သဖန်းအိုင်-ဆည်တော်ဦး-အောင်မြင်သာကျေးရွာလမ်းကို မြေသားပေါင်တင်ခြင်းနှင့် ချောင်းသဲကျောက်ခင်း၍ အဆင့်မြှင့်တင်လျက်ရှိရာ မကြာမီပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ကျပ် ၂၀၀ ဒသမ ၃ သန်း အကုန်အကျခံကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိုးမြင့်အာကာကုမ္ပဏီက တာဝန်ယူ၍ အောက်တိုဘာ ၂၃ ရက်မှစတင်ဆောင်ရွက်ပြီး မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

# ခူမီးရိုးရာ နှစ်သစ်ကူးပွဲတော် စည်ကားစွာကျင်းပ

**ပလက်ဝ ဒီဇင်ဘာ ၃**

ချင်းပြည်နယ် ပလက်ဝမြို့နယ်၌ နှစ်စဉ် ဒီဇင်ဘာ ၁ ရက်တွင် ခူမီးရိုးရာနှစ်သစ်ကူးပွဲတော်ကို ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း ပလက်ဝမြို့ ရိက္ခာရပ်ကွက် အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ခူမီးရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရွှေက ပွဲတော်သို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ပြည်သူများ ကွင်းလုံးပြည့်ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ မိမိတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ရန် အနုပညာဖြင့် ပြည်သူများအား တင်ဆက်ပြသခဲ့ကြောင်း ပြောသည်။ ခူမီးရိုးရာ နှစ်သစ်ကူးပွဲတော်တွင် ရိုးရာယဉ်ကျေးမှုအက၊ တိုင်းရင်းသား အကပဒေသာ၊ ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ပြီး ရိုးရာအားကစားနည်းများဖြစ်သော လက်လှဲ၊ ခြေလှဲ၊ ဝါးညှပ်အားကစားပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပခဲ့ကာ တိုင်းရင်းသားပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **ကျော်ဦး(ပြန် / ဆက်)**

# စာဆိုတော်နေ့အထိမ်းအမှတ် စာအုပ်စာစောင်များ လှူဒါန်း

**ပြည် ဒီဇင်ဘာ ၃**

နတ်တော်လဆန်း ၁ ရက်တွင် ကျရောက်မည့် စာဆိုတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားကြီး စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်းက စာအုပ်စာစောင်များကို ဒီဇင်ဘာ ၂ ရက်က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စာကြည့်ပိဋကတ်တိုက်နှင့် ယဉ်ကျေးမှုပြတိုက်အသင်း ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အတွင်းရေးမှူး ဦးဇင်သိန်းတို့က တန်ဖိုးငွေကျပ်ငါးသိန်းကျော်ရှိ သုတရသ စာအုပ်များနှင့် မဂ္ဂဇင်းများ အုပ်ရေ ၄၂၅ အုပ်ကို မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် လင်ပန်းကျေးရွာရှိ ပညာ့အလင်းရောင်စာကြည့်တိုက်သို့ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ **မောင်ရွှေဝင်း(ပြည်)**

# ငလျင်ကြောင့် ပျက်စီးခဲ့သော စေတီပုထိုးနှင့် သာသနိကအဆောက်အအုံများအား ကွင်းဆင်းစစ်ဆေး

**ကနီ ဒီဇင်ဘာ ၃**

နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီခန့်က ရစ်ခ်ျတာစကေး ၅ ဒသမ ၄ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်မှ ပျက်စီးခဲ့သော စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် တာဝန်ရှိသူများ ဒီဇင်ဘာ ၁ က ကွင်းဆင်း၍ လှည့်လည်ဖူးမြော်စစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်းဦးတို့က ကနီမြို့နယ်အတွင်းမှ ကျေးရွာများရှိ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။ ကနီမြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာ ကော်မတီအဖွဲ့ဝင်များအနေဖြင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် ကျေးရွာများရှိတာဝန်ရှိသူများနှင့် ပူးပေါင်း၍ သဘာဝဘေး ပြန်လည်ထူထောင်ရေးအဖွဲ့များ ဖွဲ့ကာ ပေါင်းစပ်ဆောင်ရွက်သွားကြရန်မှာကြားခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**



# တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်လည်ပတ်မှုများပြားနေ

**တာချီလိတ် ဒီဇင်ဘာ ၃**

ယခုနှစ် ပွင့်လင်းရာသီတွင် တာချီလိတ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ အင်းလေး၊ ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်မြို့များနှင့် မိုင်းလားမြို့များရှိ အထင်ကရ ခရီးစဉ်နေရာများသို့ ခရီးသွားဧည့်သည်များက ပိုမိုသိရှိ အာရုံစိုက်လာခြင်း၊ ခရီးစဉ်သစ်များ ဖော်ထုတ်ဆောင်ရွက်ခြင်းများကြောင့် ကမ္ဘာလှည့်ခရီးသွား ဧည့်သည်များနှင့် ထိုင်းနိုင်ငံသား ခရီးသွားဧည့်သည်များအနေဖြင့် တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ယာဉ်တန်းခရီးစဉ်များ၊ ဆိုင်ကယ်များ၊ အပျော်စီးခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်မှုများလာကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ Mother Ayeyawaddy Travels & Tours ကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသား ဧည့်သည် Mr. Surachai Thanasiripong နှင့်အဖွဲ့ဝင် ၁၅ ဦးတို့သည် နိုဝင်ဘာ ၂၁ ရက်က မော်တော်ဆိုင်ကယ် ၁၄ စီး၊ မော်တော်ယာဉ်တစ်စီးတို့ဖြင့် တာချီလိတ်နယ်စပ်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ခံအရာရှိ ဒေါ်နန်းမြအုန်းစိန်၊ ကုမ္ပဏီမှ ဧည့်လမ်းညွှန် ဒေါ်တင်မာဝင်းတို့ လိုက်ပါလျက် တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-အင်းလေး-ပုံဂံ-မန္တလေး-ပြင်ဦးလွင်မြို့များရှိ ထင်ရှားသော ရှေးဟောင်းမြို့နေရာများ၊ သဘာဝတောတောင် အလှအပများ၊ စိတ်ဝင်စားစရာ



နေရာများသို့ ကိုးညအိပ် ၁၀ ရက်ကြာ အပျော်တမ်းဆိုင်ကယ်ခရီးစဉ်အဖြစ် လည်ပတ်ခဲ့ကာ တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၃၀ ရက် ညနေပိုင်းက ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။


အာရှဘောလုံးအဖွဲ့ချုပ်သည် အဖွဲ့ဝင်နိုင်ငံများမှ ကလပ်အသင်းများအတွက် အဆင့်သုံးဆင့်ခွဲကာ ပြိုင်ပွဲသုံးခု နှစ်စဉ်ကျင်းပလျက်ရှိသည်။ ပရီလိဂ်ကူးပြောင်းပြီး နောက်ပိုင်းတွင် မြန်မာကလပ်အသင်းများမှာ အောက်ဆုံးအဆင့် AFC President's Cup ပြိုင်ပွဲမှ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်၊ အာရှချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တို့ ယှဉ်ပြိုင်ခွင့်ရရှိသည်အထိ တိုးတက်မှုရှိလာခဲ့သည်။

လာမည့် ၂၀၁၆ ရာသီတွင် မြန်မာကလပ်အသင်းများမှာ အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ၌တစ်သင်း၊ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်၌ တစ်သင်းယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ အာရှချန်ပီယံလိဂ်အကြိုခြေစစ်ပွဲတွင် ရှုံးနိမ့်သည့်အသင်းမှာ AFC Cup ပြိုင်ပွဲအုပ်စုအဆင့်၌ ပြန်လည်ယှဉ်ပြိုင်ခွင့် ရမည်ဖြစ်သည်။ အာရှချန်ပီယံလိဂ် ပြိုင်ပွဲအကြိုခြေစစ်ပွဲကို MNL အမှတ်ပေးချန်ပီယံ ရန်ကုန်အသင်း AFC Cup ပြိုင်ပွဲအုပ်စုအဆင့်ကို ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ရန်ကုန်အသင်းမှာ အကြိုခြေစစ်ပွဲအဆင့်တွင် အာဆီယံဒေသတွင်း ကလပ်အသင်းများနှင့် တွေ့ဆုံနိုင်သော်လည်း Play-Off

*စာမျက်နှာ ၅ ကော်လံ ၁* ❖




မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း
# လူမှုစီးပွားအားကစား
၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်၊ သောကြာနေ့။




ပြည်တွင်းရေးရာ

**လျှပ်တစ်ပြက် လဟယ်**


စာ - ၃



လူမှုစီးပွား

**ဆောင်းသီးနှံစိုက်ပျိုးမှု ထက်ဝက်ခန့်ကျဆင်း**

စာ - ၄






# ချန်ပီယံလိဂ်နှင့် ဆက်နွှယ်သော အာဆင်နယ်၏ အနာဂတ်

စာ - ၂



မြန်မာ့အလင်း
၄-၁၂-၂၀၁၅ (သောကြာနေ့)

# ချန်ပီယံလိဂ်နှင့် ဆက်နွှယ်သော အာဆင်နယ်၏ အနာဂတ်

**ဒီနှစ်၊ ဒီရာသီချန်ပီယံလိဂ်ပြိုင်ပွဲမှာ အာဆင်နယ်ရဲ့ ပကတိအရှိတရားက အလုပ်အယိမ်း နည်းနည်းမကရှိတယ်။ အုပ်စုပွဲစဉ် ငါးပွဲကစားအပြီးမှာ ရပ်တည်မှုက အုပ်စုတွင်း တတိယ။ ဒုတိယနေရာက အိုလံပီယာကော့စ်ထက် သုံးမှတ်လျော့တယ်။ နောက်တစ်ဆင့်တက်နိုင်ဖို့ မျှော်လင့်ချက်မရှိတော့ဘူးလို့ မဆိုနိုင်သော်ငြား အင်မတန်ခက်ခဲလွန်းတဲ့ အနေအထားဖြစ်နေပြီဆိုတော့ အဲဒါနဲ့ပတ်သက်ပြီး ဘာများပြောစရာရှိမလဲ။ မေးစရာဖြစ်လာတယ်။**

အထူးသဖြင့် လက်ရှိအချိန်မှာ အာဆင်နယ်ဟာ ဆိုခဲ့ပြီးတဲ့အတိုင်း အုပ်စုတွင်းမှာ ဒုတိယနေရာက အိုလံပီယာကော့စ်ထက် သုံးမှတ်လျော့အနေအထားနဲ့ အုပ်စုတွင်း တတိယနေရာမှာရှိတယ်။ ဒီတော့ နောက်တစ်ဆင့်တက်ဖို့ဆိုရင် အဲဒီအုပ်စုနောက်ဆုံးပွဲစဉ်မှာ မဖြစ်မနေအနိုင်ရဖို့လိုပြီ။ ဒါကို အာဆင်နယ် ဆောင်ရွက်နိုင်ပါ့မလား။ ပြောမယ်ဆိုရင်ပေါ့။ အဲဒီအုပ်စုနောက်ဆုံးပွဲစဉ်မှာ အာဆင်နယ်ရင်ဆိုင်ရမှာကလည်း အိုလံပီယာကော့စ်နဲ့ပဲဆိုတော့ အခြေအနေက ပိုကျပ်တယ်။ အထူးသဖြင့် ကစားရမှာက အိုလံပီယာကော့စ်ကွင်း။ အိုလံပီယာကော့စ်မှာက သရေထိန်းကစားရုံနဲ့ နောက်တစ်ဆင့်တက်နိုင်မယ့်အခွင့်အရေးရှိတယ်။ ပြီးတော့ အာဆင်နယ်ဟာ ပထမအကျော့မှာတုန်းက အိမ်ကွင်းမှာကစားခဲ့ရတာတောင်မှ အိုလံပီယာကော့စ်ကို ၂-၃ ဂိုးနဲ့ရှုံးတယ်။ ဒီတော့ အာဆင်နယ်အနေနဲ့ ဒီဒုတိယအကျော့မှာ နိုင်ရုံလောက်နဲ့တောင် နောက်တစ်ဆင့် မရောက်ဘူး။

ပြောမယ်ဆိုရင်ပေါ့။ အာဆင်နယ်ဟာ အဲဒီအုပ်စုနောက်ဆုံးပွဲစဉ်မှာ အိုလံပီယာကော့စ်ကို အနိုင်ရခဲ့ရင်တောင်မှ အုပ်စုပွဲစဉ်တွေအားလုံးအပြီးမှာ အာဆင်နယ်ဟာ အိုလံပီယာကော့စ်နဲ့ အမှတ်တူအခြေအနေမှာသာ ရှိမယ်။ အဲဒီမှာ ချန်ပီယံလိဂ်ရဲ့စည်းမျဉ်းက အသင်းနှစ်သင်းအမှတ်တူနေရင် ထိပ်တိုက်ဆုံတွေ့မှုကို ဦးစားပေးကြည့်ပြီးဆုံးဖြတ်မှာ။ တကယ်လို့ ထိပ်တိုက်ဆုံတွေ့မှုရလဒ်မှာလည်း တူညီနေခဲ့ရင် အဲဒီနှစ်သင်းထိပ်တိုက်ဆုံတွေ့တဲ့ပွဲနှစ်ပွဲမှာ ဂိုးပိုသွင်းနိုင်တဲ့အသင်းကို ရွေးထုတ်မှာ။ တကယ်လို့ အဲဒီနှစ်ပွဲမှာ နှစ်သင်းစလုံးရဂိုးတူညီနေရင် အဲဒီထိပ်တိုက်ဆုံတွေ့မှုနှစ်ပွဲရဲ့ အိမ်ကွင်းအဝေးကွင်းသွင်းဂိုးတွေနဲ့ ဆုံးဖြတ်မှာဆိုတော့ အာဆင်နယ်အနေနဲ့ အဲဒီအုပ်စုနောက်ဆုံးပွဲစဉ်မှာ နိုင်ရုံနဲ့တောင် နောက်တစ်ဆင့်မတက်နိုင်မယ့် အခြေအနေမှာရှိတယ်။

အထူးသဖြင့်ပေါ့။ ဆိုခဲ့ပြီးတဲ့အတိုင်း အာဆင်နယ်ဟာ အိုလံပီယာကော့စ်ကို ပထမအကျော့အိမ်ကွင်းမှာ ၂-၃ ဂိုးနဲ့ရှုံးထားခဲ့တယ်။ ဒီတော့ ဒီဒုတိယအကျော့မှာ နှစ်ဂိုးအသာနဲ့ အနိုင်ရမှကိုဖြစ်မယ်။ ဒါမှဂိုးအရေအတွက်အရ အိုလံပီယာကော့စ်ကို အသာရမယ်။ တကယ်လို့ ၁-၀၊ ၂-၁ တို့နဲ့သာနိုင်မယ်ဆိုရင်တောင် သွင်းဂိုးအရေအတွက်တူညီနိုင်ပေမယ့် အဝေးဂိုးစည်းမျဉ်းနဲ့ အာဆင်နယ်အသာမရနိုင်ဘူး။ ဒီတော့ အရှင်းဆုံးပြောရရင် အာဆင်နယ်ဟာ အဲဒီအုပ်စုနောက်ဆုံးပွဲစဉ်မှ နောက်တစ်ဆင့်တက်နိုင်ဖို့ဆိုရင် အုပ်စုနောက်ဆုံးပွဲစဉ်မှာ အိုလံပီယာကော့စ်ကို နိုင်ရုံနဲ့တောင်မရဘဲ ဂိုးများများသွင်းနိုင်ဖို့လည်း လိုတယ်ဆိုတော့။ အဲဒါကို အာဆင်နယ်ဆောင်ရွက်နိုင်ပါ့မလား။ တကယ်လို့ မဆောင်ရွက်နိုင်ရင် ၁၉၉၈-၉၉ ဘောလုံးရာသီနောက်ပိုင်း ၁၆ နှစ်အတွင်း ပထမဆုံးအကြိမ် အုပ်စုအဆင့်ကထွက်ရတဲ့ အဖြစ်နဲ့ကြုံမယ်။ ဒီတော့ အဲဒီဂယက်ဟာ အာဆင်နယ်အပေါ် ဘယ်အထိရိုက်ခတ်နိုင်ခြေရှိမလဲ။



**“အာဆင်ဝင်းဂါးအနေနဲ့ ယူရိုပါလိဂ်ကို ချန်ပီယံလိဂ်လောက် အာရုံစိုက်မှာမဟုတ် တော့ ချန်ပီယံလိဂ်ကသာထွက်ရရင် ဝင်းဂါးရော အာဆင်နယ်အသိုင်းအဝိုင်းတစ်ခုလုံးပါ ပရီမီယာလိဂ်ကို အထူးတလည် စိတ်နှစ်ကြမှာ သေချာတယ်”**

ကျွမ်းကျင်သူအများစုကတော့ အထက်မှာတင်ပြခဲ့တဲ့အချက်တွေအရ ချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်တက်နိုင်ဖို့ဆိုတာ အာဆင်နယ်အတွက် ခက်ခဲလွန်းတဲ့အခြေအနေမှာရှိသလို တကယ်လို့ အမှန်တကယ်အုပ်စုအဆင့်ကနေထွက်ခဲ့ရရင် အဲဒီအတွက် နစ်နာမှုတွေရှိနိုင်တာမှန်သော်ငြား ကောင်းကွက်တချို့လည်း ရှိလာနိုင်ပါတယ်လို့ ဆိုကြတယ်။ ပြောရရင် ဆိုခဲ့ပြီးတဲ့အတိုင်း အာဆင်နယ်သာ ချန်ပီယံလိဂ်ကထွက်ခဲ့ရရင် အသင်းရဲ့ပုံရိပ်ကျဆင်းခြင်း၊ ဝင်ငွေအတိုင်းအတာ လျော့ကျခြင်းစတဲ့ အပြစ်ဖြစ်နိုင်ခြေတွေရှိတာမှန်ပေမယ့် တစ်ဖက်မှာကျတော့ အဲဒီလိုချန်ပီယံလိဂ်ကသာ ထွက်ခွာခဲ့ရရင် အကျိုးခံစားနိုင်ခွင့်ကောင်းတစ်ခုက ရှိကိုရှိတယ်။

အထူးသဖြင့် အာဆင်နယ်ဟာ ပရီမီယာလိဂ်ဆုဖလားနဲ့ ဝေးကွာခဲ့တာကြာပြီ။ အဲဒီလိုဝေးကွာခဲ့ရတဲ့ အကြောင်းရင်းတွေထဲမှာလည်း ဒဏ်ရာပြဿနာနဲ့ အရန်အင်အားမပြည့်စုံမှုဆိုတဲ့ အခြေခံအကြောင်းတရားတွေ အဓိကပါဝင်သလို အဲဒီအချက်တွေကြောင့်ပဲ အာဆင်နယ်ဟာ ရာသီဒုတိယပိုင်းတိုင်း ခြေစွမ်းကျဆင်းပြီး ပရီမီယာလိဂ်ဆုဖလားနဲ့ ကာလရှည်ဝေးခဲ့ရတာဖြစ်တယ်။ အခုရာသီမှာလည်း အာဆင်နယ်ဟာ အရန်အင်အားကထင်သလောက်မပြည့်စုံသေးဘူး။ ပြီးတော့ အာတီတာ၊ ဝေါလ်ကော့၊ ချိန်ဘာလိန်၊ ရိုဆစ်စကီ၊ ဝီလ်ရှီးယား၊ ဝဲလ်ဘတ်၊ ကိုကွီလင်တို့နဲ့ ဒဏ်ရာပြဿနာကလည်း စတင်ထိုးနှက်နေပြီ။ ဒီတော့ အဲဒီလိုအခြေအနေမျိုးနဲ့ ပွဲတွေဆက်များနေခဲ့ရင် ဒုတိယရာသီဝက်မှာ အာဆင်နယ်ခြေမှန်ကို ထိန်းနိုင်ပါ့မလား။

ပြောချင်တာကတော့ တကယ်လို့သာ အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်အုပ်စုအဆင့်ကထွက်ခဲ့ရရင် ပရီမီယာလိဂ်တစ်ခုတည်းကိုသာ အာရုံအပြည့်စူးစိုက်နိုင်မယ်။ ဒါဆိုရင် ဒဏ်ရာပြဿနာနဲ့ အရန်အင်အားမလုံလောက်မှုဆိုတဲ့ ချွတ်ယွင်းချက်ရှိနိုင်သော်ငြား အသင်းမယိုင်သွားအောင် ပိုထိန်းနိုင်မယ်။ ပြောရရင် လက်ရှိအာဆင်နယ်ရဲ့ အနေအထားက ချန်ပီယံလိဂ်ကထွက်ခဲ့ရင်တောင် ယူရိုပါလိဂ် ဆင်းကစားရဦးမှာဆိုပေမယ့် အာဆင်ဝင်းဂါးအနေနဲ့ ယူရိုပါလိဂ်ကို ချန်ပီယံလိဂ်လောက် အာရုံစိုက်မှာမဟုတ်တော့ ချန်ပီယံလိဂ်ကသာထွက်ရရင် ဝင်းဂါးရော အာဆင်နယ်အသိုင်းအဝိုင်းတစ်ခုလုံးပါ ပရီမီယာလိဂ်ကို အထူးတလည် စိတ်နှစ်ကြမှာ သေချာတယ်ဆိုတော့။ ချန်ပီယံလိဂ်မှာ အာဆင်နယ်နောက်တစ်ဆင့်တက်နိုင်ပါ့မလား။ တကယ်လို့ မတက်နိုင်ရင် နစ်နာမှုအချို့ရှိနိုင်သော်ငြား ပရီမီယာလိဂ်ချန်ပီယံတစ်ကျော့ပြန်ဖြစ်ဖို့အတွက်တော့ အထောက်အပံ့ကောင်းတစ်ခုဖြစ်လာနိုင်တယ်လို့ပဲ ဆိုချင်မိပါတယ်။

■ လင်းဆက်

## ကမ္ဘာ့အဆင့် ကစားသမားနှစ်ဦး ခေါ်ယူနိုင်ပါက မန်ယူအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်မည်ဟု ဂယ်ရီနဗီးလ် ပြောဆို

ပရီမီယာလိဂ်ကလပ် မန်ယူအသင်း ခံစစ်မှူးဟောင်း ဂယ်ရီနဗီးလ်က မန်ယူအသင်းအနေဖြင့် ဂါရတ်ဘေးလ်နှင့် ခရစ္စတီယာနိုရော်နယ်ဒိုတို့ကဲ့သို့ ကမ္ဘာ့အဆင့်ကစားသမားများကို ခေါ်ယူအားဖြည့်နိုင်ခဲ့ပါက ပရီမီယာလိဂ် အမှတ်ပေးချန်ပီယံဆုဖလားကို အလွယ်တကူရယူနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပွဲစဉ်(၁၄)ကစားပြီးချိန်တွင် ရမှတ် ၂၈ မှတ်ဖြင့် အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။ သို့သော်လည်း မန်နေဂျာ လူးဝစ်ဗန်ဟားလ်၏လက်အောက်၌ ဘောလုံးပိုင်ဆိုင်မှုကို ဦးစားပေးလွန်းသည့် မန်ယူအသင်းကစားပုံအပေါ် ဝေဖန်ပြစ်တင်မှုများ ထွက်ပေါ်လျက်ရှိသည်။

မန်ယူအသင်းသည် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ပြိုင်ဘက်အသင်းများကို ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ပုံမှန်ကစားနိုင်ခဲ့သော်လည်း ဂိုး ၂၀ သွင်းယူထားနိုင်သေးပြီး အမှတ်ပေးဇယား၏ ထိပ်ဆုံး ငါးသင်းအနက် သွင်းဂိုးအနည်းဆုံးအဖြစ် ရပ်တည်နေသည်။ မန်ယူအသင်းသည် အမှတ်ပေးချန်ပီယံဆုဖလားအား ၂၀၁၂-၁၃ ခုနှစ်ရာသီတွင် နောက်ဆုံးရရှိထားသည်။

အင်္ဂလန်ကစားသမားဟောင်း ဂယ်ရီနဗီးလ်က “မန်ယူအသင်းအနေနဲ့ ဂါရတ်ဘေးလ် ဒါမှမဟုတ် ရော်နယ်ဒိုလို ကစားသမားမျိုး အပါအဝင် ကစားသမားနှစ်ဦးလောက် ထပ်မံခေါ်ယူ အားဖြည့်နိုင်ခဲ့မယ်ဆိုရင် ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို အလွယ်တကူ ဆွတ်ခူးနိုင်ပါလိမ့်မယ်။ ဒါပေမယ့် မန်ယူအသင်းအတွက် နေမာ၊ ဆွာရက်ဇ်တို့လို ပွဲတစ်ပွဲမှာ တစ်ဂိုး၊ နှစ်ဂိုးလောက် သွင်းယူနိုင်တဲ့ ကစားသမားမျိုးလည်း လိုအပ်နေတယ်။ တကယ်လို့ အဲဒီလို ကစားသမားမျိုးတွေကိုသာ ခေါ်ယူနိုင်ခဲ့မယ်ဆိုရင် မန်ယူကို ဘာစီလိုနာအသင်းလို မြင်တွေ့လာရမှာပါ။ ဘာကြောင့်လဲဆိုတော့ မန်ယူဟာ ပြိုင်ဘက်အသင်းတွေကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနေနိုင်တာကြောင့်ဖြစ်ပါတယ်”ဟု ပြောသွားသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းမှ ရော်နယ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ကို ခေါ်ယူရန် ကြိုးပမ်းမှုများပြုလုပ်ခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းကလည်း မန်ယူအသင်း မန်နေဂျာ ဗန်ဟားလ်က ပေါ်တူဂီကစားသမား ရော်နယ်ဒိုအား မန်ယူအသင်းသို့ ပြန်လည်ခေါ်ယူလိုကြောင်း ပြောဆိုခဲ့သည်။

**အောင်က**



**စစ်ကိုင်းတိုင်းဒေသကြီး**

# လျှပ်တစ်ပြက် လဟယ်



တောင်ပေါ်ဒေသ၌ အချိုးအကွေ့များဖြင့် ဖောက်လုပ်ထားသည့် ဆင်သေ-လဟယ်လမ်းပိုင်းကို ဤသို့တွေ့ရသည်။

ကျွန်တော့်ဘဝတစ်လျှောက် ရောက်ခဲ့ဖူးသော အရပ်ဒေသတစ်ခုသို့ နောက်တစ်ကြိမ်ပြန်ပြီး ရောက်လေ့ရောက်ထရှိသည်။ ဤသို့ဆိုလျှင် ယမန်နှစ်က နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပခဲ့သည့် လေရှီးမြို့သို့ လည်းကောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းက မမျှော်လင့်ဘဲ ရောက်ရှိသွားသည့် လဟယ်မြို့သို့ လည်းကောင်း မှချမသွေရောက်ဦးတော့မည်။ မူလက ကျွန်တော်သွားရောက်ရန် စီစဉ်ထားသည့် နာဂဒေသခရီးစဉ်ထဲတွင် လဟယ်မြို့ မပါဝင်ခဲ့ပါ။ သို့သော်ငြားလည်း မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ ပထမအကြိမ် အိန္ဒိယနိုင်ငံအထောက်အပံ့ဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်း/တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာ အဆိုပါ လဟယ်မြို့နယ်အတွင်းရှိ ခါးငွေ့-ကုန်းလမ်း-စစ်ဖောင်-ကျွန်းခေါင်လမ်းပေါ်၌ ဘေလီတံတားတစ်စင်းတည်ဆောက်ရန် ကျန်ရှိနေပါသည်။ သည့်အတွက် ရသည့်အချိန်ကိုလုကာ ခန္တီး-ဆင်သေ-လဟယ်ကားလမ်း၊ မိုင်တိုင် ၄၉ မှ တစ်ဆင့် ဘေလီတံတားတည်ဆောက်မည့် ဟွေထိုက်ချောင်းသို့ မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့မှ မိတ်ဆွေကြီး ဦးကျော့နားနှင့်အဖွဲ့က မိုင်တိုင် ၄၉ တွင် လာရောက်စောင့်ကြိုပြီး အတူလိုက်ပါခဲ့ပါသည်။

### သန့်ဇင်ပြောတဲ့ ထိန်ညိုတောင်

ယခင်က လဟယ်သို့ ကျွန်တော်မရောက်ဖူးပါ။ ၁၉၉၆ ခုနှစ်က MTA လွယ်မော်အဖွဲ့များ အကြွင်းမဲ့ လက်နက်စွန့်အပြီး ဟိုမိန်းမြို့သို့သွားရောက်ထမ်းဆောင်ခဲ့ရာ၌ ယင်းဒေသသို့မသွားမီ ဟိုမိန်းဆိုသည်မှာ အဝိုင်းလား၊ လေးထောင့်လား စဉ်းစားတွေးတော ပုံဖော်ကြည့်ခဲ့သော်ငြား လက်တွေ့ရောက်ရှိသွားချိန်မှာတော့ ထိုင်းနယ်စပ်သို့ဦးတည်၍ ဟွေပန်ဆေ၊ နားမိုင်၊ နားမိုက်လေ၊ မတ်လန်း၊ မိန်းမိုင်၊ ပန်သပြေမှ နားမွန်လုံအထိ ရပ်ကွက်များ ဆက်ကာဆက်ကာ ရှည်မျောမျော သဏ္ဌာန်လေးတွေ့ရှိခဲ့ရသည်။ လဟယ်မြို့အနေအထားကိုတော့ လေရှီးမြို့နှင့် ဆင်ဆင်တူနိုင်သည်ဟု ကြိုတင်မှန်းဆထားမိ၏။ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) မှ ညီမငယ် ဒေါက်တာမေသူနိုင်ကတော့ လဟယ်ဒေသအတွင်းသို့ သုတေသနလုပ်ငန်းများအတွက် ရောက်ဖူးသူဖြစ်၍ သူ့မိတ်ဆွေများနှင့်ဆုံလျှင် သတိရကြောင်း ပြောကြားပေးပါရန် အမှာစကားပါးခဲ့သည်။

နိုဝင်ဘာ ၂၁ ရက် နံနက်စောစော ခန္တီးမှ ချင်းတွင်းမြစ်တစ်ဖက်ကမ်း ဆင်သေသို့ စက်လှေဖြင့် ကူးခဲ့ကြသည်။ ဆောင်းရာသီဝင်စပြုနေပြီမို့ ဆင်သေ၏ပုံရိပ်သည် နှင်းမြူမှုန်တွေကြားထဲမှ မပီဝိုးတဝါး ရှိနေဆဲ။ ဆင်သေမှ မော်တော်ကားဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်ကို ပိုင်းခြားထားသည့် နမ့်စလိန်တံတားကို အရင်ဖြတ်ကျော်ရသည်။ လဟယ်ဒေသမှာတော့ ထိန်ညိုတောင်က အမြင့်ဆုံးပဲဟု အတူလိုက်ပါလာသည့် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်က ပြောပြသည်။ သူက ဆက်လက်၍ ပြောပြသည်မှာ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးထွန်းဦးတို့အဖွဲ့လည်း နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ လေ့လာဆန်းစစ်ဖို့ လာကြရင်း ထိန်ညိုတောင်ကို ဖြတ်ကျော်ဖူးကြောင်း၊ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဒုတိယညွှန်ကြားရေးမှူး ကိုသန့်ဇင်က ထိန်ညိုတောင်၏ အမြင့်ပေ ၄၉၉၇ ပေ ဆိုတာကိုကြည့်ပြီး နောက်ထပ်သုံးပေလောက် မြေကြီးတူးဖို့လိုက်ရင် အမြင့်ပေ ၅၀၀၀ ဖြစ်သွားမယ်၊ မှတ်ရသားရလွယ်တာပေါ့ဟု ရယ်စရာပြောခဲ့ဖူးကြောင်း သိလိုက်ရသည်။ အင်းလေ . . . . သုံးပေပဲ လိုတော့တာဆိုတော့ သူပြောတာလည်း ဟုတ်ပေသားပဲဟု ထိန်ညို တောင်ထိပ်မှာ ခဏနားကြရင်း သန့်ဇင်ကို သတိရလိုက်မိသေးသည်။

### ကျွန်တော်တောသား ကားမူးတတ်သည်

ကျွန်တော့်တွင် မကောင်းသောအကျင့်တစ်ခုရှိ၏။ ကိုယ်တိုင်ကားမောင်းလျှင် ဘာမှမဖြစ်သော်ငြား၊ သူများမောင်းသောကားကို စီးပြီးအကွေ့အကောက်တောင်ဆင်းတောင်တက်များလာပါက ကားမူးတတ်ခြင်းပင်။ ဒါကလည်း အခုမှမဟုတ်။ ငယ်စဉ်ကလေးဘဝကတည်းက တောမှာလှေစီးလျှင် လှေတောက်သည်။ လှေပိုင်ရှင် ဦးခလေးကြီးက လှေမတောက်အောင် လှေနံရံကိုကုန်းကိုက်ရသကွဟုပြော၍ ပွေးညက်နံ့သင်းနေသော လှေနံရံကို ကုန်းကိုက်သည်။ မရပါ။ အန်လိုက်သမှ တဝေါ့ဝေါ့။ အစ်ကိုတွေကျောင်းတက်နေသည့် အသုတ်မြို့သို့အသွား အိုင်သပြု-ခမောက်စုလမ်း ကားပေါ်မှာလည်းအန်သည်။ ခမောက်စုမှ ရေကြည်-အသုတ် ရထားပေါ်မှာလည်း အန်သည်။ နည်းနည်းကြီးလာတော့ ထိုမကောင်းသောအကျင့်ကို မနည်းဖျောက်ရသည်။ ဆင်သေ-လဟယ်လမ်းသည်လည်း အချိုးအကွေ့လေးတွေ အတော်များပါသည်။ မရှက်တမ်းဝန်ခံရလျှင် ကျွန်တော် နှစ်ခါလောက် ကားပေါ်မှဆင်းပြီး အန်လိုက်ရသေး၏။ ထိုသောအခါမှ နေသာထိုင်သာရှိသွားသလိုလို။ ကျွန်တော်တောသား ကားမူးတတ်သည်ပဲလေ . . . . . . ။

### ဖူးခဲ့ရပေါ့ မြင်းမိုရ်ဦးစေတီ

ဟွေထိုက်ချောင်းကို ရောက်မှတော့ လဟယ်မြို့သည်လည်း မဝေးတော့။ နောက်ထပ် လေးမိုင်လောက် ခရီးဆက်ရုံသာ။ ထို့ကြောင့် လဟယ်မြို့သို့သွားရောက်၍ ရွှေတိဂုံပုံတူ မြင်းမိုရ်ဦးစေတီကို ဖူးမြော်ကန်တော့သည်။ လဟယ်မြို့ အထကကျောင်းရှေ့၌ ကျယ်ပြန့်သော ကွင်းတစ်ခုတွေ့ရှိရပြီး နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပသောကွင်းဖြစ်ကြောင်း သိရသည်။ လာမည့် ဇန်နဝါရီ ၁၅ ရက်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို လဟယ်မြို့၌ ကျင်းပပြုလုပ်ရန် လျာထားကြောင်းလည်း သိရသည်။ လဟယ်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၃၁၃ ပေတွင်တည်ရှိနေသည်။ လေရှီးမြို့က ၄၄၄၃ ပေ၊ နန်းယွန်းမြို့က ပေ ၁၁၀၀၊ ထန်ပါခွေက ၅၁၁၆ ပေ၊ မိုပိုင်းလွတ်က ပေ ၇၀၀၊ ဆွမ္မရာမြို့သည် ၆၄၀၈ ပေဖြင့် အမြင့်ဆုံး၊ ပန်ဆောင်က ပေ ၃၃၅၀ နှင့် ဒုံဟီးမြို့က ပေ ၃၂၀၀ စသည်ဖြင့် ပင်လယ်ရေမျက်နှာပြင်အထက်၌ အသီးသီးတည်ရှိနေကြောင်း သိရသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလုံးအနေဖြင့် ခြုံကြည့်လျှင် တောင်ကုန်းတောင်တန်းထူထပ်ပေါများပြီး လွင်ပြင်အနေဖြင့် နောင်ယန်းအင်းလွင်ပြင်နှင့် တကားဒေသလွင်ပြင်တို့သာရှိကြောင်း မေးမြန်းသိရှိရသည်။ လဟယ်မြို့သို့ ရောက်တုန်းရောက်ခိုက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ သွားရောက်ခဲ့ပါသေးသည်။ မကြာမီ သင်တန်းဆင်းတော့မည်ဖြစ်၍ သင်တန်းနည်းပြများနှင့် သင်တန်းသူများက လိုအပ်တာတွေပြင်ဆင်နေကြသည်။ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်နှင့်တွေ့ဆုံခိုက် တိုင်းရင်းသားကလေးငယ်များ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန်၊ Guardian စနစ်ဖြင့်စနစ်တကျကြည့်ရှု စောင့်ရှောက်ပေးကြရန် မှာကြားခဲ့သည်။ နေ့ချင်းပြန်ခရီးဖြစ်၍ အချိန်ကသိပ်မရ။ ညနေ ၃ နာရီထိုးသည်နှင့် လဟယ်မြို့ကို နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာခဲ့သည်။ မနက်ဖြန် နိုဝင်ဘာ ၂၂ ရက် ခရီးစဉ်ကတော့ ချင်းတွင်းမြစ်ကြောင်းအတိုင်း နမ့်ဖာ-တိုက်တီးကျေးရွာများကို စက်လှေဖြင့်ဖြတ်၍ ထိုမှ နာဂတိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များ အခြေပြုနေထိုင်ရာ နန်းယွန်းမြို့နယ်အတွင်းက တကားကျေးရွာဆီသို့ . . . . . . ။



လဟယ်မြို့တွင်းတစ်နေရာကို တွေ့ရစဉ်။

**မြင့်စိုး(နတလ)**

မြန်မာ့အလင်း
၄-၁၂-၂၀၁၅ (သောကြာနေ့)

နေပြည်တော်ကောင်စီနယ်မြေ

# ဆောင်းသီးနှံစိုက်ပျိုးမှု ထက်ဝက်ခန့်ကျဆင်း

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ကျေးရွာအများစုသည် ဆောင်းသီးနှံများ နှစ်စဉ်စိုက်ပျိုးကြပြီး အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်သည်။ သို့သော်လည်း ယခုနှစ်တွင် လူငှားစရိတ်ကြီးမြင့်မှု၊ အလုပ်သမားရှားပါးမှု၊ မျိုးစေ့၊ မြေသြဇာ၊ ပိုးသတ်ဆေးရည်နှင့် အခြားစိုက်ပျိုးရေးသွင်းအားစုများ ဈေးနှုန်းကြီးမြင့်မှုကြောင့် ဆောင်းသီးနှံဖြစ်သော ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်နှင့် ကြက်သွန်နီစိုက်ပျိုးမှု ထက်ဝက်ခန့် ကျဆင်းကြောင်း သိရသည်။


အလုပ်သမများ ဆောင်းသီးနှံ ပန်းဂေါ်ဖီစိုက်ပျိုးနေမှုကို တွေ့ရစဉ်။
သတင်း - မောင်ကျော်ကြီး၊ ဓာတ်ပုံ - သက်ထက်

"ကျွန်တော်က နှစ်စဉ် ဆောင်းသီးနှံဖြစ်သော ဂေါ်ဖီနဲ့ ပန်းဂေါ်ဖီကို နှစ်ဧကလောက် စိုက်ပါတယ်။ အပင်အရေအတွက်ဆို လေးသောင်းကျော် ဝင်ဆံ့ပါတယ်။ အခုနှစ်တော့ ပန်းဂေါ်ဖီ အပင်နှစ်သောင်းလောက်ပဲ စိုက်နိုင်ပါတယ်။ အဓိကတော့ အရင်းအနှီးပါ၊ အရင်းအနှီးက အခြားစပါး၊ ပဲတို့လို အကုန်အကျမသက်သာဘူး။ နောက်ပြီး အလုပ်သမားရှားပါးမှု ပြဿနာပါ။ နောက်တစ်ခုက မျိုးလွဲမှုပါ။ ပြည်ပထုတ်မျိုးစေ့တွေကို ဈေးကြီးကြီးပေးဝယ်ပြီးတော့မှ မျိုးမကောင်းလို့ မပွင့်တာနဲ့ မထုပ်တာနဲ့ ထုပ်ပြန်တော့လည်း ဝယ်လက်က မကြိုက်တာရယ်ကြောင့် အစိုက်နည်းကြတာပါ။ ရာသီဥတုက ဖောက်ပြန်တော့ ပိုးသတ်ဆေးကလည်း မနားတမ်းဖျန်းရတယ်"ဟု နွယ်ရစ်ကျေးရွာမှ ဆောင်းသီးနှံစိုက် တောင်သူတစ်ဦးက ပြောသည်။

တပ်ကုန်းမြို့နယ်ရှိ ကျားသေအိုင်ရွာ၊ သူဌေးကုန်းရွာ၊ နွယ်ရစ်ရွာ၊ ရွှေစုရွာ၊ ကံလှရွာနှင့် ဇရပ်ကြီးကုန်းကျေးရွာတို့သည် ဆောင်းသီးနှံများကို အဓိကစိုက်ပျိုးသော ကျေးရွာများဖြစ်သည်။ သို့သော်လည်း ဆောင်းသီးနှံစိုက်ပျိုးမှုမှာ ယခင်နှစ်များထက် ထက်ဝက်ခန့် သိသိသာသာလျော့နည်းခဲ့ကြောင်း၊ ထို့အပြင် ရာသီဥတုဖောက်ပြန်မှု၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကလည်း တောင်သူများအတွက် စိုက်နှုန်းလျော့ကျခြင်းကို ဖြစ်ပေါ်စေကြောင်း တောင်သူများထံမှ သိရသည်။

"ပန်းဂေါ်ဖီ၊ ဂေါ်ဖီတို့ ဈေးနှုန်းကောင်းမကောင်းတာက သီးနှံပေါ်မှ သိရမှာပါ။ စစိုက်တဲ့အချိန်မှာ ကြုံရတာက ရာသီဥတုပဲ။ အခုနောက်ပိုင်းနှစ်တွေမှာ နိုဝင်ဘာလကုန်နဲ့ ဒီဇင်ဘာလဆန်းပိုင်းမှာ မိုးတွေရွာလို့ စိုက်ပြီးတဲ့စိုက်ခင်းတွေ ပျက်ကုန်တော့ ဒီနှစ်မှာတော့ စိုက်ဧက နည်းတာလည်းဖြစ်ပါတယ်။ ဒါကြောင့် တောင်သူအများစုကတော့ မိုးစပါးတွေပဲ အဓိကစိုက်လာကြတယ်။ အရင်းအနှီးသက်သာတဲ့ ဆန်စပါးဘက်ကို ပြောင်းလဲစိုက်တဲ့သဘောပါ။ အခု ပုလဲသွယ်စပ်မျိုးစပါးတွေက အထွက်နှုန်းကောင်းတဲ့အပြင် ဈေးနှုန်းကလည်း ကောင်းတာကြောင့် တောင်သူတွေ တစ်နှစ်ထက်တစ်နှစ် ပိုစိုက်လာတာကို တွေ့ရပါတယ်။ ကျွန်တော်ကတော့ လူပင်ပန်း အရင်းအနှီးများတဲ့ ပန်းဂေါ်ဖီတွေကို မစိုက်တော့ပါဘူး"ဟု တောင်သူတစ်ဦးက ပြောသည်။

ပန်းဂေါ်ဖီ ကုန်သည်တစ်ဦးက "ပေါ်ဦးပေါ်ဖျားမှာတော့ ဈေးကကောင်းပါတယ်။ တောင်သူတွေက အထွက်နည်းသေးတာ ဆိုတော့ ဖြိုင်ဖြိုင်ပေါ်ချိန်တော့ ဈေးတစ်မျိုးတော့ ဖြစ်တတ်ပါတယ်။ ကုန်စိမ်းဈေးကတော့ အတည်တကျမရှိပါဘူး။ ကျွန်တော်တို့က နွယ်ရစ်နဲ့ ကျားသေအိုင် ကားဂိတ်ကနေ ဂေါ်ဖီတွေကို ရန်ကုန်နဲ့ မော်လမြိုင်ကို အဓိကတင်ပို့ပါတယ်။ ကျွန်တော်တို့လို အဝေးပို့တဲ့ ကုန်သည်တွေလည်း အများကြီးရှိသလို ဒီအနီးနားမြို့ဖြစ်တဲ့ နေပြည်တော်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ မိတ္ထီလာ စတဲ့မြို့တွေကိုလည်း ဈေးပတ်တွေက တင်ပို့ကြပါတယ်။ တောင်သူတွေကလည်း အရင်းအနှီးများတဲ့အတွက် အစိုက်နည်းတာကြောင့် ကုန်သည် ပွဲစားတွေအတွက် နစ်နာပါတယ်"ဟု ပြောသည်။

ဆောင်းသီးနှံများသည် ရာသီပေါ်သီးနှံများဖြစ်၍ အချိန်နှင့်ရောင်းချရသည့် သီးနှံဖြစ်သောကြောင့် နေ့စဉ်နှင့်အမျှ ဈေးနှုန်းပြောင်းလဲခြင်း၊ ကုန်ကျစရိတ်များပြီး အမြတ်နည်းပါးခြင်းတို့ကြောင့် တောင်သူများ မိရိုးဖလာ စိုက်လာခဲ့ကြသည့် ဆောင်းနှံများဖြစ်သော ဂေါ်ဖီ၊ ပန်းမုန်လာများ အစိုက်နည်းလာခြင်းဖြစ်ကြောင်း သိရသည်။



## မိုးစပါးအစား ကြားသီးနှံ မတ်ပဲကို တောင်သူများ အားထားစိုက်ပျိုး

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာအုပ်စုနှင့် ဖြုတ်ခွဲကျေးရွာအုပ်စုအတွင်းရှိ တောင်သူတချို့က မိုးစပါးအစား ကြားသီးနှံအဖြစ် မတ်ပဲများကို အားထားစိုက်ပျိုးလျက်ရှိသည်။

"ဒီနှစ်မှာ မိုးရွာသွန်းမှုနည်းပါးခဲ့လို့ မိုးစပါးမစိုက်ရပါဘူး၊ ရွာတဲ့မိုးကလည်း တောင်သူတွေအားရလောက်တဲ့ မိုးရေမပါဘူး၊ ဒီတော့ ကျွန်တော်တို့ တောင်သူက ရတဲ့မိုးရေများကို မတ်ပဲစိုက်မယ့်အကွက်တွေမှာ ကန်သင်းရိုးပိတ်လှောင်ပြီး အောက်ခံအစိုဓာတ်ရအောင် ပြုလုပ်ထားရတယ်၊ တော်သလင်းလပြည့်ကျော်လောက်က မြေပြုပြင်ပြီး အဆီမတ်ပဲစိုက်ပျိုးထားပါတယ်၊ မျိုးတစ်တင်း ငါးသောင်း နှစ်ထောင်ဝယ်ရပါတယ်။ တစ်ဧကနွားထယ်လေးရှည်းဝင်ပြီး တစ်ရှည်းငွေကျပ် ၄၀၀၀ ပေးငှားရတယ်၊ ဆေးဖျန်းတစ်နေ့ ငွေကျပ် ၃၀၀၀ ငှားရတယ်။ တန်ဆောင်မုန်းလတွင် ဆောင်သီးနှံမတ်ပဲစိုက်ပျိုး တောင်သူတွေ ယနေ့မျိုးဈေး ကိုးသောင်းကျပ်ပေးဝယ်နေရပါတယ်၊ ဒီမတ်ပဲခင်းက အပွင့်၊ အသီးလိုက်နေပါပြီ။ အသီးရိတ်သိမ်းချိန် ဈေးကောင်းရဖို့ မျှော်လင့်ထားပါတယ်"ဟု အင်ကြင်းစုကျေးရွာ မတ်ပဲစိုက်တောင်သူ ဦးညိုလေးက ပြောပြသည်။

## မိုးစပါးပုလဲသွယ် အထွက်နှုန်းယှဉ်ပြိုင်ကွက် စံကွက်ရိတ်သိမ်း

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု မွန်းတည့်ခွင်ကျေးရွာ ကွင်းအမှတ် ၁၅၈၉ တောင်သူဦးလှဖေ၏ ပုလဲသွယ်အထူး အထွက်နှုန်းယှဉ်ပြိုင်ကွက် ၁၀ ဧကကို စိုက်ပျိုးရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များက ယှဉ်ပြိုင်ကွက်၊ စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၉ ရက်ကကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) ဦးနိုင်ကြည်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါရိတ်သိမ်းပွဲသို့ တက်ရောက်လာသော တောင်သူများနှင့် စိုက်ပျိုးပညာပေး ကွင်းဝန်ထမ်းများအား ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက စံကွက်တွေ့ရှိချက်များအပေါ် ဆက်လက်ဆောင်ရွက်သွားရမည့်အချက်များကို သုံးသပ်ဆွေးနွေးကြကာ ခေတ်မီစက်ယန္တရားဖြင့် ရိတ်သိမ်းပြီး ခြင်တွယ်ရာတွင် တစ်ဧက အထွက်နှုန်း တင်း ၁၈၀ ထွက်ရှိကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် တစ်မြို့နယ်လျှင် တစ်ဆက်တစ်စပ်တည်း ပုလဲသွယ် ၁၀ ဧက အထူးအထွက်နှုန်းယှဉ်ပြိုင်ကွက်များကို စိုက်ပျိုးထားရှိကြောင်း သိရသည်။ **ကိုပေါက်(ဥက္ကာမြေ)**



**မွန်ပြည်နယ်**

# သထုံဈေးကွက်အတွင်း ကွမ်းသီးအသစ်များဝင်၊ အဟောင်းဈေး တစ်လအတွင်း ကျပ်တစ်ထောင်နီးပါးမြင့်တက်



မွန်ပြည်နယ်အတွင်းရှိ စီးပွားဖြစ်ကွမ်းသီးစိုက်ပျိုးသည့်ဒေသများမှ ကွမ်းသီးအသစ်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်ရာ ကွမ်းသီး (အဟောင်း)ဈေး တစ်လအတွင်း ကျပ်တစ်ထောင်နီးပါးခန့် မြင့်တက်လျက်ရှိကြောင်း သထုံမြို့ရှိ ကွမ်းသီးအရောင်းဒိုင်များမှ သိရသည်။

"အသစ်ထွက်လာရင် အဟောင်းဈေးက ပိုမာလာတယ်၊ ဒါပေမယ့် ဒီနှစ်က ဈေးအများဆုံးတက်တဲ့နှစ်ပဲ။ ခါတိုင်းနှစ်တွေတောင် ကွမ်းသီးဈေးက ဒီလောက်မဖြစ်ဖူးဘူး။ ကွမ်းသီးအသစ်ကို စားသုံးသူတွေက သိပ်မကြိုက်ကြဘူး။ အဟောင်းဝယ်ဈေးက အရင်လကဆိုရင် တစ်ပိဿာကို ငွေကျပ် ၅၉၀၀ လောက်ရှိတယ်။ ဒီလမှာ ငွေကျပ် ၆၇၀၀ ပေးဝယ်ရတယ်၊ ဝယ်တဲ့အခါမှာလည်း အကောင်းအဆိုး အားလုံးရောဝယ်ရတယ်။ ကိုယ့်ဆီရောက်လာမှ အမျိုးအစားအလိုက် ပြန်ခွဲပြီး ဈေးနှုန်းသတ်မှတ်ပြန်ရောင်းတာပါ"ဟု တီတီဝိုင် ကွမ်းသီးရောင်းဝယ်ရေးမှ မနေခြည်က ပြောသည်။

နှစ်စဉ် ရေးမြို့ဘက်မှ ကွမ်းသီးများ သီတင်းကျွတ်နှင့် တန်ဆောင်းမုန်းလအတွင်း အသစ်ထွက်လေ့ရှိပြီး အသစ်ပေါ်လာတိုင်း အဟောင်းဈေးများ မြင့်တက်လာသော်လည်း ယခုနှစ်တွင် ဈေးနှုန်းအမြင့်ဆုံးဖြစ်ကြောင်း၊ ကွမ်းသီးအဟောင်းဈေးများမှာ အခြမ်းသန့် တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀၊ ညှပ်အကြီးလျှင် ငွေကျပ် ၅၉၀၀၊ ညှပ်အသေး ငွေကျပ် ၆၀၀၀၊ အညံ့ ငွေကျပ်၂၅၀၀ဈေးဖြင့် လက်ကားရောင်းချနေပြီး အသစ်အခြမ်းအသန့် ငွေကျပ် ၅၃၀၀၊ ညှပ်အကြီး ငွေကျပ် ၄၈၀၀၊ ညှပ်အသေး ငွေကျပ် ၄၉၀၀၊ အညံ့ ငွေကျပ် ၂၅၀၀ဈေးဖြင့် ရောင်းချနေကြောင်း ၎င်းကဆိုသည်။

"ကွမ်းသီးဈေးတက်တော့ ကွမ်းယာကိုလျှော့ပြီး ရောင်းရတာပါ။ ရောင်းအားလည်းကျသွားတယ်။ စားတဲ့သူတွေလည်း ချင့်ချိန်ကြပြီလေ။ အရင်က တစ်ရာဖိုးကို လေးယာပေးတယ်။ ဈေးတက်တော့ သုံးယာပဲပေးနိုင်တယ်။ ကွမ်းသီးက တစ်ပိဿာကို ငွေကျပ် ၇၅၀၀ ပေးဝယ်နေရတော့ မကိုက်ဘူး"ဟု ကွမ်းယာရောင်းသူတစ်ဦးဖြစ်သည့် မစန္ဒာက ပြောသည်။

→ **သက်ဦး(သထုံ)**

**နေပြည်တော်ကောင်စီနယ်မြေ**



## အလယ်တန်းကျောင်း(ခွဲ)ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ကျင်းပသည်။

ကျောင်းဆောင်သစ်ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်ကျင်ခိုင်၊ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်တင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ကျောင်းဆောင်သစ်မှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့် ၅၄ ပေ၊ ၂၄ ပေ ကျောင်းဆောင် သစ်တစ်ဆောင်အသစ်တည်ဆောက်ခြင်း၊ ကျောင်းသုံးပရိဘောဂ များနှင့် ၅၄ ပေ၊ ၂၄ ပေကျောင်းဆောင်သစ်တစ်ဆောင်ကို ပြန်လည်ပြုပြင်မွမ်းမံပေးခဲ့ကြောင်း သိရသည်။

**မျိုးဇေယျာ**

**ကချင်ပြည်နယ်**

## ၂၀၁၅ ခုနှစ် ကောက်သစ်စားပွဲ ပျော်ရွှင်စွာဆင်နွှဲ

ကောက်သစ်စားပွဲဝတ်ပြုဆုတောင်းပွဲကို ဒီဇင်ဘာ ၁ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့ လွတ်လပ်သော တိုင်းရင်းခရစ်ယာန် အသင်းတော်မိသားစုက ကျင်းပသည်။

အခမ်းအနားတွင်ကောက်သစ်စားပွဲအတွက်ကျေးဇူးတော်ချီးမွမ်းခြင်း၊ ကောင်းချီးပေးခြင်းတို့ကို ကျင်းပဆောင်ရွက်သည်။ ယဉ်ကျေးမှုရိုးရာဓလေ့အရ ပလိုင်းဟင်းရွက်သီးနှံစုံအကောင်းဆုံးနှင့်အလှပဆုံးဆင်ယင်မှုများကို ဆုချီးမြှင့်ပေးပြီး ကောက်သစ်စားပွဲကို ပျော်ရွှင်စွာစုပေါင်းစားသောက်ကြသည်။ (ဝဇ၃)







## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက် သင်တန်းဖွင့်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းဖြစ်သည့် အပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို တောပုန်းကျေးရွာအုပ်စု မူကြိုကျောင်း၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွှန့်နှင့် ရွှေကူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးသိန်းလင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် အပ်ချုပ်စက်သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာမှ သင်တန်းသူ ၆၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ဘိုင်ယန်မြူးနစ်၌ ဆက်ရှိနေနိုင်ဟု နည်းပြ ဂွာဒီယိုလာ အရိပ်အမြွက်ပြောဆို

၂၀၁၅-၁၆ ခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြ ဂွာဒီယိုလာသည် မန်စီးတီးအသင်း မန်နေဂျာအဖြစ် ပြောင်းလဲတာဝန်ယူဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေခဲ့သော်လည်း ဂွာဒီယိုလာက ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက် တမ်းတိုးမြှင့်ဖြစ်နိုင်ကြောင်း အရိပ်အမြွက် ပြောဆိုလိုက်သည်။

၂၀၁၃ ခုနှစ် ဇွန်လအတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် စတင်တာဝန်ယူခဲ့သူ နည်းပြ ဂွာဒီယိုလာ (၄၄နှစ်)သည် ဘိုင်ယန်မြူးနစ်အား ဘွန်ဒက်စ်လီဂါချန်ပီယံဆုဖလား နှစ်ကြိမ်၊ ဂျာမန်ပိုကယ်ဖလား၊ ယူအီးအက်ဖ်အေစူပါဖလားနှင့် ဖီဖာကမ္ဘာ့ကလပ် ချန်ပီယံဖလားတို့ကို တစ်ကြိမ်စီ ရယူနိုင်ရန် ဦးဆောင်ပေးထားသူ ဖြစ်သည်။

ဘာစီလိုနာအသင်းနည်းပြဟောင်း ဂွာဒီယိုလာသည် မြူးနစ်မြို့တွင် နေထိုင်ရသည်ကို ပျော်ရွှင်နေပြီး သူ၏ မိသားစုသည်လည်း မြူးနစ်မြို့၌ အခြေကျနေခြင်းကြောင့် ဂွာဒီယိုလာအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် သဘောတူနိုင်ဖွယ်ရှိသည်ဟု ဂျာမနီသတင်းစာ Bild တွင် ဖော်ပြခဲ့သည်။

ပရိသတ်များနှင့် တွေ့ဆုံပွဲအခမ်း အနားတစ်ခုတွင် နည်းပြ ဂွာဒီယိုလာက "မြူးနစ်မြို့ဟာ စွဲလမ်းစရာကောင်းတဲ့မြို့ပါ။ ဒီမြို့ကို ကျွန်တော်ချစ်ပါတယ်။ ဒီမှာနေထိုင်ရတာကို ကျွန်တော် ကျေနပ်သလို ကျွန်တော့်မိသားစုကလည်း နှစ်သက်ကျေနပ်ကြတယ်"ဟု ပြောဆိုခဲ့သည်။

အဆိုပါအချက်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုဖြစ်ရန် တွန်းအားတစ်ခုဖြစ်လာမည်လားဟု မေးမြန်းမှုကို နည်းပြ ဂွာဒီယိုလာက "ဟုတ်ပါတယ်။ ဒါဟာ ကြီးမားတဲ့ အကြောင်းပြချက်ကြီးတစ်ခု ဖြစ်လာနိုင်ပါတယ်။ လာမယ့် ဒီဇင်ဘာ ၁၂ ရက်မှာ ဘိုင်ယန်မြူးနစ်အသင်းက ဟန်နိုဗာအသင်းနဲ့ ကစားရမယ့် ဘွန်ဒက်စ်လီဂါပွဲပြီးချိန်မှာ ကျွန်တော့်ရဲ့ အနာဂတ်အတွက် အသင်းတာဝန်ရှိသူတွေနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဲဒီ ဆွေးနွေးမှုကနေ ကျွန်တော့်အတွက်ရော ဘိုင်ယန်မြူးနစ်အသင်းအတွက်ပါ မှန်ကန်တဲ့ဆုံးဖြတ်ချက် ချနိုင်ပါလိမ့်မယ်"ဟု ဖြေဆိုသွားခဲ့သည်။

မန်စီးတီးအသင်းသည် လက်ရှိအချိန်တွင် ဘိုင်ယန်မြူးနစ်အသင်း၌ တစ်နှစ်လုပ်ခငွေ ပေါင် ၁၁ ဒသမ ၂ သန်း ရရှိနေသူ နည်းပြဂွာဒီယိုလာအား ကမ္ဘာ့လုပ်ခငွေအများဆုံး နည်းပြအဖြစ် လုပ်ခငွေပေးချေကာ ခေါ်ယူရန် ရည်မှန်းထားသည်ဟု အစောပိုင်းက သတင်းများထွက်ပေါ်ခဲ့သည်။ လက်ရှိအချိန်တွင် ကမ္ဘာ့လုပ်ခငွေ အများဆုံးနည်းပြမှာ တစ်နှစ်လုပ်ခငွေ ပေါင် ၁၃ ဒသမ ၂ သန်း ရရှိနေသူ ချယ်လ်ဆီးမန်နေဂျာ မော်ရင်ညိုဖြစ်သည်။

လွန်ခဲ့တဲ့ ငါးနှစ်ကျော်အချိန်က အန်ဒါလက်ချ်အသင်းကို ဘယ်ဂျီယံ ပရိုလိဂ်ဆုဖလားကို ရယူပေးနိုင်ဖို့အတွက် ၁၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တဲ့ အသက် ၁၆ နှစ်အရွယ် ကစားသမားတစ်ဦးရှိခဲ့ပါတယ်။ ဘယ်ဂျီရုပ်သံတင်ဆက်သူ နီကိုလိုက်နီက သူဟာ ဟဲဗီးလ်ဝိတ်လက်ဝှေ့သမားတစ်ဦးလို့ ခန္ဓာကိုယ်တည်ဆောက်ပုံရှိတဲ့ လူငယ်ကစားသမားတစ်ဦးအဖြစ် ထုတ်ဖော်ပြောဆိုခဲ့ပေမယ့် ဘယ်သူကမှ ဂရုတစိုက်နဲ့ သတိမထားမိခဲ့ကြပါဘူး။ အရိုးသားဆုံးဆိုရမယ်ဆိုရင်လည်း ချယ်လ်ဆီးအသင်းကနေ ပေါင် ၁၇ သန်းနဲ့မခေါ်ယူခင် အချိန်အထိ သူ့ကို လူတွေက သတိထားရကောင်းမှန်းတောင် မသိကြပါဘူး။ သူကတော့ လက်ရှိအဲဗာတန်အသင်းမှာ ခြေစွမ်းတွေပြနေတဲ့ ဘယ်ဂျီယံတိုက်စစ်မှူး လူကာကူဖြစ်ပါတယ်။

# ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးတိုက်စစ်မှူးဖြစ်လာမလား

## စောင့်ကြည့်ရမယ့် လူကာကူ




ပြီးခဲ့တဲ့အပတ် စနေနေ့ကတော့ တိုက်စစ်မှူး လူကာကူရဲ့ သမိုင်းဝင်ခဲ့တဲ့ နေ့တစ်နေ့ဖြစ်ခဲ့ပါတယ်။ အဲ့ဒါကတော့ အသက်၂၃ နှစ်မတိုင်ခင် ပရီမီယာလိဂ်ဂိုး ၅၀ သွင်းယူ နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ ပရီမီယာလိဂ်သမိုင်းမှာတော့ လူကာကူဟာ အသက် ၂၃ နှစ်အပြည့်ခင် ပရီမီယာလိဂ်ဂိုး ၅၀ သွင်းယူနိုင်ခဲ့တဲ့ ငါးယောက်မြောက် ကစားသမားဖြစ်လာခဲ့ပါတယ်။ ယခင်စံချိန်တင်ထားတဲ့သူတွေကတော့ ရော်ဘီဖောင်ဂျာ၊ မိုက်ကယ်အိုဝင်၊ ရွန်နေးနဲ့ ရော်နယ်ဒိုတို့ဖြစ်ပါတယ်။ လူကာကူဟာ လက်ရှိအချိန်အထိ ဟဲဗီးလ်ဝိတ်လက်ဝှေ့သမားတစ်ဦးလို ခန္ဓာကိုယ်တည်ဆောက်ပုံရှိပေမယ့် အင်္ဂလန်မှာ ကစားနေခဲ့တဲ့ လေးနှစ်တာအတွင်း လေ့လာသင်ယူမှုတွေကြောင့် လျင်လျင်မြန်မြန်နဲ့ ပိုမိုအင်တိုက်အားတိုက် ကစားနိုင်တာကိုလည်း တွေ့ရပါတယ်။

ဒါပေမယ့် လူကာကူရဲ့ ချယ်လ်ဆီးကစားသမားဘဝကို ပြန်ကြည့်မယ်ဆိုရင်တော့ ကောင်းမွန်တဲ့အရာကို သိပ်တွေ့ရမှာမဟုတ်ပါဘူး။ ဒါကလည်း သိပ်တော့ ရှက်စရာ ကောင်းတဲ့အရာမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဘယ်ဂျီယံကစားသမား ဒီဘရိုင်းဆိုရင်လည်း မန်စီးတီးအသင်းကို ပေါင် ၅၅ သန်းနဲ့ မပြောင်းရွှေ့နိုင်ခဲ့ခင်က ချယ်လ်ဆီးအသင်းကနေ ဝုဖ်ဘတ်အသင်းကို ပြောင်းရွှေ့ခဲ့ရတာဖြစ်ပါတယ်။ မာတစ်ဆိုရင်လည်း ချယ်လ်ဆီးအသင်း ပထမအကြိမ်ကစားခဲ့စဉ်က မအောင်မြင်ခဲ့ဘဲ ဘင်ဖီကာအသင်းကို ပြောင်းရွှေ့ခဲ့ရပြီး ဒုတိယအကြိမ်မှ ချယ်လ်ဆီးအသင်းမှာ နေရာရရှိခဲ့တာလည်းဖြစ်ပါတယ်။ ဒါတွေကြောင့် ချယ်လ်ဆီးအသင်းမှာ ပုံမှန်ကစားခွင့်ရရှိဖို့ဟာ လူငယ်ကစားသမားတစ်ဦးအတွက် အလွန်ခက်ခဲကြမ်းတမ်းလွန်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒါပေမယ့် လူကာကူဟာ ငယ်စဉ်ကတည်းက သူ့ရဲ့ အရည်အချင်းအပေါ်မှာ အမြဲတမ်းယုံကြည်မှုရှိခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ ကျောင်းနေစဉ် ချယ်လ်ဆီးကစားကွင်း စတန်းဖို့ဒ်ဘရစ်ကို လာရောက်လည်ပတ်ရတဲ့အခါ သူ့ရဲ့ဆရာက 'ဒီနေရာကို မင်းတို့စိတ်ကူးယဉ်လို့ရပါတယ်'လို့ပြောတဲ့အခါ လူကာကူက 'ဒါဟာ ကျွန်တော့်အတွက်တော့ စိတ်ကူးယဉ်စရာမဟုတ်ပါဘူး။ တစ်နေ့မှာ ကျွန်တော်ဟာ ဒီမှာကစားနိုင်မှာပါ'လို့လည်း ပြောဆိုခဲ့ပါတယ်။ ဒါတွေကိုကြည့်တာနဲ့ လူကာကူဟာ ငယ်စဉ်ကတည်းက သူ့ရဲ့အရည်အချင်းအပေါ်မှာ လုံလောက်တဲ့ယုံကြည်မှုတွေ အပြည့်အဝရှိခဲ့တယ်လို့ ပြောရမှာပါ။ ဒါပေမယ့် သူ့ရဲ့ ချယ်လ်ဆီးအသင်းခရီးလမ်းကတော့ မချောမွေ့ဘဲ နောက်ထပ်နေရာသစ်ကို ရှာဖွေခဲ့ရပါတယ်။

ဒီနှစ်ရာသီကတော့ လူကာကူရဲ့ ကစားသမားဘဝမှာ အောင်မြင်မှုတွေ အတောက်ပဆုံးရာသီလို့လည်း ဆိုရမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ သူ့ရဲ့အသက်ဟာ ၂၂နှစ်သာရှိပြီး ၁၃ ပွဲမှာ ကိုးဂိုးအထိ သွင်းယူထားနိုင်တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ လက်ရှိပရီမီယာလိဂ် ထိပ်တန်းဂိုးသွင်းစာရင်းမှာတော့ သူ့ရဲ့အထက်မှာ လက်စတာတိုက်စစ်မှူး ဗာဒီတစ်ဦးတည်းသာ ရှိတာတွေ့ရမှာပါ။ အသင်းအတွက် ဂိုးရရှိဖို့ကိုလည်း လေးကြိမ်တိုင် ပံ့ပိုးပေးထားတာကြောင့် အသင်းအတွက် အကျိုးအပြုဆုံး ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

> **လူကာကူဟာ ကျန်ရှိနေတဲ့ရာသီအတွက် အသင်းကိုအကောင်းဆုံးကူညီပေးပြီး ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးတိုက်စစ်မှူးအဖြစ် သက်သေပြနိုင်မလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာဖြစ်**

လူကာကူရဲ့ ယခုနှစ်ရာသီမှာ သွင်းယူထားတဲ့ ဂိုးအရေအတွက်နဲ့ ဂိုးပံ့ပိုးပေးမှုဟာ ပြီးခဲ့တဲ့ တစ်ရာသီလုံးက သွင်းယူခဲ့တဲ့ ဂိုးအရေအတွက်နဲ့ တူညီနေပြီးလို့ ပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ရာသီကဆိုရင် ပြည်တွင်းပြိုင်ပွဲနဲ့ ဥရောပပြိုင်ပွဲတွေကို မျှတအောင်ကစားပြီး ဂိုးတွေသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ လူကာကူဟာ ပြီးခဲ့တဲ့ရာသီက ယူရိုပါလိဂ်မှာ ရှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် လူကာကူဟာ ချယ်လ်ဆီးအသင်းမှာကစားခဲ့ရတဲ့ ၁၀ ပွဲမှာတော့ ဂိုးလုံးဝသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။

လူကာကူရဲ့ခြေစွမ်းကို အဲဗာတန်မှာကစားနေခဲ့တဲ့ ပြီးခဲ့တဲ့ နှစ်ရာသီကို ကြည့်မယ်ဆိုရင် ပြိုင်ပွဲအားလုံးမှာတော့ အနည်းဆုံး ၁၅ ဂိုးကျော်သွင်းယူထားနိုင်တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါပေမယ့် သူ့ကိုခေါ်ယူဖို့အတွက် ထိပ်တန်းအသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ အာဆင်နယ် အသင်းတို့က ခေါ်ယူဖို့စိတ်ဝင်စားခြင်းမရှိတာကတော့ အံ့ဩစရာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဒါကလည်း လူကာကူဟာ အစွမ်းကုန် ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ အနည်းငယ်ကောင်းရုံ၊ အနည်းငယ်ပိုကစားနိုင်ရုံကြောင့်သာ ဖြစ်နိုင်ပါတယ်။

ဒါပေမယ့် စဉ်းစရာကောင်းတာက မန်ယူဆိုရင် ပြီးခဲ့တဲ့နွေရာသီက လူသိပ်မသိသေးတဲ့ အသက် ၁၉ နှစ်အရွယ်တိုက်စစ်မှူး မာတီရယ်ကို ပေါင် ၃၆ သန်းနဲ့ စွန့်စားပြီး ခေါ်ယူခဲ့တယ်။ ချယ်လ်ဆီးအသင်းကလည်း ဖယ်ကာအိုကို အငှားနဲ့ခေါ်ယူခဲ့ပြန်တယ်။ ဒါတွေကိုကြည့်မယ်ဆိုရင် အသင်းကြီးတွေရဲ့ စိတ်ကြိုက်ဖြစ်မှုဟာ တစ်ခါတစ်ရံမှာတော့ ခန့်မှန်းရတာခက်ခဲနေသရောင်ရှိပါတယ်။ ဒါပေမယ့် ဘောလုံးကျွမ်းကျင်သူတွေကတော့ လူကာကူဟာ အဲဗာတန်လိုအသင်းမျိုးကို ပေါင် ၂၈ သန်းနဲ့ ပြောင်းရွှေ့သွားတာကြောင့် အသင်းကြီးတွေရဲ့ စိတ်ဝင်စားမှု လျော့ကျသွားတယ်လို့လည်း ဆိုကြပါတယ်။

ဒါပေမယ့် လက်ရှိအချိန်မှာ လူကာကူအနေနဲ့ အဲဗာတန်အသင်းအတွက် အကျိုးပြုမှုတွေကတော့ သူ့ရဲ့ ပြောင်းရွှေ့ကြေးနဲ့ယှဉ်ရင် တန်နေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ဒါတွေကြောင့် လူကာကူဟာ ကျန်ရှိနေတဲ့ရာသီအတွက် အသင်းကိုအကောင်းဆုံးကူညီပေးပြီး ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးတိုက်စစ်မှူးအဖြစ် သက်သေပြနိုင်မလားဆိုတာကတော့ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

**အောင်က**

ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ် (၁၅)ကို လာမယ့် ဒီဇင်ဘာလ ၅ ရက်၊ ၆ရက်၊ ၇ ရက်၊ ၈ရက်တွေမှာ ကျင်းပသွားမှာဖို့ရှိပါတယ်။ အဆိုပါ ပွဲစဉ်တွေ ၁၄မှာတုန်းက လက်စတာကို အနိုင်မရခဲ့တဲ့ မန်ယူဟာ အသင်းကောင်းတစ်သင်းဖြစ်တဲ့ ဝက်စ်ဟမ်းနဲ့ ထပ်မံရင်ဆိုင်ရမှာဖြစ်တာကြောင့် နိုင်ပွဲပြန်ရပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

## မန်ယူ - ဝက်စ်ဟမ်း ⋮ Kick-off - 21:30



မန်ယူအတွက် မထင်မှတ်ဘဲအခက်တွေ့နိုင်တဲ့ နောက်ထပ်ပွဲကျပ်တစ်ပွဲပါ။ ဝက်စ်ဟမ်းရဲ့ခြေစွမ်းပိုင်းက အတည်ငြိမ်ဆုံးပုံစံမှာ မရှိပေးမယ့် ဒီနောက်ပိုင်းပွဲစဉ်တွေမှာ အမှတ်တွေ တော်တော်များများ ဆုံးရှုံးခဲ့ရတာကြောင့် အားစိုက်ကစားလာမယ့် အချက်ကို မေ့လို့မရပါဘူး။ ဝက်စ်ဟမ်းဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းနှစ်ပွဲမှာ စပါးကို ဂိုးပြတ်ရှုံးခဲ့ရသလို ဝက်ဖို့ဒ်ကိုလည်း အရေးနိမ့်ခဲ့ရတဲ့အတွက် သူတို့ရဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကပါ ကျဆင်းလာပြီလို့ ဆိုနိုင်ပေမယ့် မန်ယူအနေနဲ့ကလည်း ဒီပွဲစဉ်တွေမှာ ခြေကုန်ထုတ်နိုင်ဖို့ ခက်ခဲမယ့် အခြေအနေတွေကို တွေ့နေရပါတယ်။ အထူးသဖြင့် မန်ယူဟာ ဒီပွဲအပြီးမှာ ဝုဖ်ဘတ်နဲ့ ချန်ပီယံလိဂ်အဝေးကွင်းပွဲ ကစားရဖို့ရှိနေပါတယ်။ မန်ယူအနေနဲ့ ချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်တက်ရောက်ဖို့ ရည်မှန်းထားမှာဖြစ်သလို အဲဒီလိုနောက်တစ်ဆင့်တက်ရောက်နိုင်ဖို့အတွက်ဆိုင် အဲဒီဝုဖ်ဘတ်နဲ့ပွဲစဉ်မှာ မဖြစ်မနေ အနိုင်ကစားဖို့လိုအပ်ပါတယ်။ ဒါကြောင့် မန်ယူအနေနဲ့ ဒီပွဲစဉ်မှာ ခြေကုန်ထုတ်ဖို့အခက်အခဲတွေရှိနေပါတယ်။ ဒါ့အပြင် မန်ယူဟာ လက်ရှိအချိန်မှာ တိုက်စစ်ပိုင်းက ဂိုးသွင်းအားသိသိသာသာ ကျဆင်းနေပါတယ်။ မာတီရယ်နဲ့ ရွန်းနီတို့ ဂိုးပေါက်ပျောက်ဆုံးနေဆဲဖြစ်သလို ဒီပေးကလည်း ခြေစွမ်းပြသနိုင်စွမ်းမရှိသေးပါဘူး။ မန်ယူအနေနဲ့ ဒီပွဲကို အိုးထရက်ဖို့ဒ်မှာ ကစားရမှာဖြစ်တယ် ဆိုပေမယ့်လည်း မန်ယူဟာ ဝက်စ်ဟမ်းနဲ့အိုးထရက်ဖို့ဒ်မှာ နောက်ဆုံး သုံးကြိမ်ဆုံခဲ့ရာမှာ နှစ်ပွဲကို အတော်ကလေး ခက်ခက်ခဲခဲကစားခဲ့ရပြီး ကပ်ပြီးသာနိုင်ပွဲ ရယူနိုင်ခဲ့ပါတယ်။ မန်ယူတို့ အိုးထရက်ဖို့ဒ်မှာ နိုင်ပွဲပြန်ရဖို့ပွဲကို ဂရုတစိုက်ကစားသွားမှာဖြစ်ပေမယ့် အထက်ပါ အခြေအနေတွေကြောင့် မန်ယူတို့ အိမ်ကွင်းနိုင်ပွဲ ရယူနိုင်ခဲ့ရင်တောင် ဂိုးမပြတ်နိုင်ဘဲ ကပ်ပြီးသာအနိုင်ရမယ်။

### စတုတ် VS မန်စီးတီး

ဆောက်သမ်တန်ကို အနိုင်ရခဲ့တဲ့ပွဲမှာ မန်စီးတီးကစားပုံ ကောင်းမွန်မှုရှိပါတယ်။ မန်စီးတီးအနေနဲ့ လက်ရှိအချိန်မှာ ပွဲဆက်တွေများနေသလို ဒဏ်ရာပြဿနာ တွေနဲ့လည်း ရင်ဆိုင်နေရတယ် ဆိုပေမယ့် စတုတ်ရဲ့ ခြေကလည်း တည်ငြိမ်မှုသိပ်မရှိပါဘူး။ အထူးသဖြင့် စတုတ်ရဲ့ တိုက်စစ်က အားနည်းမှုရှိနေတာကြောင့် မန်စီးတီးပဲ နိုင်ပွဲရသွားမှာပါ။

### အာဆင်နယ် VS ဆန်းဒါးလန်း

အာဆင်နယ်က ဒီရာသီမှာ ခြေစွမ်းက တည်ငြိမ်ကောင်းမွန်တယ်လို့ ဆိုနိုင်ပေမယ့် အသင်းမှာ ဒဏ်ရာပြဿနာတွေရှိနေပါတယ်။ ဒီပွဲအပြီးမှာလည်း အရေးပါတဲ့ ချန်ပီယံလိဂ်ပွဲစဉ်ကစားရမှာ ဖြစ်လို့ အာဆင်နယ်တို့ ခြေကုန်ထုတ်ဖို့ခက်ခဲနေမှာပါ။ ဒါ့အပြင် ဆန်းဒါးလန်းရဲ့ အခုနောက်ပိုင်းခြေကလည်း ကောင်းမွန်နေလို့ ဒီပွဲမှာ အာဆင်နယ်ကပ်ပြီးပဲ နိုင်မယ်။

### ဝက်ဖို့ဒ် VS နော့ဝှစ်ချ်

နော့ဝှစ်ချ်ခြေတည်ငြိမ်မှု အားနည်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက အခုအချိန်အထိ ကျစ်လျစ်မှု မရှိသေးပါဘူး။ ဒါ့အပြင် နော့ဝှစ်ချ်ကလည်း အဝေးကွင်းပွဲစဉ်တွေမှာ ခြေကျတတ်တာကြောင့် ဝက်ဖို့ဒ်ရဲ့အိမ်ကွင်းအားကို တုံ့ပြန်ဖို့ခက်ခဲနိုင်ပါတယ်။ လက်ရှိအချိန်မှာခြေစွမ်းပိုင်း ပိုမိုကောင်းလွန်းနေတဲ့ နော့ဝှစ်ချ်ကသာ နိုင်ပွဲရယူနိုင်ဖို့ရှိနေပါတယ်။

### နယူးကာဆယ် VS လီဗာပူး

နယူးကာဆယ်က အခုအချိန်အထိ ခြေစွမ်းပိုင်း ကောင်းမွန်မှုမရှိပါဘူး။ အထူးသဖြင့် ကာဆယ်ဟာ ခံစစ်ကစားပုံ တည်ငြိမ်မှု လုံးဝမရှိတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့် လီဗာပူးကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ လီဗာပူးက အခုနောက်ပိုင်း ကစားပုံ ကောင်းမွန်နေတာကြောင့်လည်း ဒီပွဲကာဆယ်တို့ ပိုရှုံးကန်ရနိုင်ပြီး လီဗာပူးပဲ နိုင်ပွဲရမယ်။

### ချယ်လ်ဆီး VS ဘုန်းမောက်

အဲဗာတန်ကို သရေကစားနိုင်ခဲ့တဲ့ပွဲမှာ ဘုန်းမောက်ရဲ့ အသင်းလိုက်ကစားအားနဲ့ စိတ်ဓာတ်ပိုင်းက အကောင်းဆုံးပုံစံမှာ ရှိနေပါတယ်။ ချယ်လ်ဆီးကတော့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ပွဲစဉ် ကစားရဖို့ရှိနေလို့ ခြေကုန်ထုတ်ဖို့ခက်ခဲနိုင်သလို ခြေကလည်း အကောင်းဆုံးပုံစံမှာ မရှိသေးပါဘူး။ ချယ်လ်ဆီးကွင်းဖြစ်ပေမယ့် ချယ်လ်ဆီးနိုင်ရင်တောင် ဂိုးမပြတ်နိုင်ဘူး။

### ဆွမ်ဆီး VS လက်စတာစီးတီး

မန်ယူနဲ့ သရေကျခဲ့ရတာကြောင့် ဒီပွဲမှာ လက်စတာတို့ နိုင်ပွဲရအောင် ဂရုတစိုက်ကစားပါလိမ့်မယ်။ လက်စတာဟာ တစ်ဦးနဲ့တစ်ဦး ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် အသင်းလိုက်ကစားပုံ ကောင်းသလို တန်ပြန်တိုက်စစ်ကို အကောင်းဆုံး အသုံးချနိုင်တာကြောင့် ခြေသာမန်သာရှိတဲ့ ဆွမ်ဆီးကို တုံ့ပြန်ကစားနိုင်မှာပါ။ လက်စတာကပ်နိုင်မယ်။

### ဆောက်သမ်တန် VS အက်စ်တွန်ဗီလာ


အက်စ်တွန်ဗီလာက အခုအချိန်အထိ ခြေစွမ်းပိုင်းက အားနည်းမှုတွေများနေပါသေးတယ်။ အထူးသဖြင့် ခံစစ်ပိုင်းက ကျစ်လျစ်မှုမရှိပါဘူး။ ဆောက်သမ်တန်က မန်စီးတီးကို ရှုံးနိမ့်ခဲ့ရလို့ နိုင်ပွဲပြန်လည်ရှာဖွေသွားမှာဖြစ်သလို ထိုးဖောက်ကစားပုံလည်းကောင်းပါတယ်။ ဆောက်သမ်တန်ရဲ့အိမ်ကွင်းလည်းဖြစ်လို့ ဆောက်သမ်တန်နိုင်ပွဲရယူသွားမှာပါ။

### ဝက်စ်ဘရွန်း VS စပါး

ဒီရာသီမှာ စပါးရဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိတယ်လို့ ဆိုနိုင်ပါတယ်။ အထူးသဖြင့် ကွင်းလယ်နဲ့ တိုက်စစ်ကစားပုံကောင်းမွန်မှုရှိလို့ ဝက်စ်ဘရွန်းခြေမဆိုးပေမယ့် ခံစစ်ကစားပုံကတော့ တည်ငြိမ်မှုမရှိပါဘူး။ ဝက်စ်ဘရွန်းကွင်းဖြစ်ပေမယ့် ခြေပိုကောင်းတဲ့ စပါးပဲနိုင်ပွဲရမယ်။

## ကလစ်ချ်ကိုကို အနိုင်ယူခဲ့သော်လည်း မိမိ စွမ်းဆောင်ရည်ကို

## ကျေနပ်မှုမရှိဟု ကမ္ဘာ့ ဟဲဗီးဝိတ်ချန်ပီယံသစ် တိုင်ဆန်ဖူရီဖွင့်ဟ



ဗြိတိန်ဟဲဗီးဝိတ်တန်း လက်ဝှေ့သမား တိုင်ဆန်ဖူရီက ပြီးခဲ့သည့် နိုဝင်ဘာလ ၂၈ ရက်တွင် ဂျာမနီနိုင်ငံ ဒုဖ်ဆဲဒေါ့ဖ်မြို့ရှိ Espri Arena ကွင်း၌ ယူကရိန်းဟဲဗီးဝိတ်လက်ဝှေ့သမား ဝလာဒီမာကလစ်ချ်ကိုနှင့် ထိုးသတ်ခဲ့သည့်ပွဲတွင် အနိုင်ရရှိခဲ့သော်လည်း အဆိုပါပွဲ၌ သူ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ စိတ်ပျက်မိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ တိုင်ဆန်ဖူရီသည် ကလစ်ချ်ကို (၃၉နှစ်)နှင့် ၁၂ချီထိုးသတ်ခဲ့သည့်ပွဲတွင် ၁၁၅-၁၁၂၊ ၁၁၅-၁၁၂ နှင့် ၁၁၆-၁၁၁ မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ကလစ်ချ်ကိုထံမှ WBA(Super)၊ IBF၊ WBO နှင့် IBO ဟဲဗီးဝိတ်ချန်ပီယံခါးပတ်များကို လွှဲပြောင်းရယူကာ ကမ္ဘာ့ဟဲဗီးဝိတ် ချန်ပီယံသစ်ဖြစ်လာခဲ့သည်။ တိုင်ဆန်ဖူရီသည် ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံဖြစ်လာသည့် ရှစ်ဦးမြောက် ဗြိတိသျှ လက်ဝှေ့သမားဖြစ်သည်။ တိုင်ဆန်ဖူရီက သတင်းမီဒီယာတစ်ခုနှင့် တွေ့ဆုံရာတွင် "ရိုးရိုးသားသားပြောရရင် ကလစ်ချ်ကိုနဲ့ ထိုးသတ်ခဲ့တဲ့ပွဲမှာ ကျွန်တော့် စွမ်းရည်ရဲ့ ၆၅ ရာခိုင်နှုန်းလောက်ကိုတောင် ပရိသတ်တွေ မြင်တွေ့ခဲ့ရတယ်လို့ မထင်ပါဘူး။ အဲဒီပွဲမှာ ကျွန်တော်ရဲ့ စွမ်းဆောင်နိုင်မှုဟာ ပြီးခဲ့တဲ့ ဆယ်စုနှစ်ကျော်ကာလ တစ်ခုအတွင်း ရှုံးပွဲမရှိခဲ့တဲ့ ကလစ်ချ်ကိုလို လက်ဝှေ့သမားကို အနိုင်ယူဖို့ လုံလောက်ခဲ့တယ်ဆိုပေမယ့် ဒါဟာ ကျွန်တော့်အတွက်တော့ ဆိုးရွားတဲ့ စွမ်းဆောင်နိုင်မှုပဲဖြစ်ပါတယ်။ ဒီစွမ်းဆောင်မှုက ကျွန်တော့်ရဲ့အမြင့်မားဆုံး စွမ်းဆောင်နိုင်မှုမဟုတ်ပါဘူး"ဟု ပြောဆိုသွားခဲ့သည်။

ကမ္ဘာ့ဟဲဗီးဝိတ်လောကအား ဆယ်စုနှစ် တစ်ခုနီးပါးကြာ စိုးမိုးထားနိုင်ခဲ့သူ ဝလာဒီမာကလစ်ချ်ကိုကို တိုင်ဆန်ဖူရီ အနိုင်ယူနိုင်ခဲ့ခြင်းသည် ၁၉၉၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် အမေရိကန်ဟဲဗီးဝိတ်လက်ဝှေ့သမား ဂျိမ်းစ်ဘတ်စတာဒေါက်ကလပ်က မိုက်တိုင်ဆန်ကို အနိုင်ယူနိုင်ခဲ့သည့်ပွဲနောက်ပိုင်း လက်ဝှေ့လောကအတွက် အကြီးကျယ်ဆုံး အံ့အားသင့်စရာပွဲဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ တိုင်ဆန်ဖူရီနှင့် ကလစ်ချ်ကိုတို့ ချုပ်ဆိုခဲ့သည့် စာချုပ်တွင် ကလစ်ချ်ကို ရှုံးနိမ့်ခဲ့ပါက ဆုံးရှုံးခဲ့ရသည့် ချန်ပီယံခါးပတ်များ ပြန်လည်ရယူနိုင်ရေးအတွက် စိတ်မကျေပွဲ ထပ်မံထိုးသတ်ခွင့်ရှိသည်ဆိုသည့်အချက်ကို ထည့်သွင်းချုပ်ဆိုထားသည်ဟုဆိုသည်။

စိတ်မကျေပွဲ ပြန်လည်ထိုးသတ် ဖြစ်ပါကလည်း အဆိုပါပွဲသည် မိမိအတွက် လွယ်ကူသည့်ပွဲဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားကြောင်း တိုင်ဆန်ဖူရီက ဆက်လက်ပြောဆိုခဲ့သည်။

PREMIER LEAGUE

### ပရီမီယာလိဂ်ပွဲစဉ်(၁၅)

| | | | |
|---|---|---|---|
| **စနေနေ့ (၅-၁၂-၁၅)** | | | |
| ည ၇း၁၅ | စတုတ် | - | မန်စီးတီး |
| ည ၉း၃၀ | ဆောက်သမ်တန် | - | အက်စ်တွန်ဗီလာ |
| ည ၉း၃၀ | ဆွမ်ဆီး | - | လက်စတာစီးတီး |
| ည ၉း၃၀ | ဝက်ဖို့ဒ် | - | နော့ဝှစ်ချ် |
| ည ၉း၃၀ | အာဆင်နယ် | - | ဆန်းဒါးလန်း |
| ည ၉း၃၀ | ဝက်စ်ဘရွန်း | - | စပါး |
| ည ၉း၃၀ | မန်ယူ | - | ဝက်စ်ဟမ်း |
| နံနက် ၀၀း၀၀ | ချယ်လ်ဆီး | - | ဘုန်းမောက် |
| **တနင်္ဂနွေနေ့ (၆-၁၂-၁၅)** | | | |
| ည ၁၀း၃၀ | နယူးကာဆယ် | - | လီဗာပူး |
| **တနင်္လာနေ့ (၇-၁၂-၁၅)** | | | |
| နံနက် ၂း၃၀ | အဲဗာတန် | - | ပဲလေ့စ် |

### အဲဗာတန် VS ပဲလေ့စ်

အဲဗာတန်ဟာ ဘုန်းမောက်နဲ့သရေကျခဲ့တာကြောင့် နိုင်ပွဲပြန်ရှာမှာပါ။ အဲဗာတန်ဟာ အိမ်ကွင်းမှာ ခြေပိုကောင်းတတ်သလို ထိုးဖောက်အားလည်း ကောင်းပါတယ်။ ဒါကြောင့် ပဲလေ့စ်ရဲ့ ခြေစွမ်းက ကောင်းနေပေမယ့် အဲဗာတန်ပဲ နိုင်ပွဲရသွားဖို့ ရှိနေပါတယ်။

### စပိန်လီဂါပွဲစဉ်(၁၄)

| | | | |
|---|---|---|---|
| **စနေနေ့ (၅-၁၂-၁၅)** | | | |
| ည ၉း၃၀ | ရီးရဲမက်ဒရစ် | - | ဂီတာဖေး |
| ည ၁၁း၄၅ | ဂရန်နာဒါ | - | အက်သလက်တီကို |
| နံနက် ၂း၀၀ | ဗလင်စီယာ | - | ဘာစီလိုနာ |
| နံနက် ၃း၃၀ | ဒီပို့တီဗို | - | ဆီဗီလာ |
| နံနက် ၃း၃၅ | ဘက်တစ် | - | ဆယ်လ်တာဗီဂို |
| **တနင်္ဂနွေနေ့ (၆-၁၂-၁၅)** | | | |
| ညနေ ၅း၃၀ | ဆိုစီဒက် | - | အီဘာ |
| ည ၉း၃၀ | ဗီလာရီးရဲ | - | ဗယ်လက်ကာနို |
| ည ၁၁း၄၅ | ဂီဂျွန် | - | လက်ပဲလ်မက်စ် |
| နံနက် ၂း၀၀ | ဘီဘာအို | - | မာလာဂါ |
| **တနင်္လာနေ့ (၇-၁၂-၁၅)** | | | |
| နံနက် ၂း၀၀ | အက်စ်ပန်ညို | - | လီဗန်တေး |

### စီးရီးအေပွဲစဉ်(၁၅)

| | | | |
|---|---|---|---|
| **သောကြာနေ့ (၄-၁၂-၁၅)** | | | |
| နံနက် ၂း၁၅ | လာဇီယို | - | ဂျူဗင်တပ်စ် |
| **စနေနေ့ (၅-၁၂-၁၅)** | | | |
| ည ၈း၃၀ | တိုရီနို | - | ရိုးမား |
| နံနက် ၂း၁၅ | အင်တာမီလန် | - | ဂျီနိုအာ |
| **တနင်္ဂနွေနေ့ (၆-၁၂-၁၅)** | | | |
| ည ၆း၀၀ | ဘိုလော့ဂ်နာ | - | နာပိုလီ |
| ည ၈း၃၀ | အတ္တလန္တာ | - | ပါလာမို |
| ည ၈း၃၀ | ဖီအိုရင်တီးနား | - | အူဒီးနိစ် |
| ည ၈း၃၀ | ဖရိုစီနုန်း | - | ချီယေဗို |
| ည ၈း၃၀ | မီလန်နာ | - | အမ်ပိုလီ |
| ည ၁၁း၃၀ | ဆမ်ဒိုးရီးယား | - | ဆက်ဆူအိုလို |
| နံနက် ၂း၁၅ | ကာပီ | - | အေစီမီလန် |